မြန်မာ စာအုပ်များ

# အဖေ့အိမ်

ဦးဘုန်း ၊တောတု၊ မန္တလေး



ဒုတိယအကြိမ်


မြန်မာ စာအုပ်များ

လင်းလွန်းခင် စာပေ
အမှတ် ၄၉၊ ပထမထပ် (ဝဲ)၊ လိပ်ကန်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၂၉၃၄၀၁၊ ၀၉ ၂၂၀ ၁၇၃၀

မြန်မာ စာအုပ်များ

လင်းလွန်းခင်စာပေ၊ စာအုပ် (၄၀)

ဦးဘုန်း၊ခေါတ၊
မန္တလေး



# အဖေ့အိမ်

(ဒုတိယအကြိမ်)

သိန်းလွင်(ကျောက်ပုထိုး)စီစဉ်သည်

မြန်မာ စာအုပ်များ

**စာမူခွင့်ပြုချက်အမှတ်**
၄၀၀၈၆၁၀၆၁၁

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၄၀၁၀၆၉၀၉၁၁

**ထုတ်ဝေသည့်အကြိမ်**
ဒုတိယအကြိမ်၊ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ

**အုပ်ရေ**
၁၀၀၀

**ထုတ်ဝေသူ**
ဦးမျိုးမြင့် (စာနဒီစာပေ)
အမှတ် ၉၃၇၊ ပျဉ်းမမြိုင်လမ်း၊ ၃၄ ရပ်ကွက်၊
ဒဂုံမြို့သစ်မြောက်ပိုင်း။

**ပုံနှိပ်သူ**
ဦးဇော်မြင့်ဝင်း (ကာလာဖုံပုံနှိပ်တိုက်)
အမှတ် (၁၈၄/ဘီ)၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးဒီဇိုင်း**
အံ့ဘွယ်ဇင်

**ကွန်ပျူတာစာစီ**
ကြယ်စင်သစ်

**အတွင်းဖလင်**
ပုံရိပ်ရှင်

**မျက်နှာဖုံးဖလင်**
Eagle

**တန်ဖိုး**
၂၀၀၀ ကျပ်

ဦးဘုန်း(ဓာတု)မန္တလေး ၈၀၈.၈၄

အဖေ့အိမ် / ဦးဘုန်း(ဓာတု) မန္တလေး။ - ရန်ကုန်
စာနဒီစာပေ၊ ၂၀၁၁။

၁၅၃-စာ၊ ၁၂.၅ × ၁၈.၅ စင်တီမီတာ။

(၁) အဖေ့အိမ်

# မာတိကာ


■ ဖေမြင့်၏ အမှာ
■ စာရေးသူ၏ အမှာစကား

၁။ ဆောင်းကာလေးတစ်ထည် ၁
၂။ ကယ်တင်ရှင် ၉
၃။ မီးလွှတ်စာ ၁၇
၄။ ဆီ ၂၅
၅။ [illegible] ၃၃
၆။ ဖိနပ်တစ်ရန် ၄၁
၇။ ပုရွက်ဆိတ် ၄၉
၈။ မှုဒီကော လက်ပဝါးများ ၅၇
၉။ ဆိတ်နှစ်ကောင် ၆၃
၁၀။ ကြယ် ၆၉
၁၁။ ရှင်ကွင်းသယ်စာ ၇၅
၁၂။ ငယ်ချစ်ဦး ၈၃
၁၃။ စတိုင်လ်··· စတား ၉၁
၁၄။ မေတာလှ ၉၉
၁၅။ စာသင်ကျောင်းထဲက··· ၁၀၇
၁၆။ လေလှ ၁၁၅
၁၇။ သူငယ်ပြန်သူ ၁၂၃
၁၈။ တော်မှ··· တော် ၁၃၁
၁၉။ ငရုတ်သီး ၁၃၇
၂၀။ အမေ့အိမ် ၁၄၃

# ပေမြင့်၏ အမှာ

ဦးဘုန်း (ဓာတု)မန္တလေး၏ စာအုပ်များကို စာအုပ်ဆိုင်များမှာ မြင်ဖူး တွေ့ဖူး လှန်လှောဖူးသည်။ သို့သော် သေသေချာချာ မဖတ်ဖူးခဲ့။ အတွေးရသ စာတွေ စူးစူးစိုက်စိုက် ရေးနေသူတစ်ဦးပဲဟူ၍သာ သူ့ကို မှတ်သားမိခဲ့သည်။

တစ်လောကတော့ မန္တလေးမှ ကိုဇော်ခိုင်ဦး ရောက်လာကာ ဆရာဦးဘုန်းက သူ့စာအုပ်အတွက် အမှာစာ ရေးပေးဖို့ မေတ္တာရပ်ခံကြောင်း ပြောဆိုကာ ယခင် ထွက်ပြီး စာအုပ်များနှင့် ယခု 'အဖေ့အိမ်'စာမူ မိတ္တူကို ပေးပါသည်။

ဖတ်ကြည့်သည့်အခါမှာတော့...

'အတွေးလက်ဆောင်'စာတန်းထိုးထားသည့်အတိုင်း သူ့အတွေးစများကို ပုံပြင် ဇာတ်လမ်းတိုများ၊ ကိုယ်တွေ့ဘဝပုံရိပ်များနှင့် သပ်ရပ်စွာ ထုပ်ပိုး တင်ဆက် ပေးထားတာ တွေ့ရသည်။

ဦးဘုန်းက ဘဝပတ်ဝန်းကျင်ကို စူးရှသောအမြင်နှင့် ကြည့်ကာ အသက် အရွယ်ရော၊ အတွေ့အကြုံပါ ပြည့်ဝသူတစ်ဦး၏ နှိုင်းချိန် စဉ်းစားစိတ်၊ အသင့် အတင့် နှလုံးသွင်းစိတ်၊ သတိသံဝေဂယူစိတ်များနှင့် သုံးသပ်ပြီး သင်ခန်းစာတွေ ထုတ်ယူပြသည်။

စာအုပ်အဖွင့်မှာပါသည့် 'စောင်ကလေးတစ်ထည်'နှင့် နောက်ဆုံးက ဖော်ပြ ထားသည့် 'အဖေ့အိမ်'တို့ကို ဖတ်ရှုလျှင် ဘဝနှင့်စပ်လျဉ်းသည့် ဦးဘုန်း၏ ခံစားမှုနှင့်ယှဉ်သော အမြင်ကို ရိပ်စားမိနိုင်သည်။ 'အင်္ဂါဖြူဖြူ'မှာတော့ ဦးဘုန်း ၏ ရေးသားချက်သည် အခြားစာပုဒ်အချို့မှ ဖြူစင်သော အတွေးအမြင် အမူ အကျင့်များနှင့် ကွဲလွဲသလို မြင်မိသည်။

ခြုံပြောလျှင်မူ သူ၏ အတွေးရသ စာများထဲမှာ အဓိက လွှမ်းခြုံနေသည်က 'စောင်ကလေး' ရသစာထဲမှာ သူပြောခဲ့သည့် ကြင်နာခြင်း၊ နွေးထွေးခြင်း၊ စာနာခြင်း၊ ညှာတာခြင်း၊ နားလည်ခြင်းနှင့် မေတ္တာစိတ်များ ဖြစ်သည်။ အဲဒါ တွေဖြင့်သာ လူ့ဘဝသည် ကျေနပ်စရာ ဖြစ်ရသည်ဟု သူခံယူကြောင်း ကျွန်တော် ကောက်ချက်ချမိသည်။

■

ဦးဘုန်း (ဓာတု) မန္တလေး ပေးသည့် အတွေးလက်ဆောင်များထဲမှာ စာဖတ်သူအတွက် သဘောကြိုက်ညီစရာ၊ အသိအမြင်လင်းကာ နှစ်သက် ကျေနပ် မိစရာတွေပါသည်။ သည့်အပြင် စာဖတ်သူတို့ ဆက်လက်စဉ်းစား၊ အတွေး ပွားစရာတွေလည်း ပါပါသည်။

ဦးဘုန်းထံမှ ပို၍ ပို၍ ရသမြောက်သော အတွေးအမြင် စူးရှသည့်စာများ ဆက်လက် ထွက်ပေါ်လာလိမ့်ဦးမည်ဟု မျှော်လင့်မိပါသည်။

ပေမြင့်
၁၅-၇-၂၀၁၀

## စာရေးသူ၏ အမှာစကား

ဒီစာအုပ်သည် (၅)အုပ်မြောက် ဖြစ်ပါသည်။

ဒီနေ့ လူတော်တော်များများသည် စာဖတ်ဖို့ အချိန် မရှိကြပါ။

စာဖတ်ဖို့လည်း အချိန် မပေးနိုင်ကြပါ။

အချိန်ကို ငွေဖြင့် ညီမျှခြင်းချပြီး လောဘနှင့် ရှင်သန်နေကြရသောသူများ ဖြစ်သောကြောင့် စာဖတ်မလား၊ ငွေယူမလား ဆိုလျှင် ငွေကိုသာ ယူကြမည့်သူက များပါသည်။ လူ၏ အသိဉာဏ်သည် လူ၏ဘဝ ဖြစ်သည်။ သို့သော် ငွေသည်သာ လူ၏ဘဝ ဖြစ်သည်ဟုခံယူသော ယနေ့ခေတ် အခြေအနေတွင် စာအုပ်တစ်အုပ် ဖြစ်ရန် ကြိုးစားရသည်မှာ မလွယ်ပါ။

စိတ်ကောင်းရှိဖို့ စာဖတ်ရပါသည်။

လောကဓံကို ခံနိုင်ရည်ရှိဖို့ စာဖတ်ရပါသည်။

စိတ်ဖိစီးမှု သက်သာဖို့ စာဖတ်ရပါသည်။

ကိုယ်ချင်းစာစိတ် ဖြစ်လာဖို့ စာဖတ်ရပါသည်။

စာမဖတ်သူသည် စိတ်အာဟာရ ချို့တဲ့သူ ဖြစ်စေနိုင်သည်။

စာမဖတ်သူသည် မျက်လုံးများရှိလျက် ကန်းနေသူသာ ဖြစ်ပါသည်။

စာမဖတ်သူသည် ဦးနှောက်များရှိလျက် အသိဉာဏ်မဲ့နေသူသာ ဖြစ်ပါသည်။

စာမဖတ်သူသည် နှလုံးသားများရှိလျက် ခံစားချက် မဲ့နေသူသာ ဖြစ်ပါသည်။

ဒါကြောင့်...

စာဖတ်စေချင်ပါသည်။ စာဖတ်စေချင်သောကြောင့် ဖတ်နိုင်လောက်သည့် စာလုံး အရေအတွက်၊ ပေးနိုင်လောက်သည့် အချိန်အကန့်အသတ်၊ စိတ်ရှည်နိုင်လောက်သည့် စာမျက်နှာ အနေအထားမျှကိုသာရေးဖို့ ကျွန်တော် ဆုံးဖြတ်ပါသည်။

ယခုစာများသည် မန္တလေးမြို့ထုတ် ဂျာနယ်များ၊ သတင်းစာများတွင် ဖော်ပြပြီးသော စာများသာ ဖြစ်ပါသည်။

ကျွန်တော့်စာများကို ဖတ်ပြီး လူငယ်များက ဒီလို ပြောကြသည်။

*"ဆရာ့ရဲ့စာတွေက မတိုမရှည်နဲ့ဆိုတော့ ဖတ်ရတာ မငြီးငွေ့ဘူးဆရာ။ ဖတ်ရတာ အဆင်ပြေတယ်။ ဖတ်ပြီးရင် ရင်ထဲမှာ တစ်ခုခု ခံစားရတယ် ဆရာ"*

ငယ်သူငယ်ချင်း အိမ်ထောင်ရှင် အမျိုးသမီးများက ပြောသည်။

*"နင့်စာတွေက ထမင်းချက်ရင်းနဲ့လည်း ဖတ်လို့ရတယ်။ အိမ်မှုကိစ္စလုပ်ရင်းနဲ့လည်း ဖတ်လို့ရတယ်။ ဒီပုံစံသာ ရေးဟာ။ စာအုပ်ကို ဒီထက်လည်း မထူစေနဲ့။ စာအုပ်ထူထူကြီးဆိုရင် ဖတ်ချင်စိတ်က နည်းသွားတယ်ဟ။ နင့်စာအုပ်ကို ငါလည်း ဖတ်တယ်။ ငါ့အမျိုးသားလည်း ဖတ်ဖြစ်တယ်။ အိမ်က ကလေးတွေလည်း ဖတ်ဖြစ်တယ်။ ဒီတော့ နင် စာဆက်ရေးပါဟာ"*

လုပ်ဖော်ကိုင်ဖက် ကျောင်းဆရာတချို့က ပြောကြသည်။

*"မောင်ဘုန်း၊ စာအုပ်ထဲက စာတွေကို စာပြန်လုပ်ထားတဲ့ စာတွေကတော့ ရင်ထဲ မရောက်ဘူးကွ။ မင်းစာတွေက လူတွေထဲက ထွက်လာတဲ့ စာတွေမို့လို့ ဖတ်ရတာ အရသာရှိတယ်။ ဖတ်ပြီး တွေးရတာ ပျော်စရာကောင်းတယ်။ ပြီးတော့ စာသင်ခန်းထဲမှာ ကျောင်းသားတွေကိုလည်း ဆုံးမလို့ရတယ်။ ပြောပြလို့ရတယ်။ လူတွေအတွက် အသုံးကျတယ်ကွ"*

ရဟန်းသံဃာတော်များက ဒီလို ဆိုကြပြန်သည်။

*"ဒကာကြီးရဲ့ စာတွေက ဘုန်းကြီးတို့ တရားပွဲမှာ ထည့်ပြီး ဟောလို့ ပြောလို့ ရတယ်။ ကြိုက်တယ်။ ကောင်းတယ်။ တရားသဘောတွေ ပြည့်နှက်နေတယ်။ မလေးပင်ဘူး။ အကိုးအကား မပါတာကိုက သဘောကျစရာ ကောင်းတယ်"*

ဘာပဲဖြစ်ဖြစ် စာဖတ်သူများက ကြိုက်နှစ်သက်တယ်လို့ ပြောကြတာကြောင့် ရေးရကျိုးနပ်သည်ဟု ခံစားမိပါသည်။

စာရေးဖော်ရေးဖက်များကလည်း ကျွန်တော်၏စာများကို ဝေဖန်ကြပါသည်။

*"ခင်ဗျားရဲ့ စာတွေက ဘယ်အမျိုးအစားထဲကို ထည့်ရမှန်း မသိဘူး။ ရသလည်း ပါတယ်။ အတွေးလည်း ပါတယ်။ အက်ဆေးလိုလို၊ ဝတ္ထုလိုလိုနဲ့ ဆိုတော့ ပြောရခက်တယ်။ ဒါပေမဲ့ ခင်ဗျားရဲ့ အရေးအသား အတွေးတွေဟာ ရိုးသားတယ်၊ ရဲရင့်တယ်၊ ထိရှတယ်။ ဒါကြောင့် ခင်ဗျားစာကို လူတွေက ကြိုက်ကြတာပဲ ဖြစ်မယ်။ ကျုပ်တို့လည်း ကြိုက်တယ်"*

လူညံ့မဖြစ်ဖို့ စာဖတ်စေချင်ပါသည်။

လူတော်လူကောင်းဖြစ်ဖို့ စာဖတ်စေချင်ပါသည်။

လောကတိုက်ပွဲ မကျရှုံးဖို့ စာဖတ်စေချင်ပါသည်။


ယခု 'အဖေ့အိမ်' ဟု ဆိုအပ်သော ဤစာအုပ်ကို စာဖတ်သူတို့၏ လက်ဝယ်သို့ ပို့လွှတ်လိုက်ပါပြီ။

ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝကြပါစေ။

ဦးဘုန်း၊ဓာတု၊
မန္တလေး

■

မြန်မာ စာအုပ်များ



မြန်မာ စာအုပ်များ

အခုတော့… တစ်ယောက်ကို
စောင်တစ်ထည်စီနဲ့
ဒီဇင်ဘာရဲ့ဆောင်းညများမှာ
သူနဲ့ကျွန်တော်
'စိတ်ချင်းဝေး' နေကြတယ်။
တကယ်တော့…
ပြည့်စုံမှုမှာလည်း
အထီးကျန်မှုတွေ ရှိနေပါလား။
အောင်မြင်မှုမှာလည်း
ကျရှုံးမှုတွေနဲ့ပါလား။
ပိုင်ဆိုင်မှုမှာလည်း
လိုအပ်ချက်တွေနဲ့ပါလား။

## စောင်ကလေး တစ်ထည်

ဒီနှစ် ဆောင်းတွင်းက တော်တော်အေးတယ်။ မနက် မနက်ဆိုရင် ဆိုင်ကယ် စီးရတာ အရမ်းအေးတာပဲ။ ည (၈)နာရီလောက်ဆိုရင် အအေးဓာတ်က ဝင်လာပြီ။ ညအိပ်ရင်လည်း ထူထူထဲထဲလေးဝတ်ပြီး 'စောင်' သေချာခြုံအိပ်ရတယ်။ အပြင်မှာ လည်း နှင်းတွေ ကျနေတယ်။ တရုတ်အနွေးထည်ထူထူနဲ့ ဘောင်းဘီပွပွကို ဝတ်ပြီး အိပ်ရာ ဝင်ရတယ်။

ဒီလိုနဲ့ ဆောင်းတစ်ည တစ်ရေးနိုးမှာ ကျွန်တော့်ရဲ့ နံဘေး အိပ်မောကျနေတဲ့ 'ချစ်ဇနီး'ကို ကြည့်မိတယ်။ သူက တရုတ်စောင်ကြီးကို ခြုံ၊ ခေါင်းစွပ်တွေ၊ ခြေ အိတ်တွေနဲ့ အိပ်မောကျနေလိုက်တာ။ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေလိုက် တာ။ ဝတ်ထားတဲ့ အဝတ်အစားတွေကလည်း ထူထူထဲထဲ လုံလုံခြုံခြုံနဲ့။ ကျွန်တော့်ကို ကျောပေးပြီး ဒူးကလေးကိုကွေးလို့ အိပ်နေလိုက်တာများ။ ဒီနေရာမှာ ကျွန်တော့် စိတ်တွေဟာ ဟိုး… လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀)ကျော်ဆီကို ရောက်သွား မိတယ်။

■

သူနဲ့ ကျွန်တော် ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ (၂၆)ရက်နေ့မှာ မင်္ဂလာ ဆောင်ကြတယ်။ နိုဝင်ဘာပြီးတော့ ဒီဇင်ဘာ…။

ဆောင်းညများကို ဖြတ်သန်းခဲ့ရတဲ့ မင်္ဂလာဦး အချိန်ပေါ့။ အဲဒီတုန်းက

မြန်မာ စာအုပ်များ



ကျွန်တော့်ဘဝမှာ ဘာကိုမှ မပိုင်ဆိုင်သေးတဲ့ ကာလပါ။ ကျွန်တော် ပိုင်ဆိုင်တဲ့ မင်္ဂလာဦးပစ္စည်း များများစားစား မရှိပါ။ ကျွန်းခုတင်လေး တစ်လုံးရယ်၊ ခေါင်းအုံးလေး တစ်ခုရယ်၊ ဘုတလင်စောင်ကလေး တစ်ထည်ရယ်၊ သင်ဖြူး အစုတ်ကလေး တစ်ချပ်ရယ်၊ ပိတ်ခြင်ထောင်ကလေး တစ်လုံးရယ်နဲ့ မင်္ဂလာဦး ကာလတွေကို ရင်ခုန်လှိုက်မောခဲ့ရတယ်။ သေတ္တာအစုတ်ကလေး တစ်လုံးရယ်၊ ချိန်းခဏခဏ ကျတတ်တဲ့ စက်ဘီးကလေး တစ်စီးရယ်၊ အင်္ကျီအဖြူလေး နှစ်ထည်၊ ခပ်နွမ်းနွမ်း ကချင်ပုဆိုးလေး နှစ်ထည်ရယ်၊ နောက်ပြီးတော့ ကျွန်တော် ချစ်တဲ့၊ ကျွန်တော် ကိုယ်တိုင် ရအောင်ယူထားတဲ့ မိန်းမတစ်ယောက်ရယ်… ဒါတွေဟာ ကျွန်တော့်ဘဝရဲ့ ပထမဆုံး မင်္ဂလာဦးပစ္စည်းတွေပါ။

ဒီဇင်ဘာ ဆောင်းကလည်း ချမ်းလိုက်တာ။ ညညအိပ်ရင် ခေါင်းအုံးကလေး တစ်ခုကို အတူတူအုံးပြီး 'ဘုတလင်စောင်' ကို နှစ်ယောက်အတူ ခြုံခဲ့ကြတယ်။ သိပ်အေးလို့ ကျွန်တော်က ကွေးလိုက်ရင် သူများ စောင်လွတ်သွားလေမလားဆိုတဲ့ ညှာတာစိတ်နဲ့ ဘယ်လောက်ချမ်းချမ်း ကွေးပြီး မအိပ်ခဲ့ဘူး။ သူကလည်း… ဒီလိုပါပဲ။ ဒီ 'စောင်ကလေး' တစ်ထည်ကို လုပြီး မခြုံရက်ဘူး။ သူ့ရဲ့ ကိုယ်ငွေ့ နွေးနွေးလေးရယ်၊ ကျွန်တော့်ရဲ့ ကိုယ်ငွေ့နွေးနွေးရယ် အသားချင်းထိလို့ ဆောင်းညတွေကို ကျော်ဖြတ်ခဲ့ရတယ်။ သူ့ရဲ့ နွေးနွေးအိအိ ခန္ဓာကိုယ်လေးကို ဖက်ပြီး အိပ်စက်ခဲ့ရတယ်။ ဘယ်လောက်ပဲအေးအေး စောင်တစ်ထည်ရဲ့ အောက်မှာ ပုဆိုးအစုတ်ကလေးကို ဝတ်ထားတဲ့ ကျွန်တော်နဲ့ ထဘီခပ်နွမ်းနွမ်းကို ဝတ်ထားတဲ့သူနဲ့ နွေးထွေးမှုကို နှလုံးသားနဲ့ မြင်အောင်ကြည့်ပြီး ရှာခဲ့ကြတယ်။ ရခဲ့ကြတယ်။ ကျေးဇူးတင်စရာကောင်းတဲ့ ဆောင်းညများကို ရင်ထဲမှာ မှတ်မှတ် ထင်ထင် ရှိနေမိတယ်။ 'စောင်ကလေး' တစ်ထည်ရဲ့ အောက်မှာ ညှာတာခြင်းတွေ၊ မေတ္တာတရားတွေ၊ ကိုယ်ချင်းစာခြင်းတွေ၊ စာနာစိတ်တွေ ဖြစ်ပေါ်နေခဲ့တယ်။ ညတစ်ရေးနိုးရင်လည်း သူများ 'စောင်' လွတ်နေမလားလို့ ချစ်တဲ့စိတ်နဲ့ သတိတရ ကြည့်မိတယ်။ သူလည်း ကျွန်တော့်လိုပဲ နေမှာပါ။

အေးမြတဲ့ ဆောင်းညတွေမှာ ဒီ 'စောင်ကလေးတစ်ထည်' ကြောင့် သူနဲ့ ကျွန်တော့်ကြားမှာ နားလည်မှုတွေ ရခဲ့ကြတယ်။ မပြည့်စုံသေးတဲ့ ကာလမို့လို့ အခက်ခဲတွေတိုင်း စိတ်ဝမ်းမကွဲဘဲ ပျော်ရွှင်စွာ ဖြေရှင်းခဲ့ကြတယ်။ စောင်ကလေး တစ်ထည်အောက်မှာ ရင်ခုန်ခြင်းတွေ၊ ကြည်နူးခြင်းတွေ၊ ကြင်နာခြင်းတွေနဲ့

မြန်မာ စာအုပ်များ



မျှော်လင့်ချက်တွေကို အတူတူ အိပ်မက်,မက်ခဲ့ကြတယ်။ သူ့ရဲ့အိပ်မက်ဟာ ကျွန်တော့်ရဲ့ အိပ်မက်ပါပဲ။ ဒီလိုပါပဲ။ ကျွန်တော့်ရဲ့ အိပ်မက်ဟာလည်း သူ့ရဲ့ အိပ်မက် ဖြစ်ခဲ့ပါတယ်။ ခေါင်းအုံးတစ်ခုပေါ်မှာ အတူတူ ခေါင်းချပြီး အိပ်စက်ခဲ့ကြရတာဆိုတော့ မျှော်လင့်ချက်တွေလည်း တူခဲ့ကြတယ်။

ထမင်းစားရင်လည်း စားပွဲခုံ အဝိုင်းသေးသေးလေးနဲ့အတူ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လို့ စားခဲ့ကြတယ်။ ဘဲဥတစ်လုံးကို ခရမ်းချဉ်သီးနဲ့ ချက်ပြီး တစ်ယောက်တစ်ခြမ်း အတူတူ စားခဲ့ကြတုန်းက ပျော်စရာကောင်းလိုက်တာ။ ခရမ်းချဉ်သီးအနှစ်ကို သူ့ပန်းကန်၊ ကိုယ့်ပန်းကန် အပြန်အလှန်ထည့်ပေးလို့ ကြည်နူးခဲ့ရတယ်။ စက်ဘီးအစုတ်ကလေးရဲ့ ကယ်ရီယာပေါ်မှာ သူက ထိုင်၊ ကျွန်တော့် ခါးကိုဖက်၊ ရင်ခုန်စရာ ကောင်းလိုက်တာ။ မပြည့်စုံခြင်းမှာလည်း ကြည်နူးစရာတွေ၊ ပျော်ရွှင်စရာတွေရှိမှန်း အခုမှ တွေးမိတယ်။ မန္တလေးသူ၊ မန္တလေးသားပီပီ ညနေစာကို လက်ဖက်သုပ်နဲ့ အတူစားခဲ့ကြတာ တွေးကြည့်ရင် လွမ်းမောစရာပါ။

အခုတော့…

ပြည့်စုံတဲ့ ဘဝတစ်ခုကို ပိုင်ဆိုင်နေပြီ။ သူကလည်း သူ့စောင် သူခြုံလို့၊ ကျွန်တော်ကလည်း ကျွန်တော့်စောင် ကျွန်တော်ခြုံလို့။ သူကလည်း သူ့ခေါင်းအုံးနဲ့သူ၊ ကျွန်တော်ကလည်း ကျွန်တော့်ခေါင်းအုံးနဲ့ ကျွန်တော်။ သူကလည်း တရုတ်ဘောင်းဘီ အထူကြီးနဲ့။ ကျွန်တော်ကလည်း သူ့လိုပါပဲ။ 'ခြောက်ပေ' ပတ်လည် ခုတင်တစ်ခုပေါ်မှာ အတူအိပ်ပြီး အနေဝေးနေကြတယ်။ သူနဲ့ ကျွန်တော့်ကြားမှာ ကိုယ်ရနံ့ သင်းသင်းတွေ၊ ရင်ငွေ့ နွေးနွေးတွေ၊ တိုးတိုးညင်းညင်း ရင်ခုန်သံတွေ မကြားရတာ အတော်ကြာခဲ့ပေါ့။ အိပ်မောကျနေတဲ့ သူ့ရဲ့မျက်နှာပေါ်မှာ ကျွန်တော့်ကို ညှာတာစရာ၊ စာနာစရာ မလိုတော့ဘူးဆိုတဲ့ အသိကြောင့် ခက်ခက်ထန်ထန် အိပ်နေသလားလို့တောင် ထင်နေမိတယ်။ ဟုတ်ပါတယ်။ နားလည်မှုပေးစရာ မလိုတော့ဘူးကိုး။

ကျွန်တော်ကလည်း အလုပ်ရှုပ်၊ သူကလည်း အလုပ်ရှုပ်၊ ထမင်းလက်ဆုံ မစားရတာကြာပါပြီ။

တကယ်လို့ ထမင်းဝိုင်းမှာ ဆုံဖြစ်ကြရင်လည်း အလုပ်အကြောင်း၊ ငွေအကြောင်း၊ အောင်မြင်မှုအကြောင်း၊ ကိုယ့်ထက်သာသူတွေကို သူ့ထက်သာအောင်

မြန်မာ စာအုပ်များ



ဘာလုပ်ရမလဲ ဆိုတဲ့အကြောင်း၊ ဘယ်စတိုးဆိုင်က ပစ္စည်းက ပိုပြီးကောင်းတယ် ဆိုတဲ့အကြောင်း၊ ရွှေဈေးက ဘယ်လို…၊ မြေဈေးအိမ်ဈေးက ဘယ်လို… ဒါတွေပဲ ပြောဖြစ်ကြတယ်။

အောင်မြင်မှုနောက်ကို လိုက်ရင်း၊ ငွေနောက်ကို လိုက်ရင်း၊ သူနဲ့ ကျွန်တော့် အကြားမှာ အိမ်ထောင်ရေးရဲ့ အနှစ်သာရတွေ အဓိပ္ပာယ်မဲ့သွားသလို ခံစားလာ ရတယ်။ ပိုင်ဆိုင်မှုရဲ့နောက်မှာ သူ့ရဲ့အိပ်မက်နဲ့ ကျွန်တော့်ရဲ့အိပ်မက် မတူ ကွဲပြားနေတာကို သတိမပြုမိခဲ့ကြဘူး။ ခုတင်တစ်လုံးပေါ်မှာ အတူတူအိပ်ပြီး ယုံကြည်ချက်တွေ အတူတူ မဖြစ်ကြတော့ဘူး။ ခုတင်တစ်လုံးပေါ်မှာ အတူတူ အိပ်ပြီး အိပ်မက်တွေ မတူတော့တဲ့ဘဝကို ရောက်မှန်းမသိ ရောက်လာခဲ့ကြရ တယ်။

မပြည့်စုံတဲ့ အချိန်တုန်းက အဝတ်တွေကို သူက လျှော်တယ်။ ကျွန်တော်က မီးပူတိုက်တယ်။ ထမင်းစားပြီးရင် သူက ပန်းကန်ဆေးတယ်။ ကျွန်တော်က စားပွဲခုံ သိမ်းတယ်။ သူက တံမြက်စည်း လှဲတယ်။ ကျွန်တော်က အမှိုက်သိမ်း တယ်။ ပျော်စရာကောင်းလိုက်တာ။ အခုတော့ ဒီအလုပ်တွေကို အိမ်ဖော်တွေက လုပ်ကြတယ်။

မပြည့်စုံသေးတဲ့ အချိန်တုန်းက စက်ဘီးတစ်စီးပေါ်မှာ ကျွန်တော်က နင်း တယ်။ သူက တွန်းတယ်။ ကုန်းအတက်တွေတွေ့ရင် ကျွန်တော့်ကို အမောပြေ အောင် သူက သီချင်းဆိုပြတယ်။ ကျွန်တော်ကလည်း သူနဲ့အတူလိုက်ပြီး သီချင်း တွေ အတူဆိုခဲ့တယ်။ ကုန်းအဆင်းကို ရောက်ရင်လည်း ကျွန်တော့်ခါးကို သူက ကျစ်ကျစ်ပါအောင် ဖက်ထားတယ်။ အခုတော့ သူကလည်း သူ့ဆိုင်ကယ်နဲ့သူ၊ ကျွန်တော်ကလည်း ကျွန်တော့်ဆိုင်ကယ်နဲ့ ကျွန်တော်…။ အိမ်ထောင်ရေးရဲ့ အဓိပ္ပာယ်ဆိုတာ ဘာများလဲလို့ မတွေးမိနိုင်လောက်အောင်ကို ငွေနောက်၊ စီးပွားရေးနောက်၊ အောင်မြင်မှုနောက်ကို ကျွန်တော်တို့ လိုက်နေကြတယ်။

သူကတော့ အိပ်နေလိုက်တာ…။ အပြင်မှာက နှင်းတွေကျနေတယ်။ ရင်ခုန် စရာ ဆောင်းညတွေဟာ အခုတော့ အထီးကျန်တဲ့ ဆောင်းညတွေ ဖြစ်နေခဲ့ပြီလေ။

■

မြန်မာ စာအုပ်များ



ငွေကြေးတွေ၊ အောင်မြင်မှုတွေ၊ ပိုင်ဆိုင်မှုတွေဟာ အတိုင်းအတာ တစ်ခုထိတော့ အဓိပ္ပာယ်ရှိပါတယ်။ ဒါပေမဲ့ ဘဝတစ်ခုရဲ့ ပြည့်စုံမှုအစစ် မဟုတ်ပါဘူး။ မိသားစုဘဝဆိုတာ ငွေတွေပုံပေးရုံနဲ့ မပြည့်စုံပါဘူး။ တိုက်ကြီးတွေ၊ ကားကြီးတွေ၊ ခြံဝင်းကြီးတွေနဲ့ အိမ်ထောင်ရေးဘဝကို တည်ဆောက်လို့ မရပါဘူး။ နွေးထွေးမှုတွေ၊ စာနာမှုတွေ၊ မေတ္တာတရားတွေ၊ ညာတာစိတ်တွေနဲ့ တည်ဆောက်ရတယ်ဆိုတာ အခုမှ တွေးမိတယ်။

ကျွန်တော့် စာသင်ခန်းနဲ့ကပ်လျက် လေးထပ်တိုက်ပိုင်ရှင် တရုတ်မကြီး ပြောတဲ့စကားကို ဖောက်သည်ချပါရစေ။

''ဦးဘုန်း... ငေါ် မပျော်ဘူး။ ဟိုတုန်းက ပျော်တယ်။ အခု မပျော်ဘူး။ ဟိုတုန်းက မော်ထဲမှာ ဆင်းဆင်းရဲရဲနေရတာ ပျော်စရာကောင်းတယ်။ ဆင်းရဲတုန်းက ယောကျ်ားတွေဟာ အိမ်ထောင်ရေးအပေါ် သစ္စာရှိတယ်။ ငွေကြေးလည်း ချမ်းသာလာရော သစ္စာမရှိတော့ဘူး။ ငေါ် သားသမီးတွေလည်း အတူတူပဲ။ ငေါ် ဆင်းရဲတုန်းက သူတို့ အရမ်းလိမ္မာကြတယ်။ ငေါ်တို့လည်း ချမ်းသာလာရော သူတို့လည်း မိုက်မဲကုန်ကြတယ်။ ငေါ်ယောကျ်ားဆို ငွေနောက် လိုက်နေတာ။ ခရီးသွားနေတာ။ အခု ငေါ် တိုက်တွေကားတွေ၊ ငွေတွေနဲ့ အထီးကျန်သလို ခံစားရတယ်။ ငွေရှိရင် ပြည့်စုံပြီလို့ ငေါ် ထင်ခဲ့တာ။ ငွေရှိတိုင်း မပြည့်စုံဘူး။ အောင်မြင်မှုရတိုင်း မပြည့်စုံဘူး။ 'စိုင်းထီးဆိုင်'သီချင်း ကြားဖူးလား။ 'ရေဆန်မှာ ချော၊ ရေစုန်မှာ မော' အဲဒီသီချင်း ငေါ် အရမ်းကြိုက်တယ်။ ရေဆန်တုန်းက အတူတူလှော်ခဲ့ကြတယ်။ မောတယ်။ ဒါပေမဲ့ ပျော်တယ်။ ရေစုန်ကိုလည်းကြုံရော သူကလည်း လှော်ချင်ရာလှော်။ ငေါ်ကလည်း လှော်ချင်ရာလှော်နဲ့။ ဘဝကြီးက အဓိပ္ပာယ်မရှိပါဘူး။ ငေါ်ကို တိုက်ကြီးတွေ၊ ကားကြီးတွေနဲ့ နေရလို့ ပျော်တယ်များ ထင်နေသလား။ ငေါ် မပျော်ဘူး။ အရင်တုန်းက ဘဝဟာ ငွေမပြည့်စုံပေမဲ့ ငေါ် ပျော်တယ်''

■

အခုတော့... တစ်ယောက်ကို စောင်တစ်ထည်စီနဲ့ ဒီဇင်ဘာရဲ့ ဆောင်းညများမှာ သူနဲ့ကျွန်တော် 'စိတ်ချင်းဝေး'နေကြတယ်။

တကယ်တော့...

လင်းလွန်းခင်စာပေ

မြန်မာ စာအုပ်များ




ပြည့်စုံမှုမှာလည်း အထီးကျန်မှုတွေ ရှိနေပါလား။ အောင်မြင်မှုမှာလည်း ကျရှုံးမှုတွေနဲ့ပါလား။ ပိုင်ဆိုင်မှုမှာလည်း လိုအပ်ချက်တွေနဲ့ပါလား။

မပြည့်စုံမှုမှာရှိတဲ့ ကြင်နာခြင်း၊ နွေးထွေးခြင်း၊ စာနာခြင်း၊ ညှာတာခြင်း၊ နားလည်ခြင်း၊ မေတ္တာစိတ်တွေကို မြင်အောင်ကြည့်ပြီး ကိုယ့်ဘဝကိုယ် ကျေနပ်ကြရအောင်ဗျာ။

ဒါကြောင့် စောင်ကလေးတစ်ထည်အောက်မှာ တူညီတဲ့ အိပ်မက်တစ်ခုကို ပိုင်ဆိုင်ခွင့်ရခဲ့တဲ့ ဆောင်းညတွေကို ကျွန်တော် လွမ်းနေရင်းနဲ့ အဲဒီနေ့ညက အိပ်မပျော်ခဲ့ပါဘူးဗျာ။

■

မြန်မာ စာအုပ်များ



မြန်မာ စာအုပ်များ

■■■■■■■■■■■■■■■■■■■■■■■

'သူ'ဟာ
လူတွေရဲ့ဘဝကို
မေ့အောင်လည်း ဖန်တီးနိုင်တယ်။
လူတွေရဲ့ဘဝကို
အမျိုးမျိုးဖြစ်အောင်လည်း ဖန်ဆင်းနိုင်တယ်။
သူ့ရဲ့အဆုံးအဖြတ်ကို
ကျွန်တော်တို့အားလုံးရဲ့ဘဝတွေ
လိုက်နာကြရတယ်။
သူ့ကို တရားသူကြီးနဲ့တောင် နှိုင်းယှဉ်ကြတယ်။
'သူ'ဆိုတဲ့
ကယ်တင်ရှင်ဟာ ဘယ်သူလဲ...။

■■■■■■■■■■■■■■■■■■■■■■■

## ကယ်တင်ရှင်

ဘဝမေ့ပြီး ဘဝင်မြင့်နေတဲ့ လူတစ်ယောက်ဟာ သူနဲ့တွေ့ခဲ့ရင်…

ငါမှန်တယ် ငါမှန်တယ်ဆိုပြီး မောဟအလံထူလို့ အတ္တနဲ့ဖွဲ့စည်းထားတဲ့ လူတစ်ယောက်ဟာ သူနဲ့တွေခဲ့ရင်…

ငါကသာ အချောဆုံး၊ ငါကသာအ လှဆုံးဆိုပြီး အလှမာန်တက်နေတဲ့လူ တစ်ယောက်သာ သူနဲ့တွေခဲ့ရင်…

ငါသာ အချမ်းသာဆုံး၊ ငါသာအခမ်းနားဆုံးဆိုပြီး ဘဝမာန်တက်နေတဲ့ လူတစ်ယောက်သာ သူနဲ့တွေ့ခဲ့ရင်…

ငါ့လောက် ကြီးကျယ်မြင့်မြတ်သူ မရှိဘူးဆိုပြီး ဥစ္စာခနမာန်တက်နေတဲ့ လူတစ်ယောက်သာ သူနဲ့တွေ့ခဲ့ရင်…

အရူးအမူးချစ်ပြီး အရူးအမူးဖြစ်နေတဲ့ အချစ်ရူး လူငယ်လေးတစ်ယောက်သာ သူနဲ့တွေ့ခဲ့ရင်…

ဒီပုံပြင်လေးကြောင့် ဘဝတွေ ပြောင်းလဲသွားမှာ သေချာပါတယ်။

ဒီပုံပြင်ကလေးဟာ အချစ်ကို အရူးအမူးဖြစ်တတ်ကြတဲ့ လူငယ်တွေကို ရည်ရွယ်ပါတယ်။

ဆယ်ကျော်သက်ဘဝမှာ အချစ်ကို စူးစမ်းကြတယ်။ အချစ်ကြောင့် ကြည်နူးကြတယ်။ အချစ်ကြောင့် ကြေကွဲရတယ်။ အချစ်ကြောင့် ခွန်အားဖြစ်တယ်။ အချစ်ကြောင့် အောင်မြင်တယ်။ အချစ်ကြောင့် ကျရှုံးတယ်။ အချစ်ဆိုတာဟာ

မြန်မာ စာအုပ်များ



လူငယ်ဘဝမှာ သဘာဝကြောင့် ဖြစ်ပေါ်လာတဲ့ အရွယ်ဆိုင်ရာ စိတ်ခံစားချက် တစ်ခု ဖြစ်တယ်။

ဒါပေမဲ့ ဒီအချစ်ဆိုတာကို အခုပြောမယ့် ပုံပြင်ကလေးက မှန်မှန်ကန်ကန် တွေးခေါ်တတ်ဖို့၊ ရှုမြင်တတ်ဖို့ ဆုံးဖြတ်ပေးပါလိမ့်မယ်။

■

တစ်ခါတုန်းက…

'လောကခံ'လို့ အမည်ရတဲ့ ပင်လယ်ပြင်ထဲမှာ 'ဘဝ' လို့ခေါ်တဲ့ ကျွန်း လေးတစ်ကျွန်း ရှိတယ်။ အဲ့ဒီကျွန်းကလေးကို 'လောကခံ'ဆိုတဲ့ ပင်လယ်က လှိုင်းတွေ ပုတ်လိုက်၊ လေတွေတိုက်လိုက်၊ မုန်တိုင်းတွေ ထန်လိုက်နဲ့… အမြဲ တမ်းပဲ ဖျက်ဆီးနေသတဲ့။

အဲဒီကျွန်းလေးပေါ်မှာရှိတဲ့ လူနာမည်တွေက စိတ်ဝင်စားဖို့ ကောင်းတယ်။ 'မသံယောဇဉ်'၊ 'ကိုကရုဏာ'၊ 'မမုဒိတာ'၊ 'ကိုမေတ္တာ'၊ 'မအချစ်'၊ 'မအမုန်း'၊ 'မအလှမ်း'၊ 'မအဆွေး'၊ 'မ,မနာလို'၊ 'ကိုဝန်တို'၊ 'မစပ်စု'၊ 'ကိုဒေါသ'၊ 'မလောဘ'၊ 'ဒေါ်မာန'၊ 'ဦးမောဟ'၊ 'ဦးအတ္တ'၊ 'ဒေါ်အနတ္တ'၊ 'ကိုစွဲလမ်း'၊ 'မစေတနာ'၊ 'မဝေဒနာ'၊ 'ကိုတဏှာ'၊ 'ဒေါ်အဝိဇ္ဇာ'၊ 'ဦးသင်္ခါရ'၊ 'ကိုအနိစ္စ'၊ 'မဒုက္ခ'၊ 'ကိုသုခ'၊ 'ကိုမျှော်လင့်'၊ 'ကိုတွေဝေ'၊ 'ကိုချင့်ချိန်'၊ 'ကိုအချိန်'… စတဲ့ စတဲ့ နာမည်တွေပေါ့။

အဲဒီရွာလူကြီးရဲ့ နာမည်ကတော့ 'ဦးမောဟ'ဖြစ်တယ်။

ဒီရွာကလေးဟာ မနက်မိုးလင်းတာနဲ့ အလုပ်ခွင် ဝင်ကြတယ်။ ကျေးငှက် သံတွေ၊ တေးသီချင်းသံတွေ၊ အုန်းမောင်းခေါက်သံတွေ၊ ဘုရားဝတ်တက်သံတွေ၊ မေတ္တာပို့သံတွေနဲ့ အလွန်ပဲ သာယာတယ်။ ဘုန်းကြီးတွေက ဆွမ်းခံကြွတယ်။ တကယ့်ကို ပျော်စရာကောင်းတဲ့ ရွာလေးတစ်ရွာပါ။

ဒီရွာကလေးဟာ ပင်လယ်ရေ မျက်နှာပြင်အထက် (၂၀)ပေလောက်မှာသာ ရှိတဲ့ ကျွန်းရွာကလေး ဖြစ်တယ်။ ဒီရေတွေ တက်ရင်လည်း ကုန်းမြင့်ပေါ်ကို ရောက်အောင် ပြေးတက်ရတယ်။ မုန်တိုင်းတွေ လာပြီဆိုရင်လည်း ရင်တထိတ် ထိတ်နဲ့ နေကြရတယ်တဲ့။

ဒီလိုနဲ့… တစ်နေ့မှာ မိုးလေဝသက သတင်းတစ်ပုဒ် ကြေညာတယ်။

မြန်မာ စာအုပ်များ



"မိုးလေဝသ အထူးသတင်း ကြေညာချက်"

"နံနက် (၉)နာရီအချိန် မိုးလေဝသ တိုင်းထွာချက်များအရ ယခုအချိန်မှ (၄၈)နာရီအတွင်း 'လောကဓံ' ပင်လယ်ပြင်ကို ဗဟိုပြု၍ အပူပိုင်းမုန်တိုင်း တိုက်ခတ်ပါလိမ့်မည်။ မုန်တိုင်းတိုက်ခတ်စဉ်တွင် ရေပြင်လေသည် တစ်နာရီလျှင် မိုင် (၆၀)အထိ ရှိနိုင်ပါသည်။ မုန်တိုင်းတိုက်ခတ်စဉ်တွင် ဒီရေများ ပေ (၂၀)အထိ မြင့်တက်နိုင်ပါသည်။ 'လောကဓံ' ပင်လယ်ပြင်အတွင်းရှိ ကျွန်းပေါ်နေသူများ အနေဖြင့် မုန်တိုင်းလွတ်ရာသို့ အချိန်မီ ရွှေ့ပြောင်းနေထိုင်ရန် လိုအပ်ပါသည်"

ဒီအကြောင်းကို ရွာလူကြီး 'ဦးမောဟ'က တစ်ရွာလုံးကို မောင်းခတ်ပြီး ကြေညာလိုက်တယ်။

'ဦးအတ္တ'က ပြောတယ်။

"ဒါမျိုးတွေ ရိုးနေပြီ၊ နှစ်တိုင်း နှစ်တိုင်း၊ မုန်တိုင်းနဲ့ နပန်းလုံးလာတာ ဒီရွာက ရွှေ့စရာလိုဘူး"

'ကိုချင့်ချိန်'က ပြောတယ်။

"ဒီနေ့က လပြည့်ညဆိုတော့ ဒီရေတက်မှာ သေချာတယ်။ ဒီရေအတက်မှာ မုန်တိုင်းကျရင် တို့တစ်ရွာလုံး ပင်လယ်အောက်ကို ရောက်သွားနိုင်တယ်။ ဒါကြောင့် အမြန်ဆုံးရွှေ့မှ ဖြစ်မယ်"

'မသံယောဇဉ်'က ပြောတယ်။

"ကျွန်မကတော့ ဒီရွာမှာမွေးခဲ့တာ။ ဒီရွာကနေ ဘယ်ကိုမှ မရွှေ့ပြောင်းနိုင်ဘူး။ ဒီမှာပဲ ဆက်နေမယ်"

'ဒေါ်မာန'က ပြောတယ်။

"သတင်းပဲအေ၊ ဘာမှကြောက်စရာမလိုဘူး။ ဖြစ်ကာမှဖြစ်ရော တို့ကတော့ ဒီရွာမှာပဲ နေမယ်"

အဲဒီအချိန်မှာ 'မအချစ်'က တွေးနေသတဲ့။

"အင်း… တကယ်လို့များ မုန်တိုင်းကျခဲ့ရင် သူနဲ့ဝေးရတော့မယ်။ မုန်တိုင်း ရယ် မကျပါနဲ့"

'မအမုန်း'က ဒီလိုစဉ်းစားနေသတဲ့။

"ဟိုကောင်မတော့ မုန်တိုင်းကျလာရင် သူ့ချစ်သူနဲ့ဝေးရပြီ ပျော်လိုက်တာ"

'မဒုက္ခ'ကတော့ ဒီလို ညည်းညူသတဲ့။

မြန်မာ စာအုပ်များ



"ငါ့ဘဝနယ် ကံဆိုးလိုက်တာ"

ဒီလိုနဲ့ ညမှောင်ကြီးမည်းမည်းမှာ မုန်တိုင်းကျလာပါတော့တယ်။ မုန်တိုင်းက ထင်တာထက် ပြင်းထန်တယ်။ တစ်ရွာလုံး ကမ္ဘာပျက်သွားတယ်။ "ငိုသံတွေ၊ ပူဆွေးသံတွေ၊ ကယ်ကြပါ"ဆိုတဲ့အသံတွေ ဝက်ဝက်ကွဲအောင် ဆူညံသွားတော့တယ်။ ပင်လယ်ပြင်ထဲမှာ တချို့ကလည်း လှေကို ရအောင်လှော်လို့။ တချို့ကလည်း ရရာပျဉ်ချပ်တွေပေါ်မှာ မှီလို့။ တချို့ကလည်း ရရာဘောကွင်းတွေကို နိစီးလို့ ပင်လယ်ထဲမှာ မျောနေကြတယ်။

"ကယ်ကြပါ၊ ကယ်တော်မူကြပါ"

ဆိုတဲ့ အသံတွေ ပင်လယ်ထဲမှာ လေသံ၊ လှိုင်းသံတွေနဲ့အတူ ဆူညံနေပါတော့တယ်။

'လောကဓံ'ဆိုတဲ့ ပင်လယ်ပြင်ကြီးထဲမှာ 'ဘဝ'ဆိုတဲ့ ကျွန်းကလေးဟာ ပျက်စီးသွားပါတော့တယ်။ မျှော်လင့်ချက်မဲ့နေတဲ့ လူတွေအားလုံးရဲ့ ရင်ထဲမှာ ဒုက္ခကိုယ်စီနဲ့ပေါ့။ သူတို့ကို ဘယ်သူကများ လာပြီးကူညီမလဲ၊ ကယ်ဆယ်မလဲ ဆိုတာကို ရင်ထဲက အရမ်းတောင့်တနေကြပါတော့တယ်။

အဲဒီအချိန်မှာ သူတို့အားလုံးကိုလိုက်ပြီး ကယ်တင်နေတဲ့သူတစ်ယောက် ရှိတယ်။ သူဟာ အားလုံးရဲ့ ကယ်တင်ရှင်ပါပဲ။

အဲဒီကယ်တင်ရှင်ကို ဘယ်သူလို့ ထင်ပါသလဲ…။

■

ကျွန်တော်တို့ရဲ့ ဘဝတွေဟာ ဒီဖြစ်ရပ်နဲ့ အတူတူပါပဲ။ ကျွန်တော်တို့ရဲ့ ဘဝဆိုတာ 'လောကဓံ'ပင်လယ်ထဲက ကျွန်းကလေး တစ်ကျွန်းမျှသာ ဖြစ်တယ်။ ကျွန်တော်တို့ရဲ့ ရင်ထဲမှာတော့ အချစ်တွေ ရှိတယ်။ အမုန်းတွေ ရှိတယ်။ အလွမ်းအဆွေးတွေ ရှိတယ်။ အကြင်နာတွေ ရှိတယ်။ သံယောဇဉ်တွေ ရှိတယ်။ လောဘ၊ ဒေါသ၊ မောဟ ရှိသလို ကရုဏာစိတ်တွေ၊ မုဒိတာစိတ်တွေ၊ မေတ္တာစိတ်တွေလည်း ရှိတယ်။ စေတနာတွေ ရှိသလို၊ အတ္တတွေလည်း ရှိတယ်။ မာနတွေလည်း ရှိတယ်။

ဘဝတစ်ခုမှာ အချစ်နဲ့လည်း ကြုံရတယ်။ အမုန်းနဲ့လည်း ကြုံရတယ်။ မလွမ်းချင်ဘဲလည်း လွမ်းပြနေရတာ ရှိသလို၊ မဆွေးချင်ဘဲလည်း ဆွေးနေရတာ

မြန်မာ စာအုပ်များ



ရှိတယ်။ သံယောဇဉ်ကြောင့် ဖြစ်လာရတဲ့ ဒုက္ခတွေ ရှိသလို၊ သံယောဇဉ်ကြောင့် ဖြစ်လာရတဲ့ မရေရာတဲ့ မျှော်လင့်ချက်တွေလည်း ရှိနေပြန်တယ်။ လောဘနဲ့ အော်ဟစ်နေပေမဲ့ ရင်ထဲမှာတော့ မေတ္တာစိတ်တွေက ကိန်းအောင်းနေပြန်တယ်။ ငိုကြွေးခြင်းနဲ့ ဘဝကို စခဲ့ရသလို ငိုကြွေးခြင်းကိုပဲ တစ်ခါတလေ ကျေနပ်နေမိပြန်တယ်။ အချစ်ကြောင့် ပျော်ခဲ့ရသလို၊ အချစ်ကြောင့် ပျော်ရွှင်ခြင်းတွေ ဆိတ်သုဉ်းခဲ့ရဖူးတယ်။

ဘာပဲဖြစ်ဖြစ်လေ ဘဝဆိုတာ လောကခံပင်လယ်ထဲက ကျွန်းကလေး တစ်ကျွန်းပါပဲ။ တစ်ချိန်ချိန်မှာ မုန်တိုင်းကျမယ်။ တစ်ချိန်ချိန်မှာ ဒီရေတက်မယ်။ တစ်ချိန်ချိန်မှာ လှိုင်းထန်မယ်။ တစ်ချိန်ချိန်မှာ အဲဒီလှိုင်းကလေးတွေကိုပဲ လှတယ်ဆိုပြီး မြတ်နိုးနေမိပြန်တယ်။ ဘဝဆိုတာ ဒီလိုပါပဲလေ။

ဒါပေမဲ့ ကျွန်တော်တို့ရဲ့ဘဝတွေမှာ ကျွန်တော်တို့ရဲ့ စိတ်ကိုဖြည့်ပြီး တွေးနိုင်အောင်၊ ဖြေပြီးတွေးနိုင်အောင် လေ့ကျင့်ပေးတဲ့ ကယ်တင်ရှင်တစ်ယောက် အမြဲတမ်း ရှိနေတယ်။

သူ့ကြောင့် မာနတွေ ပျောက်ကွယ်သွားနိုင်တယ်။ သူ့ကြောင့် အချစ်တွေဟာ အမုန်းတွေ ဖြစ်သွားနိုင်တယ်။ သူ့ကြောင့်ပဲ အမုန်းတွေဟာလည်း အချစ်တွေ ဖြစ်သွားနိုင်တယ်။ သူ့ကြောင့် လောဘတွေ၊ အတ္တတွေ၊ မာနတွေအားလုံးဟာ မေတ္တာတရားတွေ၊ ကရုဏာတရားတွေ၊ မုဒိတာတရားတွေ ဖြစ်ပွားနိုင်သလို၊ သူ့ကြောင့် အရာရာအားလုံးဟာ ပြောင်းလဲသွားနိုင်ပါတယ်။

တကယ်တော့...

'သူ'ဟာ ကျွန်တော်တို့ အားလုံးရဲ့ ခံယူချက်တွေ၊ ခံစားချက်တွေ၊ အမြင်တွေကို ပြောင်းလဲသွားအောင် ဖန်တီးနိုင်တဲ့ 'နတ်တစ်ပါး'ဖြစ်တယ်။

'သူ'ဟာ လူတွေရဲ့ ဘဝကို မေ့အောင်လည်း ဖန်တီးနိုင်တယ်။ လူတွေရဲ့ ဘဝကို အမျိုးမျိုးဖြစ်အောင်လည်း ဖန်ဆင်းနိုင်တယ်။

သူ့ရဲ့အဆုံးအဖြတ်ကို ကျွန်တော်တို့အားလုံးရဲ့ဘဝတွေ လိုက်နာကြရတယ်။ သူ့ကို တရားသူကြီးနဲ့တောင် နှိုင်းယှဉ်ကြတယ်။

'သူ'ဆိုတဲ့ ကယ်တင်ရှင်ဟာ ဘယ်သူလဲ...။

■

မြန်မာ စာအုပ်များ



ဘဝမေ့ပြီး ဘဝင်မြင့်နေတဲ့ လူတစ်ယောက်ဟာ သူနဲ့တွေ့ခဲ့ရင်…

ငါမှန်တယ် ငါမှန်တယ် ဆိုပြီး မောဟအလံထူလို့ အတ္တနဲ့ဖွဲ့စည်းထားတဲ့ လူတစ်ယောက်ဟာ သူနဲ့တွေ့ခဲ့ရင်…

ငါကသာ အချောဆုံး၊ ငါကသာ အလှဆုံးဆိုပြီး အလှမာန်တက်နေတဲ့လူ တစ်ယောက်သာ သူနဲ့တွေ့ခဲ့ရင်…

ငါသာ အချမ်းသာဆုံး၊ ငါသာအခမ်းနားဆုံးဆိုပြီး ဘဝမာန်တက်နေတဲ့ လူတစ်ယောက်သာ သူနဲ့တွေ့ခဲ့ရင်…

ငါ့လောက် ကြီးကျယ်မြင့်မြတ်သူ မရှိဘူးဆိုပြီး ဥစ္စာဓန မာန်တက်နေတဲ့ လူတစ်ယောက်သာ သူနဲ့တွေ့ခဲ့ရင်…

အရူးအမူးချစ်ပြီး အရူးအမူးဖြစ်နေတဲ့ အချစ်ရူး လူငယ်လေးတစ်ယောက်သာ သူနဲ့တွေ့ခဲ့ရင်…

■

သူ ဆိုတာ …<br>
ကယ်တင်ရှင်ဆိုတာ…<br>
'အချိန်'ပါပဲဗျာ…။

■

မြန်မာ စာအုပ်များ



မြန်မာ စာအုပ်များ

‘ကျွန်တော့်ရဲ့အသက်မွေးမှုဟာ
‘မီးလွှတ်’ရဲ့လား။
ကျွန်တော်ဟာ
စာသင်တဲ့ ဆရာတစ်ယောက် ဖြစ်ပါတယ်။
ကိုယ့်တပည့်တွေအပေါ် တာဝန်မကျေဘဲ
ရယူထားတဲ့ ငွေကြေးဆိုရင်
‘မီးမလွှတ်’တော့ဘူး။
ရသင့်ရထိုက်တဲ့
ဉာဏ်ပူဇော်ခထက်
ပိုယူထားတယ် ဆိုရင်လည်း
‘မီးမလွှတ်’ဘူး။
မတရားရယူထားတဲ့ ငွေဆိုရင်
‘မီးမလွှတ်’ တော့ဘူး ’

မြန်မာ စာအုပ်များ

## မီးလွတ်စာ

ပြီးခဲ့တဲ့ 'မတ်လ'တုန်းက ကျွန်တော် ရန်ကုန်ကို သွားခဲ့တယ်။ ကျွဲဆည်ကန် ကားကြီးဝင်းမှ 'စည်းစိမ်ရှင်'အဝေးပြေးကားနဲ့ ခရီးထွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ကားက ညနေ (၄း၀၀)နာရီမှာ ထွက်တယ်။ ကားပေါ်မှာ ခရီးသည်တွေ အပြည့် ပါတယ်။ ခရီးကို တစ်ယောက်တည်းသွားတိုင်း ကိုယ့်ဘေးခုံမှာ ဘယ်သူရှိမလဲ ဆိုတာ စိတ်ဝင်စားစရာကောင်းတဲ့ ကိစ္စတစ်ခုပါ။ အရွယ်တူယောကျ်ားသားချင်းဆို စကားပြောဖော်ရတာပေါ့။ ကိုယ့်ဘေးခုံမှာ မိန်းကလေး ခပ်ငယ်ငယ် ခပ်ချောချော ဆိုရင် ခရီးသွားရတာ မလွတ်လပ်တော့ဘူး။ တစ်မျိုးတော့ စိတ်ဝင်စားစရာ ကောင်းတာပေါ့လေ။

ဒီတစ်ခေါက် ခရီးသွားတဲ့အခါ ကျွန်တော့်ရဲ့ ဘေးခုံမှာ အသက် (၆၀)ကျော် ရဟန်းတစ်ပါးဖြစ်နေတာ တွေ့ရတယ်။ ကျွန်တော် အနေအထိုင် ခက်သွားတယ်။ ကျွန်တော့်ဘေးခုံက ရဟန်းတော်ဟာ မျက်လွှာကို ချထားတယ်။ သပိတ်တစ်လုံး ပါတယ်။ ယပ်တောင်တစ်ချောင်း ပါတယ်။ နှစ်ထပ်သင်္ကန်းကို ပခုံးပေါ်မှာ တင်ထားတယ်။ 'ဝိနည်းမိုရ်'တဲ့ ရဟန်းတော်ဖြစ်မယ်လို့ တွေးမိတယ်။

ကျွန်တော်တို့ရဲ့ကားဟာ မိတ္ထီလာမှာ တစ်ခါ နားတယ်။ ညနေစာ စားကြ တယ်။ တောင်ငူအလွန်မှာ တစ်ခါ နားတယ်။ ညလယ်စာ စားကြတယ်။ တောင်ငူ က 'မိုးလင်းဆိုင်'တွေက သားနားပါတယ်။ မီးရောင်တွေက ထိန်လို့။ ကျွန်တော့်

မြန်မာ စာအုပ်များ



ဘေးက ရဟန်းတော်ဟာ တိတ်ဆိတ်ငြိမ်သက်စွာ တရားအမှတ်နဲ့ ကားစီးနေပုံ ရပါတယ်။ ဘယ်သူနဲ့မှ စကားမပြောဘူး။ အလွန်တည်ငြိမ်တယ်။

ဖြစ်ချင်တော့ ကျွန်တော်တို့ စီးလာတဲ့ 'စည်းစိမ်ရှင်' ကားဟာ 'မနက်လင်း အားကြီး' မှာ ကားစက် ပျက်တယ်။ ပဲခူးမြို့အနား ရောက်ခါနီးပါပြီ။ ကားပေါ်မှာ ပါလာတဲ့ စပါယ်ယာ (၂)ယောက် ချွေးတလုံးလုံးနဲ့ စက်ကို နှိုက်နေကြတယ်။ ဒီလိုနဲ့ မနက် (၇)နာရီထိုးအထိ မော်တော်ကားက ပြင်လို့မရပါဘူး။ ခရီးသည် တချို့က 'ဗျစ်တောက်ဗျစ်တောက်' ဖြစ်ကုန်ကြပြီ။ တချို့ခရီးသည်တွေကတော့ ကြုံတဲ့ကားနဲ့ ရန်ကုန်ကို ခရီးဆက်ဖို့ ပြင်ကြတယ်။ ကျွန်တော်ကတော့ သူတို့ လုပ်နေတာတွေကိုကြည့်ပြီး ဘာဆုံးဖြတ်ရမလဲဆိုတာ စဉ်းစားနေတယ်။

မနက် (၇)နာရီဆိုတော့ ဗိုက်က ဆာလာတာနဲ့ အဆင်သင့်ပါလာတဲ့ 'ပဲလမုန့်' အထုပ်ကိုဖြေပြီး စားမယ်လို့ ပြင်တဲ့အချိန်မှာ ကျွန်တော့်ဘေးက ရဟန်းတော်ကို သတိရမိတယ်။ ရဟန်းတော်ဟာ လမ်းဘေးက သစ်ပင်ရိပ်မှာ တည်ငြိမ်စွာ သီတင်းသုံးနေတယ်။ 'ပဲလမုန့်' ကပ်မယ်ဆိုပြီး ရဟန်းတော်ရဲ့ အနားကို ကျွန်တော် သွားလိုက်တယ်။

''အရှင်ဘုရား၊ အရုဏ်ဆွမ်းအတွက် ဒီမုန့်ကို ဘုဉ်းပေးတော်မူပါဘုရား။ တပည့်တော် အရှင်ဘုရားကို ကပ်လှူပါတယ်''

အဲဒီအချိန်မှာ ရဟန်းတော်က သူမှတ်နေတဲ့တရားကို ခဏနားပြီး ကျွန်တော့်ကို မေးခွန်းတွေ မေးပါတယ်။

''ဒကာကြီး၊ အရုဏ်ဆွမ်းအဖြစ် ရည်မှန်းပြီး ဒီမုန့်ကို ကပ်လှူတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဘုန်းကြီးမေးတာကို ဒကာကြီး ဖြေပြီးမှ ဒီမုန့်ကို ဘုန်းကြီးက ဘုဉ်းပေးမယ်''

''မေးတော်မူပါ ဘုရား''

''ဒကာကြီး ကပ်တဲ့ ဒီမုန့်ဟာ 'မီးလွတ်' ရဲ့လား၊ ဘုန်းကြီးဟာ 'မီးလွတ် စာ' ကိုပဲ ဘုဉ်းပေးတယ်''

ကျွန်တော် တွေဝေသွားတယ်။ 'မီးလွတ်စာ' ဆိုတာ ဒီမုန့်ဟာ မီးနဲ့ ဖုတ်ထားတာဖြစ်လို့ မီးမလွတ်ဘူး။ ဒါဆိုရင် အသီးအနှံပဲ ဘုဉ်းပေးတဲ့သဘော ဖြစ်မယ်လို့ တွေးမိတယ်။ ဒီလိုနဲ့ မနီးမဝေးမှာရှိတဲ့ လမ်းဘေးဆိုင်က ငှက်ပျောသီးတစ်ဖီး အပြေး ဝယ်လိုက်ပါတယ်။

မြန်မာ စာအုပ်များ



''အရှင်ဘုရား၊ ဒီငှက်ပျောသီးကို အရဏ်ဆွမ်းအဖြစ် ဘုဉ်းပေးတော်မူပါ ဘုရား''

''ဒကာကြီး ဘုန်းကြီးက 'မီးလွတ်စာ'ကိုပဲ ဘုဉ်းပေးတယ်၊ ဒီငှက်ပျော သီးကရော မီးလွတ်ရဲ့လား''

''မီးလွတ်ပါတယ်ဘုရား''

''ဘာကြောင့် 'မီးလွတ်'တယ်လို့ ပြောတာတုံး''

''ငှက်ပျောသီးဆိုတာ အသီးအနှံဖြစ်တော့ မီးနဲ့ချက်ပြုတ်ထားတာ မဟုတ် တာကြောင့် မီးလွတ်တာပါဘုရား''

''ဒကာကြီး ဘုန်ကြီးပြောတာကို နားမှမလည်ဘဲကိုး 'မီးလွတ်စာ'ဆိုတာ မီးနဲ့ ချက်ပြုတ်ထားတာကို ပြောတာမဟုတ်ဘူး။ ဒကာကြီး ဒီငှက်ပျောသီးကို ဘာနဲ့ဝယ်ခဲ့လဲ''

''ပိုက်ဆံနဲ့ ဝယ်ခဲ့ပါတယ်ဘုရား''

''အဲဒီပိုက်ဆံတွေ ငွေတွေဟာ 'မီးလွတ်'ရဲ့လား''

''တပည့်တော် နားမလည်ပါဘူးဘုရား၊ ရှင်းပြတော်မူပါ''

''ဒကာကြီး ရှာလို့ရတဲ့ ငွေကြေးဥစ္စာတွေဟာ ဝိသမလောဘမီး၊ ဝိသမ ဒေါသမီး၊ ဝိသမမောဟမီးနဲ့ ရှာခဲ့တာဆိုရင် ဒကာကြီး အခုဝယ်လာတဲ့ ငှက်ပျော သီးဟာ 'မီးမလွတ်'ဘူး''

''အရှင်ဘုရား၊ တပည့်တော်ဟာ သာမန် ပုထုဇဉ်ဖြစ်တာကြောင့် လောဘ ရှိပါတယ်ဘုရား။ ဒေါသ၊ မောဟလည်း ရှိပါတယ်ဘုရား။ ဒါဆိုရင် ဒီငှက်ပျော သီးဟာ 'မီးလွတ်စာ'မဟုတ်တော့ဘူးပေါ့ ဘုရား''

''ဒီလိုရှိတယ် ဒကာကြီး၊ ဒကာကြီးတို့ လောကီနယ်မှာ လူတစ်ယောက် ကြီးပွားချမ်းသာဖို့ သမ္မာအာဇီဝကျတဲ့ လောဘ၊ ဒေါသ၊ မောဟ ရှိသင့်တယ် ဆိုတာ ဘုန်းကြီးလက်ခံပါတယ်။ ဒါပေမဲ့ မတရားရှာဖွေလို့ ရတဲ့ငွေ၊ သူများ မျက်ရည်ပေါက်ကြီးငယ်ကျအောင် လုပ်ပြီးမှရတဲ့ငွေ၊ သူများရဲ့ ဒုက္ခတွေကို၊ သူများရဲ့ ချွေးတွေကို၊ သူများရဲ့ လုပ်အားတွေကို မတရားရယူပြီး ကိုယ့်ရဲ့ စည်းစိမ်ဖြစ်အောင် ဖန်တီးထားတဲ့ ဥစ္စာပစ္စည်းတွေဟာ မသန့်ရှင်းဘူး။ နားလည် အောင်ပြောရရင် 'မျှတတဲ့လောဘ'နဲ့ 'မမျှတတဲ့လောဘ'ဆိုပြီး (၂)မျိုးရှိတယ်။ 'မမျှတတဲ့ လောဘ'ဆိုတာ 'ဝိသမလောဘ'ပဲ။ ဝိသမလောဘနဲ့ ရှာလို့ရတဲ့

မြန်မာ စာအုပ်များ



ပစ္စည်းတိုင်းဟာ 'မီးမလွတ်'ဘူး။ အခုဒကာကြီး ဘာနဲ့အသက်မွေးတယ်၊ ဘယ်လို အသက်မွေး တယ်ဆိုတာ ဘုန်းကြီးမသိဘူး။ ဒါပေမဲ့ ဒကာကြီး အသက်မွေးမှုဟာ 'ဝိသမလောဘ'နဲ့ အသက်မွေးတယ်ဆိုရင် ဒကာကြီး အခုကပ်တဲ့ ငှက်ပျောသီး ဟာ 'မီးလွတ်စာ' မဟုတ်တော့ဘူး။ ဝိသမလောဘမီးတွေ လောင်မြိုက်နေတဲ့ အတွက် 'မီးမလွတ်'တဲ့ အစားအစာပဲ ဖြစ်တယ်။ တကယ်လို့ ဒကာကြီးဟာ ဓမ္မနည်းကျတဲ့၊ တရားမျှတတဲ့နည်းနဲ့ ကိုယ့်ဘဝကို အသက်မွေးတယ်ဆိုရင် ဒကာကြီးပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေဟာ 'မီးလွတ်'တယ်။ ဖြစ်သင့်ဖြစ်ထိုက်တဲ့ လောဘ၊ တရားမျှတတဲ့ လောဘနဲ့ရှာတဲ့ ပစ္စည်းဥစ္စာဟာ 'မီးလွတ်'တယ်လို့ ယူရမယ်။ ဒါကြောင့် ဒကာကြီးရဲ့ ငှက်ပျောသီးဟာ 'မီးလွတ်စာ'ဖြစ်ရဲ့လား။ ဒကာကြီးရဲ့ နှုတ်က 'မီးလွတ်စာ' ဖြစ်တယ်လို့ပြောမှ ဘုန်းကြီး ဒီငှက်ပျောသီးကို အရဏ်ဆွမ်းအဖြစ် ရည်မှန်းပြီး ဘုဉ်းပေးမယ်"

ကျွန်တော် တော်တော်ကြီးကို တုန်လှုပ်သွားပါတယ်။ ကျွန်တော့်ရဲ့ အသက် မွေးမှုဟာ 'မီးလွတ်'ရဲ့လား။ ကျွန်တော်ဟာ စာသင်တဲ့ ဆရာတစ်ယောက် ဖြစ်ပါတယ်။ ကိုယ့်တပည့်တွေအပေါ် တာဝန်မကျေဘဲ ရယူထားတဲ့ ငွေကြေး ဆိုရင် 'မီးမလွတ်'တော့ဘူး။ ရသင့်ရထိုက်တဲ့ ဉာဏ်ပူဇော်ခထက် ပိုယူထားတယ် ဆိုရင်လည်း 'မီးမလွတ်'ဘူး။ မတရားရယူထားတဲ့ ငွေဆိုရင် 'မီးမလွတ်' တော့ဘူး။

ကျွန်တော် ငှက်ပျောဖီးကိုကိုင်ရင်း ရဟန်းတော်ကို ကြည်ညိုတဲ့စိတ်နဲ့ ဖူးနေမိပါတော့တယ်။

ရဟန်းတော်က ကျွန်တော့်ကို ဆက်ပြီး ပြောပြန်တယ်။

"ဒီမယ် ဒကာကြီး။ ဒီခေတ် ဒီအခါမှာ လူတွေဟာ အတ္တတွေ အလွန် များနေကြတယ်။ အတ္တပေါ် အခြေခံတဲ့စိတ်ကြောင့် အမှန်အမှား မဆုံးဖြတ် ကြတော့ဘူး။ လူတချို့ဟာဆိုရင် လူတွေရဲ့ မျက်ရည်တွေကို လမ်းခင်းပြီးမှ သူတို့ရဲ့ အောင်မြင်မှုဆီကို သွားနေကြတယ်။ လူတချို့ဟာဆိုရင် လူတွေရဲ့ဘဝ တွေကို စတေးပြီးမှ ကိုယ့်ရဲ့ အိုးအိမ်တွေ၊ နန်းတော်တွေကို တည်ဆောက်နေကြ တယ်။ လူတချို့ဟာဆိုရင်လည်း ကိုယ့်ရဲ့ မျှော်လင့်ချက်တွေ ဖြစ်လာဖို့၊ ကိုယ့်ရဲ့ ပိုင်ဆိုင်မှုတွေ ရရှိဖို့အတွက် ရခဲလှတဲ့ လူတွေရဲ့ဘဝကို၊ အသက်ကို ဖျက်ဆီးနေ ကြတယ်"

မြန်မာ စာအုပ်များ



ရဟန်းတော်က သူ့ရဲ့စကားကို ခဏရပ်လိုက်တယ်။ ကျွန်တော့်ကို အကဲခတ်လိုက်တယ်။ ပြီးမှ ဆက်ပြောတယ်။

‘‘လူ့ဘဝဆိုတာ ရခဲတယ်လို့ ကျုပ်တို့ဘာသာဝင်တွေ လက်ခံထားကြတယ်။ ကိုယ့်ဘဝကျတော့ ရခဲတယ်လို့မြင်ပြီး ကိုယ့်ဘဝ မပျက်ဖို့၊ ကိုယ့်ဘဝကောင်းစားဖို့၊ ကိုယ့်ဘဝအောင်မြင်မှုရဖို့ သူတစ်ပါးဘဝတွေကို ဖျက်ဆီးတာဟာ သဘာဝမကျဘူး။ တွေးကြည့်စမ်းပါ ဒကာကြီးရယ်။ ကိုယ့်ဘဝ ရခဲသလို သူ့ဘဝလည်း ရခဲတယ်လေ။ ကိုယ့်ဘဝ တည်မြဲဖို့ သူများတွေရဲ့ဘဝကို ဖျက်ဆီးတယ်ဆိုတာ ရခဲတယ်ဆိုတဲ့ လူ့ဘဝသဘောကို နားမလည်လို့ပဲ။ ဒကာကြီးလည်း ဒကာကြီးဘဝ တည်မြဲဖို့ လူတွေရဲ့ဘဝကို ဖျက်ဆီးနေသူလား။ ကိုယ့်ဘဝတည်မြဲမှုဟာ သူ့ဘဝ ရှင်သန်မှုနဲ့ ဆက်နွယ်နေတယ်ဆိုတဲ့ အသိတရားနဲ့ ရှင်သန်နေသူလား။ စဉ်းစားကြည့်ပါ။ မတရားတဲ့ လောဘ၊ ဒေါသ၊ မောဟဆိုတာ ရခဲလှတဲ့ လူတွေရဲ့ဘဝကို မီးလောင်တိုက်သွင်းနေခြင်းပဲ။ အဲဒီမီးတွေနဲ့ ရှာထားတဲ့ ဥစ္စာငွေကြေးဟာ မီးမလွှတ်ဘူး။ အောင်မြင်မှုဟာ မီးမလွှတ်ဘူး။ ဘုန်းကြီးပြောတဲ့ ‘မီးလွှတ်စာ’ဆိုတာ ဒကာကြီး သဘောပေါက်မှာပါနော်’’

ကျွန်တော် တော်တော်တုန်လှုပ်သွားတယ်။ ဘုရားသားတော်တွေဖြစ်တဲ့ ရဟန်းတော်တွေဟာ ကျွန်တော်တို့ကို လိမ္မာအောင် ဆုံးမပေးတယ်။ ကျွန်တော်တို့ သတိလက်လွတ်ဖြစ်နေတဲ့ စိတ်တွေကို ဉာဏ်ကြီးတဲ့ စိတ်တွေဖြစ်အောင် ပြောပြပေးတယ်။ ရင်ထဲမှာ အရမ်းကျေးဇူးတင်နေမိတယ်။ ပြီးတော့… ကိုယ့်ရဲ့ဖြတ်သန်းမှု ဘဝတွေကိုလည်း တစ်ထိုင်တည်း စဉ်းစားနေမိတယ်။

‘‘ဒကာကြီး၊ ဘုန်းကြီးကလည်း လာပြီးကပ်လှူတဲ့ စားသောက်ဖွယ်ရာများကို ‘မီးလွှတ်’အောင် ဘုဉ်းပေးတော်မူရတယ်’’

‘‘မီးလွှတ်အောင် ဘုဉ်းပေးတယ်ဆိုတာ ဘယ်လိုအဓိပ္ပာယ်ပါလဲဘုရား’’

‘‘ဒီအစားအစာကို စားပြီး လောကအကျိုးကို သယ်ပိုးမှသာ ‘မီးလွှတ်’အောင် ဘုဉ်းပေးတယ်လို့ အဓိပ္ပာယ်ရတယ်။ ဒကာကြီးတို့ ကပ်လှူတာကို ဘုန်းကြီးတို့က ဘုဉ်းပေးပြီး အတ္တတွေ ထူထောင်နေတယ်ဆိုရင် ဒါဟာ မီးလွှတ်အောင် ဘုဉ်းပေးခြင်း မဟုတ်ဘူး။ လူတွေအပေါ်မှာ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေနဲ့ ဆက်ဆံရင် ဘုန်းကြီးစားတဲ့ အစားအစာဟာ ‘မီးမလွှတ်’ပြန်ဘူး။ ဒီအစားအစာကိုစားပြီး ဝေနေယျသတ္တဝါတွေအပေါ်မှာ မေတ္တာပွားနိုင်မှ၊ မေတ္တာ

မြန်မာ စာအုပ်များ



ထားနိုင်မှ အများဒုက္ခကို ကိုယ့်ဒုက္ခလို့ ခံစားပြီး အများဘဝကို ကယ်တင်မှ 'မီးလွတ်'တဲ့ ဘုဉ်းပေးနည်းလို့ ခေါ်တယ်''

အဲဒီအချိန်မှာ မော်တော်ကား ပြင်ပြီးသွားပြီ။ ကျွန်တော်လည်း ကျွန်တော့်ရဲ့ ရင်ထဲက အတွေ့တွေကို ထင်ထင်ရှားရှား ဆုံးမပေးတဲ့ ရဟန်းတော်ကို ဦးချပြီး ကားပေါ် ပြန်တက်လာခဲ့တယ်။

ကျွန်တော့်လက်ထဲမှာတော့ ငှက်ပျောဖီးကြီးနဲ့ပေါ့။

■

မြန်မာ စာအုပ်များ



'သေချာ'တဲ့ 'သေခြင်း'အတွက်
ဘာမှ မပြင်ဆင်ရသေးတဲ့ ကျွန်တော်ဟာ
'မသေချာ'တဲ့ 'ထီ'အတွက်
လတိုင်းလတိုင်း ပြင်ဆင်နေမိတယ်။
လူတစ်ယောက် သေဆုံးသွားရင်
သေသွားတယ်လို့ပဲ တွေးမိတယ်။
'ငါလည်း သေနိုင်တယ်' လို့အထိ မတွေးမိဘူး။
လူတစ်ယောက် ထီပေါက်ရင်
ထီပေါက်တယ်လို့ဆိုတဲ့
အတွေးမှာတင် ရပ်မနေဘဲ
'ငါလည်း ထီပေါက်နိုင်တယ်'လို့အထိ
တွေးမိတယ်။

# ထီ

"ဟူး… ဒီအပတ်လည်း ထီမပေါက်ပါလား"

ထိုးထားတဲ့ ထီတွေရယ်၊ ထီပေါက်စဉ်ရယ်တိုက်ပြီး ကျွန်တော် ညည်းတွားမိတယ်။ လဆန်းတိုင်း ထီဖွင့်ရက်ဆိုရင် ထီပေါက်လိမ့်မလားလို့ဆိုတဲ့ မျှော်လင့်ချက်နဲ့ ထီတိုက်ခဲ့တာ ဒီအသက် ဒီအရွယ်ထိပါပဲ။ ထီထိုးတိုင်း လိပ်စာပေးခဲ့တယ်။ ဖုန်းနံပါတ် ပေးခဲ့တယ်။ လစဉ် လဆန်း (၁)ရက်၊ (၂)ရက်ဆိုရင် ထီပေါက်ကြောင်း ဘယ်သူများ လာပြောမလဲလို့ အမြဲ ရင်ခုန်မိတယ်။ ထီပေါက်ကြောင်း ဖုန်းများ ဆက်လေမလားလို့ ဖုန်းသံကြားတိုင်း စိတ်လှုပ်ရှားမိတယ်။

မြတ်ခွန်နဲ့ အောင်သန်းဆု ထီဆိုင်ကြီးတွေက သိန်းထောင်ဆုပေါက်တဲ့သူကို အပိုဆုပေးတဲ့ အခမ်းအနားပွဲတွေ တွေ့တိုင်း အားကျမိတယ်။ တစ်နေ့ အဲဒီနေရာမှာ ကိုယ်ဖြစ်ရမယ်ဆိုတဲ့ အသိစိတ် ရင်ထဲမှာ အမြဲရှိနေတယ်။ ရုပ်ရှင်သရုပ်ဆောင်တွေနဲ့တွဲပြီး ဓာတ်ပုံရိုက်လိုက်မယ်ဆိုတဲ့ စိတ်ကူးကလည်း ရှိနေသေးတယ်။

ကျွန်တော် တစ်ခါမှ ထီမပေါက်ဖူးပါ။ ဒါပေမဲ့ ထီပေါက်လိမ့်မယ်လို့ လုံးဝ ယုံကြည်ပါတယ်။ ဒီကနေ့ထိတော့ စိတ်ဓာတ်မကျဘဲ ထီကို ဇွဲရှိရှိနဲ့ ထိုးဆဲပါ။ အတိတ်က ဒါနမျိုးစေ့ ဘယ်လောက်ရှိသလဲ သိချင်လို့ လစဉ် ထီထိုးပါတယ်။ လစဉ်လည်း မျှော်လင့်ပါတယ်။

မြန်မာ စာအုပ်များ



လက်ဖက်ရည်ဆိုင်တွေမှာ ထီရောင်းတဲ့ကလေးတွေ ရှိပါတယ်။ သူတို့ကို တွေ့ရင် ကျွန်တော် ထီအမြဲတမ်း ထိုးတယ်။ အလကားနေရင်းတောင် ဆေးလိပ်သောက်၊ ကွမ်းစား၊ ဘီယာဆိုင်ထိုင်ပြီး ပိုက်ဆံတွေ ကုန်သွားတတ်သေးတာ။ ထီထိုးတယ်ဆိုတာ ထီမဖွင့်မချင်း ငါ ထီပေါက်နိုင်တယ်ဆိုတဲ့ အရသာရှိတဲ့ စိတ်ကလေးနဲ့ နေရထိုင်ရတာ အင်မတန်ကို ကြည်နူးစရာကောင်းတယ်။ ဒါပေမဲ့ ထီမပေါက်ခဲ့ဘူးဆိုရင်လည်း တစ်လအတွင်း ပြန်ပြီးကံစမ်းခွင့် ရှိတယ်။ လစဉ် လဆန်းတိုင်း ရင်ခုန်ရတဲ့အရသာကို ထီထိုးဖူးသူတိုင်း သိကြပါတယ်။

■

ကျွန်တော် ညနေ (၃)နာရီဆိုရင် 'မင်းမဟာ'လက်ဖက်ရည်ဆိုင်မှာ ထိုင်နေကျပါ။ 'လက်ဖက်ရည်မိတ်ဆွေ'တွေ ကျွန်တော့်မှာ ရှိပါတယ်။ စကားပြောဖော် ပြောဖက်တွေပါ။ စာပေ ဆွေးနွေးဖော် ဆွေးနွေးဖက်တွေပါ။ ထီထိုးဖော် ထိုးဖက်တွေပါ။ လက်ဖက်ရည်ဆိုင် ထိုင်တယ်ဆိုတော့ ရောက်တတ်ရာရာတွေ ပြောတတ်ကြပါတယ်။

တစ်ခါတလေလည်း ဘောလုံးပွဲအကြောင်း၊ တစ်ခါတလေလည်း ကမ္ဘာ့သတင်း၊ နိုင်ငံသတင်းအကြောင်း၊ တစ်ခါတလေကျတော့လည်း ရာသီဥတုအကြောင်း၊ သဘာဝပတ်ဝန်းကျင်အကြောင်း ပြောဖြစ်ကြတယ်။ တစ်ခါတလေကျတော့လည်း တရားဓမ္မအကြောင်း၊ တရားစခန်းအကြောင်း၊ ပဋိစ္စသမုပ္ပာဒ်အကြောင်း ပြောဖြစ်ပြန်တယ်။ တစ်ခါတလေကျတော့လည်း ဘီယာဆိုင်က ကောင်မလေးတွေအကြောင်း၊ မြေဈေးအကြောင်း၊ အိမ်ဈေးအကြောင်း ပြောဖြစ်ပြန်တယ်။

လကုန်ခါနီးတိုင်း ပြောဖြစ်တာကတော့ ထီဖွင့်ခါနီးပြီ ဆိုတဲ့အကြောင်း၊ ထီပေါက်ရင် ဘယ်လို ကဲလိုက်မယ်၊ ဘာတွေ ဝယ်လိုက်မယ်၊ ဘယ်တွေ သွားလိုက်မယ်ဆိုတဲ့အကြောင်း ပြောဖြစ်ကြတယ်။

ကျွန်တော်တို့ စကားပြောတဲ့ လကုန်ခါနီးတစ်ရက်မှာ ကျွန်တော့်ရဲ့ မိတ်ဆွေတစ်ယောက်က စကားပြောရင်း 'ခေါင်းမူးတယ်'လို့ ပြောတယ်။ သူ အိမ်ပြန်သွားတယ်။ ကျွန်တော်လည်း (၄)နာရီထိုးတော့ စာသင်ဖို့အတွက် အတန်းတွေရှိတဲ့ ဆီကို သွားခဲ့ရတယ်။ ပထမအချိန် ပြီးခါနီး ညနေ (၅)နာရီလောက်မှာ ကျွန်တော့်

ဆီကို တယ်လီဖုန်း မြည်လာတယ်။ ညနေက ခေါင်းမူးပြီး အိမ်ပြန်သွားတဲ့ ကျွန်တော့်မိတ်ဆွေ သွေးတိုးဖြစ်ပြီး ဆုံးသွားတယ်တဲ့။

ကျွန်တော် အရမ်း အံ့ညြသွားတယ်။ ညနေကမှ ထီပေါက်ရင် ဘာလုပ်မယ်၊ ညာလုပ်မယ်ဆိုပြီး ကျွန်တော်တို့ ပြောခဲ့ကြသေးတာ။ အခု သူက မရှိတော့ဘူးတဲ့။ မြန်လိုက်တာ။ ဒီလိုနဲ့ သူ့အသုဘကို ကျွန်တော် လိုက်ပို့ရတယ်။ အသုဘ လိုက်ပို့ရင်း ကျွန်တော် စဉ်းစားမိတာလေး ပြောပြပါရစေ။

■

မြန်မာနိုင်ငံမှာ လူသန်းပေါင်း (၅၀)ကျော် ရှိတယ်။ တစ်လကို သိန်း (၁၀၀၀)ထီ တစ်ဆုပဲ ဖွင့်တယ်။ လူသန်းပေါင်း (၅၀)ထဲမှာ တစ်ယောက်သာလျှင် ပိုင်ဆိုင်ခွင့်ရှိတဲ့ သိန်း (၁၀၀၀)ဆုကို ကျွန်တော်တို့ အမြဲမျှော်လင့်ကြတယ်။ ဒီလ မပေါက်ရင် နောက်လ ပေါက်လိမ့်မယ်လို့ ကျွန်တော်တို့ အမြဲယုံကြည်တယ်။ ထီမပေါက်သေးဘူး··· ပေါက်ခဲ့ရင် လှူမယ်၊ တန်းမယ်၊ ရွှေဝယ်မယ်၊ မြေဝယ်မယ်၊ ကဲမယ်၊ သုံးမယ်၊ ငွေဆောင် သွားမယ်၊ ချောင်းသာ သွားမယ်၊ မိသားစုနဲ့ ဘုရားဖူး ထွက်မယ်၊ ကားဝယ်မယ်၊ လုပ်ငန်းတစ်ခုခုမှာ ငွေအရင်း ထည့်ပြီး စီးပွားရေး လုပ်ပစ်လိုက်မယ်။ ဒီလိုတွေးပြီး စိတ်ကူးတွေ ယဉ်လိုက်ကြရတာ လစဉ်လတိုင်းပါပဲ။ ကျွန်တော်လည်း သိန်း (၁၀၀၀)ထီ မပေါက်ဖူးဘူး။ ကျွန်တော့်သူငယ်ချင်းတွေထဲမှာလည်း သိန်း (၁၀၀၀)ထီပေါက်တဲ့သူ မကြားဖူးဘူး။

အခု သေသွားတဲ့ ကျွန်တော့်မိတ်ဆွေဟာ သိန်း (၁၀၀၀)ထီ ပေါက်ရင် ဘာလုပ်မယ်၊ ညာလုပ်မယ်ဆိုပြီး အမြဲပြောတတ်တဲ့သူ။ ဒါပေမဲ့ သူ မရှိတော့ဘူး။ မသေချာတဲ့ သိန်း (၁၀၀၀)ထီပေါက်ဖို့ ယုံကြည်မျှော်လင့်နေကြတဲ့ ကျွန်တော်တို့ မေ့နေတာ တစ်ခုရှိတယ်။ လူသန်းပေါင်း (၅၀)ထဲမှာ သိန်း (၁၀၀၀)ထီပေါက်ဖို့ မသေချာဘူး။ တစ်ယောက်တည်းသာ ဖြစ်နိုင်တယ်။ အဲ့ဒီတစ်ယောက်ဟာ ကိုယ်ဖြစ်မယ်လို့ အမြဲ စိတ်ကူးယဉ်ခဲ့ကြတယ်။ လူသန်းပေါင်း (၅၀)ထဲမှာ နေ့စဉ်နေ့စဉ် သေဆုံးနေကြတဲ့ လူတွေကိုမြင်တိုင်း အဲဒီတစ်ယောက်ဟာ ငါဖြစ်နိုင်တယ်လို့ မတွေးခဲ့မိဘူး။ စိတ်မကူးခဲ့ဘူး။

သေဖို့ကတော့ သေချာတယ်။ ထီပေါက်ဖို့က မသေချာဘူး။

ဒါပေမဲ့ ငါ သေမယ်လို့ တစ်ခါမှ မတွေးမိဘူး။ မန္တလေးမြို့မှာဆိုရင်

မြန်မာ စာအုပ်များ



နေ့စဉ် လူ (၇၀)လောက် သေနှုန်းရှိတယ်။ တစ်လကို လူ (၂၀၀၀)ကျော်လောက် သေတယ်။ အဲဒီထဲမှာ ကိုယ်ပါနိုင်တယ်လို့ တစ်ခါမှ မတွေးမိဘူး။ ဒါပေမဲ့ လူသန်း (၅၀)မှ တစ်ယောက်သာဖြစ်နိုင်တဲ့ သိန်း (၁၀၀၀)ထီကိုတော့ ကိုယ့်အလှည့် ရောက်နိုင်တယ်လို့ အမြဲတွေးမိတယ်။

ကျွန်တော်တို့ စိတ်တွေဟာ သိပ်ပြီး အံ့သြစရာကောင်းတယ်။ အကောင်းတွေကိုတော့ အမြဲမျှော်လင့်တယ်။ အဆိုးတွေကိုတော့ နားနဲ့တောင် မကြားချင်ဘူး။

ဗေဒင်ဆရာက ထီပေါက်နိုင်တယ်လို့ပြောရင် ကြိုက်တယ်။ ဘယ်ဆိုင်က ထိုး၊ ဘယ်ဂဏန်းကို ထိုး၊ ဘယ်နေ့သားနဲ့ တွဲထိုး၊ ဘယ်နေ့ ထိုး၊ ဘယ်အချိန် ထိုး၊ ထီးထိုးရင်း စိတ်ကူးလိုက်ရတာ ပျော်စရာပါ။ ဒါပေမဲ့ ဗေဒင်ဆရာက ဘယ်နေ့ သေနိုင်တယ်လို့ ပြောရင် မကြိုက်ချင်ဘူး။ ဘယ်ရောဂါနဲ့ သေမယ်။ ဘယ်လို ပုံစံနဲ့သေမယ်။ ဘယ်နေရာမှာ သေမယ်။ အဲဒီလိုပြောရင် စိတ်ကူးဖို့ နေနေသာသာ အဲဒီလိုပြောတဲ့ ဗေဒင်ဆရာကို လက်သီးနဲ့ ထ,ထိုးမိမှာပဲ။

ထီမပေါက်သေးဘူး။ ထီပေါက်ရင် ဘာလုပ်မယ်ဆိုတဲ့ ကြိုတင်ပြင်ဆင်မှုတွေ စိတ်ထဲမှာ အများကြီးပဲ။

'သေ'ဖို့ 'သေချာ'တဲ့ ကျွန်တော်တို့က မသေခင် ဘာလုပ်မယ်ဆိုတဲ့ ကြိုတင်ပြင်ဆင်မှု ဘာမှ မရှိသေးဘူး။ သေပြီးရင်လည်း ငါ ဘာဖြစ်မယ်လို့ တစ်ခါမှ မစဉ်းစားမိကြဘူး။ သေပြီးတဲ့နောက် ဖြစ်လာမယ့် ဘဝတစ်ခုအတွက် အခုကတည်းက ဘာတွေ လုပ်ထားသင့်တယ်ဆိုတာ မတွေးမိဘူး။ တွေးမိရင်လည်း လက်တွေ့ အကောင်အထည် မဖော်ဖြစ်ဘူး။

သေဖို့ကတော့ လုံးဝ သေချာတယ်။ အခုလား… နေ့လား… ညလား… မနက်ဖြန်လား…။ ဒါပေမဲ့ သေဖို့အတွက် ဘယ်တော့မှ မျှော်လင့်မထားဘူး။

ထီပေါက်ဖို့ကတော့ လုံးဝ မသေချာဘူး။ ဒါပေမဲ့ လဆန်းတိုင်း ကိုယ်ထီပေါက်လိမ့်မယ်၊ ကိုယ်ထီပေါက်နိုင်တယ်လို့ အမြဲမျှော်လင့်ထားတတ်ကြတယ်။

'မသေချာ'တဲ့ 'ထီ'နဲ့ 'သေချာ'တဲ့ 'သေခြင်း'ကိုယှဉ်ပြီး ကျွန်တော် တွေးမိနေခြင်းပါ။

'သေချာ'တဲ့ 'သေခြင်း'အတွက် ဘာမှ မပြင်ဆင်ရသေးတဲ့ ကျွန်တော်ဟာ 'မသေချာ'တဲ့ 'ထီ'အတွက် လတိုင်း လတိုင်း ပြင်ဆင်နေမိတယ်။ လူတစ်ယောက် သေဆုံးသွားရင် သေသွားတယ်လို့ပဲ တွေးမိတယ်။ 'ငါလည်း သေနိုင်တယ်'

မြန်မာ စာအုပ်များ



လို့အထိ မတွေးမိဘူး။ လူတစ်ယောက် ထီပေါက်ရင် ထီပေါက်တယ်လို့ဆိုတဲ့ အတွေးမှာတင် ရပ်မနေဘဲ 'ငါလည်း ထီပေါက်နိုင်တယ်'လို့အထိ တွေးမိတယ်။

သတင်းစာဖတ်တိုင်း နာရေးကြော်ငြာတွေမှာ ကျွန်တော်တို့နာမည် တစ်နေ့ မဟုတ်တစ်နေ့ သေချာပေါက် ပါမယ်ဆိုတာ မတွေးမိကြပါဘူး။ ကိုယ့်မိတ်ဆွေ နာရေးကြော်ငြာပါရင် သူတော့ သေသွားပြီ။ ငါ့အလှည့် ဘယ်တော့လဲဆိုတာ ဆက်မတွေးမိဘူး။

သတင်းစာထဲက သိန်း (၁၀၀၀)ထီ ထွက်တဲ့နေ့ဆို 'ငါများ ဖြစ်လေမလား' လို့ တွေးမိသူတွေချည်းပါပဲ။ ကိုယ့်မိတ်ဆွေတစ်ယောက်သာ ထီပေါက်ရင် နောက်တစ်ခါ 'ငါ့အလှည့်'လို့ ကျွန်တော်တို့ အမြဲတွေးမိကြတယ် မဟုတ်လား။

■

'ထီပေါက်'ဖို့ မျှော်လင့်သလို 'ငါသေနိုင်တယ်'လို့လည်း မျှော်လင့်သင့်တယ်။

'ထီပေါက်ဖို့က မသေချာ'ဘူးနော်။

'ငါသေဖို့က သေချာ'တယ်။

'ထီပေါက်ရင် ဘာလုပ်မယ်'လို့ တွေးထားသလို၊

'ငါသေရင် ဘာဖြစ်မယ်'လို့ တွေးကြည့်စေချင်ပါတယ်။


ကိုယ့်လက်ထဲမှာတော့ ထိုးထားတဲ့ ထီလက်မှတ်တွေ ကိုင်ပြီး ရင်ခုန် မျှော်လင့်နေကြတယ်။

ဒီလိုပါပဲ...

ကိုယ့်ဘဝထဲမှာတော့ ကိုယ်ကိုယ်တိုင်ပြုမူထားတဲ့ အကောင်းအဆိုး အဖြူ အမည်း၊ ကုသိုလ် အကုသိုလ်တွေနဲ့...။

■

မြန်မာ စာအုပ်များ



မြန်မာ စာအုပ်များ

ခံယူချက်တွေကို စွန့်ပစ်ခဲ့တယ်။
ခံစားချက်တွေကို မေ့ပစ်ခဲ့တယ်။
ကိုယ့်စိတ်ခံစားချက်ကို
ရှေ့တန်းတင်ခြင်းကြောင့်
မကြီးပွားရတာလို့
တပြည်းပြည်းချင်း
ယုံကြည်လာတယ်။
ယုံကြည်မှုတွေများလာတော့
အဲဒီအများတွေကပဲ
ကျွန်တော့်ဘဝရဲ့အစိတ်အပိုင်း
ဖြစ်လာတယ်။
ဒီတော့ ကျွန်တော့်ရဲ့စိတ်ဟာ...

# အင်္ကျီဖြူဖြူ

အဲဒီနေ့က ကျွန်တော် စတစ်ကော်လံ အင်္ကျီအဖြူကို ဝတ်ဖြစ်တယ်။

တပည့်တစ်ယောက်ရဲ့ မင်္ဂလာကိစ္စမှာ လူကြီးတစ်ယောက်အနေနဲ့ ကျွန်တော့်ကို အားကိုးတကြီး လာပြောလို့ အင်္ကျီအဖြူ ဝတ်ဖြစ်ခြင်းပါ။ ကျွန်တော် အင်္ကျီအဖြူကို ဝတ်ဆင်လေ့မရှိပါဘူး။ ဘောင်းဘီအရှည်၊ တီရှပ်နဲ့ ဒီစတိုင်လ်၊ ဒီပုံစံ နေသားကျနေတဲ့ ကျွန်တော်ဟာ အင်္ကျီအဖြူဝတ်လိုက်တော့ ပိုပြီး ခန့်သွားသလို၊ ပိုပြီးလည်း ကြည့်ကောင်းသွားတယ်။

မှန်ရှေ့မှာ အင်္ကျီအဖြူကို ကြယ်သီးတပ်ရင်း အင်္ကျီအဖြူအကြောင်းကို စဉ်းစားမိတယ်။

မှတ်မှတ်ရရ။ (၅)နှစ်သား ကျောင်းနေစဉ်အရွယ်ကစလို့ အင်္ကျီအဖြူကို ဝတ်ခဲ့ရတယ်။ ကျောင်းအပြန် အင်္ကျီ စွန်းပေခဲ့ရင် အမေက ရိုက်တယ်။ အဖြူရောင်ရဲ့ သင်္ကေတကို နားမလည်သေးတဲ့ ကလေးဘဝမှာ အမေ ဘာကြောင့် ရိုက်သလဲဆိုတာ မစဉ်းစားမိခဲ့ပါ။ မနက် ကျောင်းအသွား အဖြူရောင်အင်္ကျီကို ကျကျနနဝတ်၊ လွယ်အိတ်ကိုလွယ်ပြီး ကျောင်းတက်ခဲ့ရတဲ့ ကလေးဘဝမှာ အဖြူရောင် အင်္ကျီအကြောင်း မစဉ်းစားမိခဲ့ပါ။ ဒါပေမဲ့ အဖြူရောင်ရဲ့ ကျက်သရေရှိမှုကိုတော့ ခံစားတတ်နေပါပြီ။

ဒီလိုနဲ့ အလယ်တန်းကျောင်းသားဘဝမှာ အင်္ကျီအဖြူကို နှစ်သက်လာတယ်။ အင်္ကျီအဖြူဆိုတာ ဘယ်နှထည်ရှိရှိ လူမသိဘူး။ အင်္ကျီအနည်းအများ လူ

မြန်မာ စာအုပ်များ



မသိနိုင်ဘူး။ ဒါကြောင့် အင်္ကျီအဖြူကို ကျွန်တော် နှစ်သက်ခြင်း ဖြစ်တယ်။ ဘောလုံးကန်ရင် အင်္ကျီအဖြူကို ချွတ်ပြီးကန်တယ်။ ရန်ဖြစ်ရင်လည်း ပိုက်လော့ ဖောင်တိန်ထဲက 'မင်'နဲ့ တစ်ယောက်ကိုတစ်ယောက် ပက်ပြီး ရန်ဖြစ်ခဲ့ဖူးတယ်။ အဖြူရောင်အင်္ကျီမှာ 'မင်'တွေ စွန်းပေသွားရင် စိတ်ထဲမှာ အရမ်းခံစားရတယ်။ အဖြူရောင်ကို အဖြူရောင်လို့ပဲ ဖြစ်စေချင်တဲ့စိတ် ငယ်ငယ်ကတည်းက ရှိခဲ့တယ်။

အထက်တန်း ကျောင်းသားဘဝရောက်တော့ အဖြူရောင်အင်္ကျီကို အလွန်ပဲ နှစ်သက်ပါတယ်။ မဟုတ်တာလုပ်ရင် အဖြူရောင်အင်္ကျီနဲ့ မလုပ်သင့်မှန်း ကောင်းကောင်းကြီး သဘောပေါက်တဲ့အရွယ် ရောက်လာပါပြီ။ ဒါကြောင့် ကျောင်းပြေးရင် အဖြူရောင်အင်္ကျီနဲ့က အဆင်မပြေဘူး။ ရည်းစားစကား လိုက်ပြောရင်လည်း အဖြူရောင်အင်္ကျီနဲ့ဆို မဖြစ်ဘူး။

ဒါကြောင့် မဟုတ်တာ လုပ်တတ်တဲ့အရွယ်မှာ လွယ်အိတ်ထဲကို အဝတ် အစားတစ်စုံ အပိုဆောင်လာတတ်တယ်။ အင်္ကျီအဖြူကို ခေါက်သိမ်းပြီး အဆင် သင့်ပါလာတဲ့ အရောင်စုံအင်္ကျီကို ဝတ်ပြီးမှ ကျောင်းပြေးတယ်။ ရည်းစားစကား ပြောတယ်။ ရုပ်ရှင်ရုံသွားတယ်။ အဖြူရောင်ကို ကောင်းကောင်းကြီး တန်ဖိုး ထားတတ်လာပါတယ်။ အဖြူရောင်အင်္ကျီဆိုတာ ကောင်းတာလုပ်တဲ့အချိန်မှာ ဝတ်ဖို့၊ နှလုံးသားထဲမှာ ဖြူစင်တဲ့စိတ်ရှိမှ ဝတ်ဖို့ဆိုတာ သိလာပါတယ်။

ဒီလိုနဲ့ တက္ကသိုလ်ကျောင်းသားဘဝရောက်တော့ အဖြူရောင်အင်္ကျီဝတ်တာ နည်းသွားတယ်။ လှချင်ပချင်တဲ့ လူပျိုပေါက်အရွယ်ဆိုတော့ ခေတ်ပေါ် တီရှပ်တွေ၊ ဂျင်းဘောင်းဘီတွေနဲ့ 'ရှိုး'ထုတ်ခဲ့တယ်။ အဖြူရောင်ကို မကြိုက်လို့ မဟုတ်ပါ။ အဖြူရောင်ရဲ့ အနှစ်သာရ ပျက်သွားမှာစိုးလို့ပါ။ ဒါပေမဲ့ 'မောင်မယ်သစ်လွင် ကြိုဆိုပွဲ'နဲ့ 'အာစရိယပူဇော်ပွဲ'တွေမှာတော့ အဖြူရောင်အင်္ကျီကို ဝတ်ဖြစ်ပါတယ်။ လူတွေကလည်း အဖြူရောင်ထက် အခြားအရောင်အသွေးကို ပိုပြီးကြိုက်မှန်း သိလာတော့ အဖြူရောင်ကို မမုန်းပေမယ့် အဖြူရောင်ကို အဝတ်နည်းလာခဲ့တယ်။

ဓာတုဗေဒ သင်တန်းဆရာဖြစ်တော့လည်း တီရှပ်နဲ့ ဘောင်းဘီရှည်ဟာ လွတ်လပ်တယ်။ လုံခြုံတယ်။ ဒီအဝတ်အစားဟာ တက်ကြွမှုကို ဖော်ပြတယ်လို့ အင်္ကျီအဖြူကို အဝတ်နည်းခဲ့တယ်။ ကျောင်းသား၊ ကျောင်းသူတွေက အင်္ကျီအဖြူ လက်ဆောင်ပေးရင် သိမ်းထားဖြစ်တာ များပါတယ်။ မဖြူစင်တော့တဲ့ နှလုံးသား

မြန်မာ စာအုပ်များ



ကို အဖြူရောင်အင်္ကျီနဲ့ ဟန်ဆောင်ပြီး မဖုံးကွယ်ချင်လို့ပါ။ သန့်စင်တဲ့၊ စင်ကြယ်တဲ့ အဖြူရောင်ကို တန်ဖိုးထားတဲ့အနေနဲ့ စိတ်ထားဖြူစင်မှ ဝတ်မယ်လို့ ဆုံးဖြတ်ထားပါတယ်။

ဒီနေ့တော့…

စေ့စပ်ကြောင်းလမ်းတဲ့ မင်္ဂလာပွဲဖြစ်တာကြောင့် အဖြူရောင်အင်္ကျီကို မဝတ်လို့မဖြစ်ဘူး။

ငယ်ငယ်တုန်းက အဖြူရောင်အင်္ကျီဝတ်တဲ့ ကျွန်တော်ရဲ့စိတ်ဟာ အဖြူရောင် အင်္ကျီလိုပဲ ဖြူစင်ခဲ့တယ်။ မာနမရှိဘူး၊ မာယာမရှိဘူး၊ ဟန်ဆောင်တာ မရှိဘူး၊ လိမ်တာညာတာ မရှိဘူး၊ ကလိမ်ကကျစ်ကျတာ မရှိဘူး။ ရိုးသားတယ်၊ ပွင့်လင်းတယ်၊ တန်ဖိုးရှိတဲ့ အဖြူရောင်စိတ်နဲ့ အဖြူရောင်အင်္ကျီလေးဟာ အလွန်လိုက်ဖက်ခဲ့တယ်။ ဦးနှောက်ကလည်း အဖြူရောင်၊ နှလုံးသားကလည်း အဖြူရောင်၊ စိတ်ဓာတ်ကလည်း အဖြူရောင်ဆိုတော့ အဖြူရောင်အင်္ကျီလေးနဲ့ ကျွန်တော်ဟာ လူတွေရဲ့အလယ်မှာ ဝင့်ထည်ခဲ့ရဖူးတယ်။ ယုံကြည်မှုအပြည့်နဲ့ ခြေလှမ်းတိုင်းကို လှမ်းခဲ့ဖူးတယ်။ ပတ်ဝန်းကျင်ရဲ့ မျက်လုံးအစုံတွေရဲ့အောက်မှာ သူတို့ရဲ့ မျက်လုံးတွေကို ရဲရဲရင့်ရင့် ရင်ဆိုင်ပြန်ကြည့်ပြီး ပြုံးပြခဲ့ဖူးတယ်။ အဖြူရောင်ရဲ့ ကျက်သရေရှိမှုအောက်မှာ အဖြူရောင်ဘဝတွေနဲ့ နေခဲ့ရဖူးတယ်။

အခုတော့ အသက်က (၅၀)။

ငွေရဖို့ ဟန်ဆောင်ခဲ့ရတယ်။ ဟန်ဆောင်ကောင်းခြင်းဆိုတာ ငွေရှာနည်းရဲ့ အဓိကသော့ချက် ဖြစ်တယ်ဆိုတာ ဘဝက ကျွန်တော့်ကို သင်ပေးလာခဲ့တယ်။ အောင်မြင်မှုရဖို့ ရိုးသားခြင်းကို စွန့်လွှတ်ခဲ့တယ်။ ရိုးသားမှုမရှိတဲ့ အသိုင်းအဝိုင်းတွေရဲ့ ကြားထဲမှာ အောင်မြင်မှုရဖို့အတွက် ရိုးသားစွာ နေထိုင်ခြင်းဟာ ဘဝကို အနှောင့်အယှက်ဖြစ်စေတယ်ဆိုတာ လက်တွေ့ အခြေအနေတွေက ကျွန်တော့်ကို သင်ပေးလာပြန်တယ်။ ဂုဏ်သတင်းကျော်စောဖို့ မာယာတွေကို အရင်းအနှီး လုပ်ခဲ့တယ်။ ကိုယ့်ကို လူတွေက ဦးခိုက်ကြဖို့ လိမ်ညာခြင်း အတတ်ပညာကို စနစ်တကျ သုံးစွဲတတ်ခဲ့တယ်။ အမှန်အမှားထက် ကိုယ်အနေချောင်ဖို့ အရေးကြီးတယ်ဆိုတဲ့ အတ္တစိတ်နဲ့ အသက်ကို ရှူတယ်။ ဘယ်သူ့ကိုမှ ဒုက္ခမပေးဘူးဆိုတဲ့ စိတ်နဲ့ နေထိုင်နေရင်း ကိုယ့်ကြောင့် ဒုက္ခရောက်နေသူတွေကို အများကြီး တွေ့လာရတယ်။

မြန်မာ စာအုပ်များ



ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ပြန်ပြီးကြည့်မိတိုင်း အသက်ကြီးလေ မာယာများလေဆိုတာ တွေ့လာရတယ်။

လောဘရှိသူကို လူလေးစားတယ်။ ဒေါသရှိသူကို လူကြည်ညိုတယ်။ မောဟ ရှိမှ အောင်မြင်သူလို့ သတ်မှတ်တယ်။

မာနရှိမှ ဣန္ဒြေကြီးသူ၊ အနေအထိုင်တတ်သူလို့ မြင်ကြတယ်။ အတ္တအရောင်တွေ တောက်နေတာကို တန်ခိုးရှိတယ်လို့ ထင်ကြတယ်။

တကယ်တော့ လောကဆိုတာ လောဘတွေနဲ့ 'က'နေရပါလားလို့ မြင်လာတယ်။

ဒီတော့ ကျွန်တော်လည်း ဟန်ဆောင်တတ်လာတယ်။ ဟန်ဆောင်ပြီး နေထိုင်ခြင်းဟာ ကျွန်တော့်အတွက် အလုပ်တစ်ခု ဖြစ်လာတယ်။

ရိုးသားခြင်းဟာ လူတွေရဲ့ နှိမ့်ချဆက်ဆံခြင်းကိုသာ ခံရတယ်။ ဒီတော့ မရိုးသားခြင်းဟာ ကျွန်တော့်အတွက် အလေ့အကျင့်တစ်ခု ဖြစ်လာခဲ့တယ်။ ဒါ့ကြောင့် ရိုးသားမှုဆိုတာ ကျွန်တော့်အတွက် အခက်အခဲဆုံး ကိစ္စတစ်ခု ဖြစ်လာခဲ့တယ်။

ကိုယ့်ခံယူချက်၊ ကိုယ့်ခံစားချက်ကို ရှေ့တန်းတင်တဲ့သူတွေ တွေ့ဖူးတယ်။ သူတို့ဟာ မကြီးပွားဘူး။ ကြီးပွားချမ်းသာချင်ရင် ရင်ထဲက ခံယူချက်တွေ၊ ခံစားချက်တွေ၊ သိပ်ပြီး ရှေ့တန်းမတင်မိမှ ဖြစ်မယ်။ ခံစားချက်က ထမင်းမဝဘူး။ ငွေရှိမှ ထမင်းဝတာ။ ဒါကြောင့် ကျွန်တော် ယုံကြည်တဲ့ ရိုးသားခြင်းတွေ၊ စိတ်ရဲ့တန်ဖိုးတွေကို လွှင့်ပစ်ခဲ့တယ်။ ခံယူချက်တွေကို စွန့်ပစ်ခဲ့တယ်။ ခံစားချက်တွေကို မေ့ပစ်ခဲ့တယ်။ ကိုယ့်စိတ်ခံစားချက်ကို ရှေ့တန်းတင်ခြင်းကြောင့် မကြီးပွားရတာလို့ တဖြည်းဖြည်းချင်း ယုံကြည်လာတယ်။ ယုံကြည်မှုတွေ များလာတော့ အဲဒီအမှားတွေကပဲ ကျွန်တော့်ဘဝရဲ့ အစိတ်အပိုင်း ဖြစ်လာတယ်။

ဒီတော့ ကျွန်တော့်ရဲ့စိတ်ဟာ အဖြူရောင် မဟုတ်တော့ဘူး။ ညစ်နွမ်းသွားပြီ။

ဖြူစင်တဲ့ အဖြူရောင်အင်္ကျီ ဝတ်လိုက်မှ မဖြူစင်တဲ့ ကျွန်တော့်စိတ်ကို မြင်မိတော့တယ်။

မတတ်နိုင်ဘူးလေ။

ဒီနေ့တော့ လူအများရှေ့မှာ မင်္ဂလာစကား ပြောရမှာဆိုတော့ အဖြူရောင်အင်္ကျီကို ဝတ်မှဖြစ်မယ်။ ဒါ့ကြောင့် အင်္ကျီအဖြူရောင်ကို စိတ်မပါဘဲနဲ့ ကျွန်တော်

မြန်မာ စာအုပ်များ



ဝတ်ဖြစ်ခဲ့ပါတယ်။ စိတ်ထဲမှာလည်း 'ကိုထူးအိမ်သင်'ရဲ့ သီချင်းကို ပြေးပြီး သတိရမိတယ်။

'အင်္ကျီဖြူဖြူလေးရယ် ××× မင်းလောက် ××× တို့ ××× မသန့်စင်တယ် ×××'

အဖြူရောင်အင်္ကျီကိုတော့ ကျွန်တော့်စိတ်ထဲမှာ ရှက်နေမိတယ်။

■

ဘာပဲဖြစ်ဖြစ် မင်္ဂလာအခမ်းအနားကိုတော့ မီအောင်သွားရမှာ။ အင်္ကျီက အဖြူရောင်။ အဲဒီ အဖြူရောင်အင်္ကျီပေါ်မှာ အဖြူရောင်တိုက်ပုံကို ထပ်ပြီး ဝတ်လိုက်တယ်။ ပုဆိုးကိုတော့ စိမ်းပြာရောင်ရင့်ရင့် ပိုးပုဆိုးကို ရွေးချယ်လိုက်တယ်။ အဲဒါတွေကို ကျကျနန ဝတ်ဆင်ပြီး ကားပေါ်ကို ကျွန်တော် တက်ခဲ့တယ်။ ကျွန်တော် ကားမောင်းနေရင်း တစ်ယောက်တည်း စကားတွေ ပြောလာနေမိတယ်။ မသိတဲ့လူတွေကတော့ ကျွန်တော့်ကို သီချင်းတစ်ပုဒ် ဆိုနေတယ်လို့ ထင်နေကြမှာပဲ။ တကယ်တော့ ကျွန်တော်က ကျွန်တော်ဝတ်ခဲ့တဲ့ အဖြူရောင်အင်္ကျီလေးနဲ့ စကားပြောနေခြင်းသာ ဖြစ်ပါတယ်။ အဖြူရောင်အင်္ကျီကလေးကို ရှက်ရှက်နဲ့ တောင်းပန်စကား ဆိုနေမိခြင်းသာ ဖြစ်ပါတယ်။

*"အဖြူရောင်အင်္ကျီလေးရယ်...*
*ငါ့ကို မကဲ့ရဲ့ပါနဲ့။*
*ငါ ဖြူစင်ဖို့ ကြိုးစားခဲ့ပါတယ်။*
*ဒါပေမဲ့...*
*ငါ ဖြူစင်သူ မဖြစ်ခဲ့ဘူး။*
*အဖြူရောင်အင်္ကျီကိုတော့ ဝတ်ခွင့်ပေးပါ။*
*ဒီတစ်ရက်တည်းပါကွယ်။*
*မဖြူစင်တဲ့ စိတ်ထားကို*
*အဖြူရောင်အင်္ကျီနဲ့ ဖုံးကွယ်ပြီး*
*လူအများရှေ့မှာ ...*


မြန်မာ စာအုပ်များ



*လောကအလယ်မှာ...*
*ငါလိုချင်တာတွေ ငါရဖို့...*
*အောင်မြင်မှုတွေ ငါရဖို့...*
*ငါ့ကို ဟန်ဆောင်ခွင့်ပေးပါတော့...*
*ဒီတစ်ရက်တည်းပါကွယ်...''*

■

မြန်မာ စာအုပ်များ



⟷

ခံစားချက်ချင်း မတူညီလို့
ဝေးနေကြရတဲ့ ချစ်သူတွေ၊
အမြင်ချင်းမတူလို့
ကွဲကွာနေကြရတဲ့
ညီအစ်ကိုတွေ၊
ခံယူချက်ချင်း မတူလို့
သံယောဇဉ်ရှိလျက်နဲ့
လက်မတွဲဖြစ်ကြတဲ့
မိတ်ဆွေတွေ၊
ဆန့်ကျင်ဘက်ရဲ့တန်ဖိုးကို
ဖိနပ်တစ်ရန်လို သဘောထားပြီး
အတူတူ လက်တွဲလို့
လိုရာခရီးကို ရောက်အောင် ...

→←

## ဖိနပ်တစ်ရန်

မိတ်ဆွေတစ်ယောက်ရဲ့ အလှူကိုသွားရင်း ကျွန်တော် ဖိနပ်တစ်ဖက် ပျောက်ပါတယ်။

သူ့ရဲ့အလှူက အလွန်ကြီးကျယ်ခမ်းနားပါတယ်။ မန္တလေးမြို့၊ ၆၈ လမ်းက ဝိဇိတာရုံဘုန်းကြီးကျောင်းမှာ ပြုလုပ်ခြင်း ဖြစ်ပါတယ်။ ဘုန်းကြီးကျောင်းထဲက ဓမ္မာရုံပေါ်မှာ အလှူပွဲအခမ်းအနားကို ကျင်းပပါတယ်။ သူ့ရဲ့အလှူမှာ အလှူရှင်ကိုယ်တိုင် ချက်ပြုတ်တဲ့ ဟင်းလျာများနဲ့ ထမင်းကျွေး ဧည့်ခံပါတယ်။ အလှူရဲ့ ထုံးစံအတိုင်း အချိုပွဲတွေ၊ ရေခဲမုန့်တွေ၊ လက်ဖက်တွေကလည်း ပါလိုက်ပါသေးတယ်။

ဓမ္မာရုံအဝင်ဝမှာ ဖိနပ်ထည့်တဲ့ စင်တစ်ခု ရှိပါတယ်။ ကျွန်တော်က ကျွန်တော့်ဖိနပ်ကို အဲဒီ ဖိနပ်ထည့်တဲ့စင်ထဲမှာ အသေအချာ ထည့်ထားခဲ့ပါတယ်။ အလှူရှင်ကလည်း သူငယ်ချင်းအရင်းဖြစ်နေတော့ သူ့ရဲ့အလှူပွဲမှာ အချိန်ကြာကြာ နေပေးဖို့ ပြောပါတယ်။ လာတဲ့ဧည့်သည်တွေကိုလည်း သူ့ကိုယ်စား ကျွန်တော်က ဧည့်ခံပေးရပါတယ်။ လာတဲ့ဧည့်သည်တွေထဲမှာ စီးပွားရေးလုပ်ငန်းရှင်တွေ ပါတယ်။ ဌာနဆိုင်ရာက အရာရှိတွေလည်းပါတယ်။ စာပေပညာရှင်တွေလည်း ပါတယ်။ ကျောင်းဆရာ၊ ဆရာမတွေလည်း ပါပါတယ်။ ကျွန်တော်က လာသမျှ ဧည့်သည်တွေကို ဧည့်ခံပေးနေရင်းနဲ့ အလှူပွဲအခမ်းအနား ရေစက်ချပြီးမှ ပြန်ခဲ့ရပါတယ်။

မြန်မာ စာအုပ်များ



ပြန်တော့မယ်လုပ်မှ ဖိနပ်ကို သတိရမိတယ်။

ဖိနပ်စင်ထဲမှာ ကျွန်တော့်ဖိနပ်က တစ်ဖက်တည်းပဲ ကျန်တော့တယ်။ ဒီတော့ ကျွန်တော့်ဖိနပ်ကို မှားစီးသွားတာလည်း မဖြစ်နိုင်ဘူး။ ဖိနပ်အကောင်းနဲ့ မကောင်းတာကို လဲစီးသွားတာလည်း မဖြစ်နိုင်ဘူး။ ကျွန်တော့်ဖိနပ်ကို ခိုးယူသွားတာလည်း မဖြစ်နိုင်ဘူး။ တကယ်လို့ မှားစီးသွားတယ်ဆိုရင် ကျွန်တော့်ဖိနပ်နဲ့ အရွယ်တူ ခပ်ဆင်ဆင်ဖိနပ်တစ်ဖက် ကျန်ခဲ့ရမှာပေါ့။ ကျွန်တော့်ဖိနပ်တစ်ဖက် ပျောက်တာကို အလှူရှင် သူငယ်ချင်းကသိတော့ တော်တော်အားနာသွားတယ်။ သူ့ဖိနပ်ကို စီးသွားဖို့ ကျွန်တော့်ကို ပြောပါသေးတယ်။ ကျွန်တော်ကလည်း သူ့ကို ပြန်ပြီး အားနာနေမိတယ်။ ဖိနပ်ပျောက်တာ သိပ်ပြီး ဆန်းကြယ်လှတဲ့ကိစ္စတော့ မဟုတ်ပါဘူး။ လူအများနဲ့ ပြုလုပ်ကြရတဲ့ ဒီလိုပွဲမျိုးမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ကိစ္စတစ်ရပ်ပါ။ ဒီလိုဖြစ်တတ်ပါတယ်။

■

ဖိနပ်ဆိုတာ… ဘယ်ဘက်နဲ့ ညာဘက်ပြည့်စုံမှ စီးလို့ရတာမျိုးပါ။ ဖိနပ်တစ်ဖက် ပျောက်သွားပြီဆိုတော့ ကျန်တစ်ဖက်က အသုံးမဝင်တော့ဘူး။ ပျောက်သွားတဲ့ ဖိနပ်တစ်ဖက်ကို သံယောဇဉ်တွယ်နေလို့လည်း အပိုပဲ။ ကျန်ခဲ့တဲ့ ဖိနပ်တစ်ဖက်ကို မြင်ပြန်တော့လည်း ပျောက်သွားတဲ့ ဖိနပ်တစ်ဖက်ကို ရှာချင်တဲ့ စိတ်က ဖြစ်လာပြန်တယ်။ ကျွန်တော်က ပျောက်သွားတဲ့ ဖိနပ်တစ်ဖက်ကို ရှာနေရင် အလှူရှင် သူငယ်ချင်းက စိတ်ကောင်းမှာ မဟုတ်ဘူး။ ဒါကြောင့် ဘာလုပ်ရရင် ကောင်းမလဲ စဉ်းစားမိတယ်။

အဲဒီအချိန်မှာ ကျွန်တော် ဖတ်မှတ်ခဲ့ဖူးတဲ့ 'မဟတ္တမဂန္ဒီ'ရဲ့ နည်းကို သတိရလိုက်မိတယ်။

တစ်ခါတုန်းက 'မဟတ္တမဂန္ဒီ'ဟာ မီးရထားနဲ့ ခရီးသွားသတဲ့။ မီးရထားထွက်ခါနီးမှ ဘူတာရုံကို ရောက်တယ်။ ပျာယီးပျာယာနဲ့ပေါ့။ မီးရထား စအထွက် မီးရထားပေါ်အတက်မှာ ဘယ်ဘက်ဖိနပ်တစ်ဖက် မီးရထားပေါ်က ကျသွားတယ်တဲ့။ သူ့ခြေထောက်မှာ ညာဘက်ဖိနပ်တစ်ဖက်ပဲ ပါတော့တယ်။ ညာဘက်ဖိနပ်တစ်ဖက်တည်းနဲ့ ဖိနပ်ဆိုတာ ကိုယ့်အတွက် အသုံးမဝင်တော့ဘူး။ ဒီလိုပဲ ကျကျန်ခဲ့တဲ့ ဘယ်ဘက်ဖိနပ်ဟာလည်း ကောက်ရတဲ့သူအဖို့ အသုံးမဝင်နိုင်ဘူး။

မြန်မာ စာအုပ်များ



ချက်ချင်းဆိုသလိုပဲ ညာဘက်ဖိနပ်ကို ချွတ်လိုက်တယ်။ ကျကျန်ခဲ့တဲ့ ဘယ်ဘက်ဖိနပ်ရှိတဲ့နေရာကို ညာဘက်ဖိနပ်ကို လွှင့်ပစ်လိုက်တယ်။ ရည်ရွယ်ချက်ကတော့ ကောက်ရတဲ့သူအဖို့ ဘယ်ညာနှစ်ဖက်နဲ့ ဖိနပ်တစ်ရန်ဖြစ်ပြီး အသုံးဝင်စေချင်လို့ပါ။ 'မဟတ္တမဂန္ဒီ'ရဲ့ ရှောင်တခင် ဖြစ်လာတဲ့ဉာဏ်နဲ့ အတွေးကို ကျွန်တော် သဘောကျတယ်။

ဒါကြောင့် ကျွန်တော် 'မဟတ္တမဂန္ဒီ'နည်းကို သုံးလိုက်တယ်။ ကျန်တဲ့ဖိနပ်တစ်ဖက်ကိုထားခဲ့ပြီး 'ခြေဗလာ'နဲ့ ဆိုင်ကယ်စီးလို့ ပြန်လာခဲ့တယ်။

■

ဆိုင်ကယ်စီးရင်း ကျွန်တော် တွေးမိတာလေး ပြောပြပါရစေ။

ဖိနပ်ဆိုတာ ဘယ်ဘက်နဲ့ ညာဘက် ရှိတယ်။ နှစ်ဖက် မတူဘူး။ တကယ့်ကို ပြောင်းပြန်ကြီးပါ။ တကယ့်ကို ဆန့်ကျင်ဘက်ကြီးပါ။ ဒါပေမဲ့ ဘယ်ဘက်နဲ့ ညာဘက်ရှိမှ စီးလို့ရတယ်။ ဘယ်ဘက်ဖိနပ်မရှိရင် ညာဘက်ဖိနပ်လည်း အသုံးမဝင်ဘူး။ ဒီလိုပါပဲ ညာဘက်ဖိနပ်မရှိခဲ့ရင်လည်း ဘယ်ဘက်ဖိနပ်ဟာ အသုံးမကျတော့ပြန်ဘူး။ ဘယ်ဘက်နဲ့ ညာဘက် ဖိနပ်နှစ်ဖက်ဟာ ဆန့်ကျင်ဘက်တွေဖြစ်ပြီး တစ်ခုရဲ့တန်ဖိုးကို ကျန်တစ်ခုက အထောက်အပံ့ ပေးနေတယ်။ ဘယ်ဘက်ဖိနပ်ကြောင့် ညာဘက်ဖိနပ်ဟာ တန်ဖိုးရှိနေသလို ညာဘက်ဖိနပ်ကြောင့်လည်း ဘယ်ဘက်ဖိနပ်ဟာ အဓိပ္ပာယ်ရှိနေခြင်း ဖြစ်တယ်။

ဘယ်ဘက်ဖိနပ် ပြတ်သွားရင် ညာဘက်ဖိနပ်ကို ဘယ်သူများ သိမ်းထားကြလို့လဲ။ ဒီလိုပဲ ညာဘက်ဖိနပ် ပျောက်သွားရင်လည်း ဘယ်ဘက်ဖိနပ်ကို ဘယ်သူများ အမှတ်တရ သိမ်းတဲ့သူ ရှိလို့လဲ။ ဖိနပ်ဆိုတာ ဘယ်ညာ ပြည့်စုံမှ တန်ဖိုးရှိတာမျိုးပါ။ (ခြွင်းချက်တစ်ခုတော့ ရှိတာပေါ့ဗျာ၊ ချစ်သူပျောက်ကို ရှာတဲ့ 'စင်ဒရယ်လား'ပုံပြင်မှာတော့ ပျောက်နေတဲ့ ဖိနပ်တစ်ဖက်နဲ့ အချစ်ဇာတ်လမ်းကို ဖန်တီးခဲ့ဖူးတယ်။)

ဒီလိုနဲ့ ဆက်ပြီးတွေးမိတယ်။

ပတ်ဝန်းကျင်နဲ့ ဆက်ဆံတဲ့အခါ ဖိနပ်တစ်ရန်လို အမြင်မျိုးနဲ့ ဆက်ဆံသင့်တယ်။

မြန်မာ စာအုပ်များ



သူနဲ့ ကိုယ်ဟာ ဆန့်ကျင်ဘက်အမြင် ဖြစ်နေပြီဆိုရင် ဖိနပ်တစ်ရန်လို သဘောထားလိုက်တာ မကောင်းဘူးလားဗျာ။ သူ့ရဲ့မတူညီတဲ့ အမြင်ကြောင့် ကိုယ့်ရဲ့အမြင်ဟာ ပိုပြီး တန်ဖိုးရှိသွားနိုင်သလို ကိုယ့်ရဲ့အမြင်ကြောင့်လည်း သူ့ရဲ့အမြင်ဟာ တန်ဖိုးရှိနေနိုင်ပါတယ်။

သူ့ရဲ့အယူအဆတွေဟာ ကိုယ့်ရဲ့အယူအဆတွေနဲ့ ခြားနားနေတိုင်း ပြဿနာ မရှာသင့်ဘူး။ ခြားနားနေတဲ့ အယူအဆဟာ ဖိနပ်တစ်ရန်လိုပဲ အပြန်အလှန် တန်ဖိုးကို ဖြစ်စေနိုင်တယ်ဆိုတာ တွေးကြည့်ရင် သိနိုင်ပါတယ်။ ငါ့အမြင်နဲ့ မတူတိုင်း မှားတယ်လို့လည်း ပြောလို့ မရပါဘူး။ သူ့အမြင်နဲ့ ခြားနားနေတိုင်းလည်း ကိုယ့်အမြင်ကို ဖျက်ဆီးမပစ်သင့်ဘူး။ တကယ်တော့ ဆန့်ကျင်ခြင်းဟာ တန်ဖိုး တစ်ခု ဖြစ်တယ်ဆိုတာ သိထားသင့်တယ်။

တစ်ခါတလေ ကိုယ်က အမှန်ကို လုပ်နေသူ၊ စည်းကမ်းအတိုင်း ဆက်ဆံတဲ့သူ၊ စာအုပ်ကြီးသမား၊ တိကျမှု ကြိုက်တယ်ဆိုပြီး တစ်ဖက်လူကို မဆက်ဆံ သင့်ဘူး။ တစ်ဖက်မှာလည်း ဖွင့်ပြောဖို့ မလွယ်တဲ့ အခက်အခဲတွေ ရှိနေနိုင်တယ် ဆိုတာ တွေးသင့်တယ်။

အမှန်တရားဆိုတာ ဘာလဲ...

ကိုယ်ထင်တာကို မှန်တယ်လို့ ပြောတတ်တာ လူ့သဘာဝပဲ။ ဒါကြောင့် သူ မမှားသလို၊ ကိုယ်လည်း မမှားဘူးဆိုတဲ့အမြင် ရှိသင့်တယ်။ ကိုယ်လည်း မှန်နိုင်သလို၊ သူလည်း မှန်နိုင်တယ်ဆိုတာ လက်ခံသင့်တယ်။ အဖြေဆိုတာ တစ်ခုတည်း မရှိပါဘူး။

'အနက်ရောင်'ရဲ့ ဆန့်ကျင်ဘက်ဟာ ဘာလဲ...

'အဖြူရောင်'တစ်ခုတည်း မဟုတ်ပါဘူး။ ကျန်တဲ့အရောင်တွေလည်း ဖြစ်နိုင်ပါတယ်။ ဒါ့ကြောင့် လောကကြီးကို ဖိနပ်တစ်ရန်လို မြင်သင့်တယ်။

ကျွန်တော်တို့ ပတ်ဝန်းကျင်ကို ကြည့်လိုက်ပါ။ ဆန့်ကျင်ဘက်ရဲ့ အလှ တရားတွေ တွေ့နိုင်ပါတယ်။

နေ့ဆိုတာ ညရှိလို့ ဖြစ်လာတာပါ။ ညရဲ့ တန်ဖိုးဟာလည်း နေ့ရဲ့အထောက် အပံ့ကြောင့် ရှိနေရတာပါ။

အလင်းဆိုတာ အမှောင်ကြောင့် ဖြစ်နေရတဲ့ တန်ဖိုးတစ်ခုပါ။

အဖိုနဲ့ အမရှိလို့ လောကကြီး တည်မြဲနေတာပါ။

မြန်မာ စာအုပ်များ



တကယ်တော့ ဆန့်ကျင်ဘက်ဆိုတာ သဘာဝတရားကြီး တည်မြဲဖို့အတွက် အပြန်အလှန် အမှီပြုနေတဲ့ လျှို့ဝှက်ချက်တစ်ခုပါ။

■

ဖိနပ်တစ်ဖက် ပျောက်ဖူးကြမှာပါ။

ဖိနပ်တစ်ဖက် ပြတ်ဖူးကြမှာပါ။

ကျန်ဖိနပ်တစ်ဖက်ကိုလည်း လွှင့်ပစ်ခဲ့ဖူးကြမှာပါ။

ဒါပေမဲ့…

'ဖိနပ်နှစ်ဖက်ရဲ့ ဆန့်ကျင်နေမှုတန်ဖိုး' ကို ကျွန်တော်တို့ မတွေးမိခဲ့ကြပါဘူး။


ကျွန်တော်တို့ နေ့တိုင်း ဖိနပ်စီးနေကြပါတယ်။

ဘယ်ဘက်ဖိနပ် နှစ်ဖက်စီးတဲ့သူ ရှိလို့လား။ ဒီလိုပါပဲ ညာဘက်ဖိနပ် နှစ်ဖက်နဲ့ လမ်းလျှောက်သူ ရှိလို့လား။ ဖိနပ်ကိုတော့ ဘယ်ဘက်နဲ့ ညာဘက်ရှိမှ စီးနေကြတယ်။ လောကကြီးရဲ့ ဆန့်ကျင်ဘက် အလှတရားတွေကိုလည်း ဖိနပ်စီးသလို မြင်ကြည့်ကြစေချင်ပါတယ်။ ကိုယ့်ရဲ့ အမြင်တစ်ခုတည်းနဲ့ လောကကြီးကို တည်ဆောက်လို့ မရပါဘူး။ ဆန့်ကျင်ဘက် အမြင်တွေရဲ့ တန်ဖိုးကို သိပြီး လောကကြီးကို တည်ဆောက်တာ ပိုမကောင်းဘူးလားဗျာ။

ခံစားချက်ချင်း မတူညီလို့ ဝေးနေကြရတဲ့ ချစ်သူတွေ၊ အမြင်ချင်းမတူလို့ ကွဲကွာနေကြရတဲ့ ညီအစ်ကိုတွေ၊ ခံယူချက်ချင်း မတူလို့ သံယောဇဉ်ရှိလျက်နဲ့ လက်မတွဲဖြစ်ကြတဲ့ မိတ်ဆွေတွေ၊ ဆန့်ကျင်ဘက်ရဲ့ တန်ဖိုးကို ဖိနပ်တစ်ရန်လို သဘောထားပြီး အတူတူ လက်တွဲလို့ လိုရာခရီးကို ရောက်အောင် ပျော်ပျော်ကြီး သွားကြပါစို့ ခင်ဗျာ။

■

မြန်မာ စာအုပ်များ



မြန်မာ စာအုပ်များ

စာရိတ္တကို တန်ဖိုးမထားဘဲ
ပေါင်မုန့်တစ်ပဲ့နဲ့ အလဲအလှယ်လုပ်နေတဲ့
ပုရွက်ဆိတ်တွေလည်း အများကြီးပါ။
အမှန်တရားထက် ပေါင်မုန့်တစ်ပဲ့က
ပိုပြီး အရေးကြီးတယ်လို့ခံယူတဲ့
ပုရွက်ဆိတ်တွေလည်း အများကြီးပါပဲ။
တကယ်တော့...
လူတွေဟာ ပုရွက်ဆိတ်တွေနဲ့တူပါတယ်။

## ပုရွက်ဆိတ်

စက်ကာပူမှာနေတဲ့ သူငယ်ချင်းတစ်ယောက် မန္တလေးကို ရောက်လာတယ်။

မန္တလေးမှာ စီးပွားရေးလုပ်ငန်းတစ်ခုလုပ်ဖို့ လာပြီး လေ့လာခြင်း ဖြစ်တယ်။ သူ တော်တော် ချမ်းသာနေပါပြီ။ စက်ကာပူကို ရောက်သွားတာလည်း (၁၀)နှစ် လောက် ရှိပါပြီ။ ဒီတော့ သူဟာ စီးပွားရေးအမြင်၊ လောကအမြင်၊ ပတ်ဝန်းကျင် အမြင်တွေ ကျွန်တော်နဲ့ မတူတော့ပါဘူး။ သူက သူ့ကိုယ်သူ ကမ္ဘာ့အမြင်ရှိသူလို့ သူက ပြောတယ်။ ကျွန်တော့်ကိုတော့ အမြင်ကျဉ်းမြောင်းသူလို့ သူက ထင်တယ်။

''ဒီမယ် မောင်ဘုန်း၊ မင်း ငွေ ဘယ်နှမျိုး မြင်ဖူးတုံး''

ကျွန်တော် ဘာမှ ပြန်မဖြေပါ။ ကျွန်တော်မြင်ဖူးတဲ့ငွေ (၂)မျိုးလောက်ပဲ ရှိပါတယ်။ မြန်မာငွေရယ်၊ ဒေါ်လာရယ်ပေါ့။

''ငွေရှာတဲ့သူက ကမ္ဘာ့ငွေ တော်တော်များများကို မြင်ဖူးဖို့ လိုတယ်ကွ။ ငွေတစ်ခုရဲ့ ခိုင်မာမှု၊ မာကျောမှုအဆင့်ကိုလည်း နားလည်ဖို့ လိုတယ်။ ငွေယူနစ် တစ်ခုနဲ့ အခြားယူနစ်တစ်ခုကြားထဲမှာရှိတဲ့ ကွာဟချက်၊ လဲလှယ်မှုပညာကိုလည်း တတ်ဖို့လိုတယ်ကွ။ လူဆိုတာ ငွေရှာတဲ့ သက်ရှိကွ။ ကမ္ဘာပေါ်ကို ကြည့်လိုက် စမ်း။ သက်ရှိတွေ အများကြီးပဲ။ အဲ့ဒီသက်ရှိတွေထဲမှာ ငွေဆိုတဲ့ တန်ဖိုးတစ်ခုကို ဖန်တီးနိုင်တာ တို့လူသားတွေပဲ ရှိတယ်။ သက်ရှိတိုင်း အစာစားကြတာကွ။ အဲဒီသက်ရှိတွေထဲမှာ တို့လူသားတွေသာ ငွေကို ကြားခံပစ္စည်းအဖြစ် အသုံးချ တတ်တဲ့အသိ ရှိတာကွ။ ဒါကြောင့် ငွေများများ ရှာနိုင်ခြင်းဟာ လူဖြစ်ခြင်းရဲ့

မြန်မာ စာအုပ်များ



အဓိပ္ပာယ်ပဲ။ ငွေများများ ရှိခြင်းဟာ လူ့တန်ခိုးပဲ။ ငွေနည်းနည်း ရှိခြင်းဟာ တိရစ္ဆာန်တစ်ကောင်ဘဝနဲ့ နီးစပ်ခြင်းသာ ဖြစ်တယ်။ မင်း ငွေရှာစမ်းပါကွာ။ ကမ္ဘာပေါ်မှာရှိတဲ့ ငွေတွေအကြောင်း လေ့လာစမ်းပါ။ ငွေတွေကို မြင်ဖူးအောင် အသုံးချတတ်အောင် လေ့ကျင့်စမ်းပါ။ မင်း ဒါမှ လူဖြစ်မှာကွ''

သူနဲ့ တွေတဲ့အချိန်မှာ ကျွန်တော့်ကို 'စီးပွားရေးတရား'တွေ ဟောသွားတယ်။ ငွေရှာနည်းတွေ ပြောသွားတယ်။ ငွေသုံးစွဲနည်းတွေ ပြောသွားတယ်။ ငွေကို ငွေနဲ့ ရှာတဲ့နည်းတွေ ပို့ချသွားတယ်။ သူက ကျွန်တော့်ကို လူပျင်းတစ်ယောက်လို့ မြင်တယ်။ အချိန်ဖြုန်းနေသူလို့ မြင်တယ်။ သူ့ရဲ့ ဒဿနဟာ 'အချိန် ညီမျှခြင်း ငွေ'ဖြစ်တယ်။

''ဒီမယ် မောင်ဘုန်း၊ ငွေရှာတဲ့အခါ ခပ်ညံ့ညံ့လူတွေက ကိုယ့်ရဲ့ကာယအားကိုသုံးပြီး ရှာတယ်။ နည်းနည်းအဆင့်မြင့်လာတဲ့ သူတွေကတော့ ကိုယ့်ရဲ့ဉာဏအားကိုသုံးပြီး ရှာတယ်။ တကယ့်အဆင့်မြင့်တဲ့သူတွေကတော့ အဲ့ဒီလူနှစ်မျိုးကို အသုံးချပြီး ငွေရှာတယ်ကွ။ သူများပေးတာကို ပေးသလောက်သာယူပြီး ငွေရှာတဲ့နည်းဟာ ဆင်းရဲမွဲတေခြင်းရဲ့ အခြေခံအကြောင်းတရားပဲ။ ချမ်းသာချင်ရင် သူများပေးသလောက်နဲ့ ရတဲ့ငွေ လုပ်အားစား၊ လုပ်ခစားဘဝမှာ အကြာကြီးမနေနဲ့။ ချမ်းသာချင်ရင် လူတွေရဲ့ စိတ်သဘာဝ တောင့်တချက်တွေကို ဖြည့်ဆည်းပေးတဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ လုပ်ရတယ်ကွ။ အိပ်မက်ကြီးကြီးမက်စမ်းပါကွာ။ အဆင့်မြင့်မြင့် ရည်မှန်းစမ်းပါ။ မင်းကို ကြည့်ရတာ အားမရပါဘူး။ ကျူရှင်ဆရာတဲ့ကွာ၊ တစ်မြို့လုံး လှည့်ပတ်ပြီး သင်တာတောင် တစ်နှစ်နေလို့ ငွေ (၁၀)သိန်း မစုမိဘူးတဲ့။ မင်း အခုလုပ်နေတာကို ငါကတော့ အလုပ်လုပ်နေတယ်လို့ မမြင်ဘူး''

သူက လူဆိုတာ လောကကြီးကို သိမ်းပိုက်ဖို့ ရောက်လာခြင်း ဖြစ်တယ်လို့ ခံယူတယ်။ လောကကြီးကို သိမ်းပိုက်ဖို့အတွက်ဆိုရင် ငွေများများရှိမှ ဖြစ်မယ်လို့ သူက ယုံကြည်တယ်။ သူက ဆက်ပြောတယ်။

''ဒီမယ် သူငယ်ချင်း။ (၁၀)တန်းသင်ရိုးထဲမှာ ရူပဗေဒဘာသာရပ် မင်း မှတ်မိတယ်မလား။ ဘယ်လောက်ပဲ အားစိုက်တွန်းတွန်း 'အရွေ့'ဆိုတာ မရှိရင် အလုပ်လို့ မခေါ်ဘူးတဲ့။ ဒီလိုပဲ ဘယ်လောက်ပဲ အလုပ် လုပ်လုပ် ငွေမဝင်ရင် အဲ့ဒီအလုပ်ကို အလုပ်လို့မခေါ်ဘူးကွ။ မင်းဟာ တော်တော် အပျင်းထူတဲ့

မြန်မာ စာအုပ်များ



ကောင်ပဲ။ ကြိုးစားစမ်းပါကွာ။ ငွေရှာစမ်းပါ။ ကားကောင်းကောင်း စီးစမ်းပါ။ တိုက်ကြီးကြီးနဲ့ နေစမ်းပါ။ လူဖြစ်တုန်း ငွေရှာရတာကွ။ မင်းကိုကြည့်ရတာ အတွေးအကြံမရှိတဲ့ ငတုံးတစ်ယောက်ပဲ။ မင်းအသက်က (၅၀)နီးပြီ။ အခုထိ ဘာကိုမှ မယ်မယ်ရရ မပိုင်ဆိုင်သေးဘူး မဟုတ်လား။ အခု ငါ့လုပ်ငန်းကို မန္တလေးမှာ လာပြီးတိုးချဲ့မယ်။ မင်းက ကိုယ်စားလှယ် လုပ်ပေး။ မင်းကို ချမ်းသာစေချင်လို့ပါ''

သူ့ကို ကျွန်တော် စကားအချေအတင် ဘာမှ မပြောလိုက်ပါဘူး။ လောက အမြင်ချင်း မတူသူတစ်ယောက်လို့ သဘောထားလိုက်ပါတယ်။ သူလည်း သူ့အမြင်နဲ့သူပေါ့။ ကျွန်တော်လည်း ကျွန်တော့်အမြင်နဲ့ ကျွန်တော်ပေါ့။

သူနဲ့ တွေ့ရတဲ့တစ်ခဏမှာ ကျွန်တော် စဉ်းစားမိတာလေးတွေ ရှိတယ်။

■

လူတွေဟာ ပုရွက်ဆိတ်နဲ့ တူပါတယ်။

ပုရွက်ဆိတ်တွေ အစာရှာကြတယ်။ လူတွေ ငွေရှာကြတယ်။

ပုရွက်ဆိတ်တွေ အစာရဖို့အတွက် ဝီရိယရှိကြတယ်။ လူတွေ ငွေရဖို့အတွက် လောဘ ရှိကြတယ်။

ပုရွက်ဆိတ်တွေ အစာကို စုဆောင်းကြတယ်။ လူတွေ ငွေကို ရင်းနှီး မြှုပ်နှံကြတယ်။

ပုရွက်ဆိတ်တစ်ကောင် ရှင်သန်ဖို့အတွက် အစားအစာ လိုအပ်တယ်။

လူတစ်ယောက် လူ့လောကအလယ်မှာ ဂုဏ်ရှိဖို့အတွက် ငွေလိုအပ်တယ်။

ပုရွက်ဆိတ်တွေ ခါးချိအောင် အစာကို သယ်ပိုးကြတယ်။ လူတွေ ကျန်းမာရေး ထိခိုက်လောက်အောင် ငွေကို ရှာကြတယ်။

နားချိန်မရှိ။ အားချိန်မရှိ။ ငွေနောက်ကို လိုက်နေကြတယ်။

ငွေရှိမှ လူရာဝင်တယ်။ ငွေရှိမှ ဂုဏ်ရှိတယ်။

ငွေဆိုတာ တန်ခိုးရှိတယ်။ ငွေဆိုတာ လောကကြီးကို လိုချင်သလို ဖန်တီးနိုင်တဲ့ မှော်ဆရာတစ်ယောက် ဖြစ်တယ်။

ငွေစက္ကူနဲ့ လုပ်ထားတဲ့ ဘုံဘဝဟာ လူတို့ဌာနီ ဖြစ်တယ်။

မြန်မာ စာအုပ်များ



လေကိုရှူပြီး အသက်ရှင်ကြတာ မဟုတ်ဘူး။ ငွေကိုရှူပြီး အသက်ရှင်နေကြတာ။

ငွေဆိုတာ ဒုတိယဘုရား ဖြစ်တယ်။ ငွေဆိုတာ တံခါးတိုင်းကို ဖွင့်နိုင်တဲ့ သော့တစ်ချောင်း ဖြစ်တယ်။

ငွေဆိုတာ အသွေးအသားကို လတ်ဆတ်စေတယ်။ ငွေဆိုတာ အာရုံကြောတွေကို လန်းဆန်းစေတယ်။

ငွေဆိုတာ လူတွေရဲ့ အချစ်ကို အလွယ်တကူ ဖမ်းစားနိုင်တဲ့ အလှနတ်သမီးတစ်ပါး ဖြစ်တယ်။

ငွေဆိုတာ လူတွေရဲ့ နှလုံးသားကို အလွယ်တကူ ပြုစားနိုင်တဲ့ တစ္ဆေတစ်ကောင် ဖြစ်တယ်။

ငွေဆိုတာ အသိဉာဏ်ရှိတဲ့ လူသားကို ထုံထိုင်းမှုန်မှိုင်းစေအောင် စွမ်းဆောင်နိုင်တဲ့ ဖန်ဆင်းရှင်နတ်ဘုရား ဖြစ်တယ်။

ငွေ...

ငွေ...

ငွေ...

သေအောင်ရှာမယ်။ ရအောင်ယူမယ်။ ဖြစ်အောင်လုပ်မယ်။

ပုရွက်ဆိတ်တစ်ကောင် ရှင်သန်ဖို့အတွက် ပေါင်မုန့်လိုအပ်ပါတယ်။ လူတစ်ယောက်ရှင်သန်ဖို့အတွက် ငွေလိုအပ်ပါတယ်။

ပုရွက်ဆိတ်တစ်ကောင်အတွက် လိုအပ်တဲ့ပေါင်မုန့်ဟာ ပေါင်မုန့်တစ်ချပ်လောက်ဆိုရင် ပြည့်စုံပါပြီ။ အကယ်၍များ ပုရွက်ဆိတ်တစ်ကောင်ဟာ ပေါင်မုန့်တစ်လုံးလောက်ထိ ပိုင်ဆိုင်ခွင့်ရမယ်ဆိုရင် အဲဒီပုရွက်ဆိတ်နေရာမှာ စဉ်းစားကြည့်ရအောင်။ ပုရွက်ဆိတ်တစ်ကောင် ရှင်သန်ရေးအတွက် ပေါင်မုန့်ဝေစုဟာ တစ်လုံးအထိ မလိုအပ်ပါဘူး။

အဲဒီ ပုရွက်ဆိတ်ဟာ ပေါင်မုန့်တစ်လုံး ပိုင်ဆိုင်မှုကြောင့် တာဝန်တွေပိုလာမယ်။ စိတ်မချမှုတွေ ဖြစ်လာမယ်။ ကိုယ်လည်းမစားနိုင်၊ သူများလည်း မကျွေးချင်ဖြစ်မှာ သေချာတယ်။ လာပြီးလုစားမှာလည်း စိုးရိမ်နေမိမှာ အမှန်ပဲ။ လိုအပ်ထာထက် ပိုနေတဲ့ ပေါင်မုန့်ကြောင့် 'ပုရွက်ဆိတ်တစ်ကောင်ရဲ့ ဘဝအဓိပ္ပာယ်ရှိမှု' ပျက်စီးသွားနိုင်တယ်။

မြန်မာ စာအုပ်များ



ပုရွက်ဆိတ်ဆိုတာ နေ့တိုင်း အစာရှာထွက်မှ ပုရွက်ဆိတ် ဘဝအဓိပ္ပာယ် လေးနက်မယ်။ ပေါင်မုန့်တစ်လုံး ပိုင်ဆိုင်ခွင့်ရတဲ့ ပုရွက်ဆိတ်ဟာ အဲဒီပိုင်ဆိုင်မှုကြောင့် အလုပ်လုပ်ခြင်းရဲ့ တန်ဖိုးကို မေ့လျော့သွားနိုင်တယ်။ ရှုးသွပ်သွားနိုင်တယ်။ ဘဝပျက်သွားနိုင်တယ်။

ဒီလိုပါပဲ…

ကျွန်တော်ဟာ ပုရွက်ဆိတ်တစ်ကောင် ဖြစ်တယ်။

ကျွန်တော့်သူငယ်ချင်း ပြောသလို ပေါင်မုန့်တစ်လုံးအထိ ကျွန်တော် မလိုချင်ပါ။ အခု ကျွန်တော့်မှာ 'ပေါင်မုန့်ဝေစု'အဖြစ် ပေါင်မုန့် (၂)ချပ်၊ (၃)ချပ် လောက်ရှိနေပါပြီ။ ကျွန်တော့်ဘဝအတွက် အဓိပ္ပာယ်ရှိတဲ့ ပိုင်ဆိုင်မှုပါ။ ပေါင်မုန့်တစ်လုံးအထိ ပိုင်ဆိုင်ခွင့်ရရင် ကျွန်တော် ရူးမှန်းမသိ ရူးသွားနိုင်တယ်။ ကျွန်တော် ဘဝ ပျက်သွားနိုင်တယ်။ အဲဒီလောက်အထိ မလိုအပ်ပါ။

ကျွန်တော့်ဘဝမှာ ပေါင်မုန့်တစ်လုံးရဖို့ထက် ရှိပြီးသား ပေါင်မုန့်ကို အဓိပ္ပာယ်ရှိရှိ သုံးစွဲဖို့၊ စားသောက်နေထိုင်ဖို့ ပိုပြီး အရေးကြီးမယ်လို့ ထင်မြင်မိပါတယ်။ ကျွန်တော့်သူငယ်ချင်းကိုတော့ ကျွန်တော် ဘာမှ မပြောလိုက်ပါဘူး။

■

ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ…

ပေါင်မုန့်တစ်လုံးအထိ ပိုင်ဆိုင်ခွင့်ရလို့ ဘဝပျက်ပြီး ရူးမှန်းမသိ ရူးသွပ်နေကြတဲ့ ပုရွက်ဆိတ်တွေ တွေ့ဖူးကြမှာပါ။ သူတို့ဟာ ပျော်တယ်လို့ ထင်နေကြတယ်။ ပိုင်ဆိုင်မှုရဲ့ နောက်ကွယ်က စိတ်မချမှုတွေ၊ စိုးရိမ်စိတ်တွေ၊ သောကတွေနဲ့ အိပ်ပျက်ညတွေ ပိုင်ဆိုင်နေရတဲ့ ပုရွက်ဆိတ်တွေဖြစ်နေမှန်း သူတို့ တွေးမိကြမယ် မထင်ပါဘူး။

လောဘနဲ့ အတ္တကို အဖော်ပြုလို့ ပေါင်မုန့်တစ်လုံးပြီးတစ်လုံး ပိုင်ဆိုင်ခွင့်ရဖို့ ကြိုးစားနေတဲ့ ပုရွက်ဆိတ်တွေလည်း ရှိနေပါသေးတယ်။

သူတို့ဟာ ပေါင်မုန့်တစ်လုံးမက ပိုင်ဆိုင်ခွင့်ရပြီး လူ့ဘဝရဲ့ အနှစ်သာရနဲ့ အဓိပ္ပာယ်ရှိမှု ပျက်စီးနေကြတဲ့ ပုရွက်ဆိတ်တွေပေါ့။ ကိုယ့်ကိုယ်ကိုယ် လူဖြစ်နေခြင်းရဲ့ တန်ဖိုးကို မမြင်ဘဲ အချိန်နဲ့အမျှ သိမ်းပိုက်ခြင်းရဲ့ အပူဒဏ်တွေနဲ့ အသက်ရှင်နေရတဲ့ သူတွေပေါ့။ သူတို့ကိုယ်သူတို့ သတိမပြုမိကြလို့ပါ။

မြန်မာ စာအုပ်များ



ဒီလိုပါပဲ...

ပေါင်မုန့်တစ်ဖဲ့လောက်တောင် ပိုင်ဆိုင်ခွင့်မရတဲ့ ပုရွက်ဆိတ်တွေလည်း အများကြီး ရှိနိုင်ပါတယ်။ ပေါင်မုန့်တစ်ဖဲ့ရဖို့အတွက် ကိုယ်ကျင့်တရားတွေကို ခြေထောက်နဲ့ နင်းချေနေရတဲ့ ပုရွက်ဆိတ်တွေလည်း အများကြီးရှိပါတယ်။ စာရိတ္တကို တန်ဖိုးမထားဘဲ ပေါင်မုန့်တစ်ဖဲ့နဲ့ အလဲအလှယ်လုပ်နေတဲ့ ပုရွက်ဆိတ်တွေလည်း အများကြီးပါ။ အမှန်တရားထက် ပေါင်မုန့်တစ်ဖဲ့က ပိုပြီး အရေးကြီးတယ်လို့ ခံယူတဲ့ ပုရွက်ဆိတ်တွေလည်း အများကြီးပါပဲ။

တကယ်တော့...

လူတွေဟာ ပုရွက်ဆိတ်တွေနဲ့ တူပါတယ်။

■

မြန်မာ စာအုပ်များ



မြန်မာ စာအုပ်များ

ကျွန်မတို့နိုင်ငံ ပြန်ရောက်ရင်
အားလုံးကို ပြောပြရမယ်။
ပေါ်ာဒီလက်ပဝါးတွေနဲ့
အားလုံးကို ကျေကျေနပ်နပ်ကြီး
အားပေးခဲ့တယ်။
ကျွန်မတို့ရဲ့မှဒီတာ လက်ပဝါးတွေကို
ကျွန်မတို့လက်ဆောင်အဖြစ်
ကျွန်မတို့တိုင်းပြည်ကို
ယူဆောင်သွားမှာပါ။

## မုဒိတာ လက်ဖဝါးများ

တရုတ်နိုင်ငံ ပေကျင်းမြို့မှာ ကျင်းပတဲ့ အိုလံပစ် အားကစားပြိုင်ပွဲဟာ (၂၄-၈-၂၀၀၈)နေ့မှာ ကျင်းပပြီးစီးခဲ့တယ်။ နိုင်ငံပေါင်းစုံက အားကစားနည်းပေါင်းစုံ ဝင်ရောက် ယှဉ်ပြိုင်ကြတယ်။ အိုလံပစ်အားကစားဖွင့်ပွဲနဲ့ ပိတ်ပွဲအခမ်းအနားကို မြင်တွေ့ရတာ အားရစရာလည်း ကောင်း၊ အားကျစရာလည်း ကောင်းလိုက်တာ။ ရင်သပ်ရှုမောဖွယ်ရာ ပြကွက်ဆန်းတွေကို မြင်တွေ့ရတာ အသက်တောင် မရှူမိဘူး။ အရမ်းကိုခေတ်မီပြီး အရမ်းတိုးတက်နေတဲ့ တရုတ်ကမ္ဘာကြီးကို ကျွန်တော်တို့ မြင်တွေ့လိုက်ကြရတယ်။

တကယ်တော့ အားကစားပွဲဆိုတာထက် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်စီးပွားရေးစနစ်၊ ကိုယ့်နိုင်ငံရေးစနစ် ဘယ်လောက်သိ ကောင်းမွန်တယ်ဆိုတာ ပြသနေခြင်းလို့တောင် ခံစားနေမိတယ်။

### ကမ္ဘာတစ်ခု အိပ်မက်တစ်ခု

အားကစားပြိုင်ပွဲအပြီး ပေကျင်း နိုင်ငံတကာလေဆိပ်မှာ ကိုယ့်တိုင်းပြည်ကိုယ့်ဌာနီကို ပြန်ကြရတဲ့ မြင်ကွင်းလေးကို CCTV ရုပ်သံဌာနက ထုတ်လွှင့်ပြသတာကို ကြည့်လိုက်ရတယ်။ နိုင်ငံပေါင်းစုံက လူမျိုးလည်း မတူ၊ ဘာသာစကားလည်း မတူ၊ ယုံကြည်မှု ဓလေ့ထုံးစံတွေလည်း မတူ၊ ယဉ်ကျေးမှုတွေလည်း မတူ၊ နိုင်ငံရေး စနစ်တွေလည်း မတူ။ အဲဒီလို ဘာမှ မတူညီကြတဲ့ ကမ္ဘာပေါ်က

မြန်မာ စာအုပ်များ



အားကစားသမားတွေက One World One Dream ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ အိပ်မက်တစ်ခုတည်းကို အတူတူ မက်ခွင့်ရခဲ့ကြတယ်။ ပေကျင်းနိုင်ငံတကာ လေဆိပ်မှာ တစ်ယောက်ကိုတစ်ယောက် နှုတ်ဆက်ကြတယ်။ ငိုကြတယ်။ မျက်ရည်ကျကြတယ်။ လေဆိပ်ထဲမှာ သတင်းသမားတွေ၊ ဂျာနယ်လစ်တွေက အားကစားသမားတွေကို အင်တာဗျူးကြတယ်။ အမေးအဖြေ လုပ်ကြတယ်။ အဲဒီအထဲက မှတ်မိသလောက်ကို ပြောပြပါရစေ။

## ခြေတစ်ဖက်မပါတဲ့ ရေကူးမယ်

တောင်အာဖရိကနိုင်ငံက ခြေထောက်တစ်ဖက် ဖြတ်ထားတဲ့ ရေကူးမယ်ကို အင်တာဗျူးလုပ်နေတာ မြင်လိုက်ရတယ်။ သူမဟာ မော်တော်ယာဉ် မတော်တဆ ဖြစ်မှုကြောင့် ဘယ်ဘက်ခြေထောက် ဖြတ်ပစ်လိုက်ရတယ်။ သူမဟာ တစ်ချိန်တုန်းက ရွှေတံဆိပ် (၅)ခုအထိ ဆွတ်ခူးနိုင်ခဲ့တဲ့ ရေကူးချန်ပီယံ အမျိုးသမီးလည်း ဖြစ်ခဲ့တယ်။ အခု အိုလံပစ်အားကစားပြိုင်ပွဲမှာ (၁၀)ကီလိုမီတာ ရေကူးပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်ခဲ့တယ်။ ဘာဆုတံဆိပ်မှ မရခဲ့ပါဘူး။

"ခင်ဗျား… ဘာဆုတံဆိပ်ရခဲ့ပါသလဲ"

"ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ကို ကျွန်မ မရခဲ့ဘူး။ ဒါပေမဲ့ အများကပေးတဲ့ ဆုတံဆိပ်ကိုတော့ ကျွန်မ ရခဲ့တယ်"

"ဘာဆုတံဆိပ်များပါလဲ"

"ပန်းတိုင်အထိရောက်အောင် ကျွန်မ ရေကူးပြနိုင်ခဲ့တယ်။ ဒါကြောင့် ပရိသတ်ကြီးက ကျွန်မရဲ့ ပန်းတိုင်အထိရောက်အောင် ရေကူးနိုင်စွမ်းကို လက်ခုပ်သြဘာတီးပြီး အားပေးခဲ့ကြတယ်။ ဆုတံဆိပ်ဆိုတာ ရွှေတွေ၊ ငွေတွေ၊ ကြေးတွေမှ မဟုတ်ပါဘူး။ ကမ္ဘာ့သူ ကမ္ဘာ့သားတွေရဲ့ လက်ခုပ်သံကလည်း ဆုတံဆိပ်ပါပဲ။ ကျေးဇူးတင်ပါတယ်"

သူ့ရဲ့ ဖြေကြားမှုဟာ သဘောကျစရာ ကောင်းလိုက်တာ။ အောင်မြင်မှုဆိုတာ မိမိရည်မှန်းချက်ကို ရောက်အောင် ဖန်တီးနိုင်စွမ်း ဖြစ်တယ်။ ဆုရခြင်း မရခြင်းထက် ပန်းတိုင်ထိရောက်အောင် လျှောက်လှမ်းနိုင်ခြင်းဟာ အောင်မြင်မှု ဖြစ်တယ်။

မြန်မာ စာအုပ်များ



## မုဒိတာ လက်ဖဝါးများ

ဘယ်နိုင်ငံကို ကိုယ်စားပြုတယ်တော့ ကျွန်တော် မမှတ်မိပါ။ ဘော်လီဘော အားကစား အမျိုးသမီးငယ်တစ်စုကို သတင်းထောက်တွေ ါ အင်တာဗျူး လုပ်နေတယ်။

"ပြိုင်ပွဲမှာ ဘယ်အဆင့်ထိ ရောက်ခဲ့လဲ"

"ပထမ ပတ်လည်ပွဲမှာတင် ကျွန်မတို့အဖွဲ့ ရှုံးပြီး ထွက်ခဲ့ရတယ်"

"ဒီလိုဆိုရင် ကိုယ့်နိုင်ငံအတွက် အိုလံပစ်အားကစားပြိုင်ပွဲကနေ ဘာတွေ ယူဆောင်သွားနိုင်ခဲ့သလဲ"

"ကျွန်မတို့တစ်တွေ အများကြီး ယူသွားနိုင်ခဲ့တယ်။ ကျွန်မတို့ရဲ့ လက်ဖဝါးတွေဟာ ဆုတံဆိပ်တွေကို လက်ခံရယူနိုင်ခွင့် မရှိခဲ့ဘူး။ ဒါပေမဲ့ အားကစားအသင်းအဖွဲ့တွေရဲ့ အားကစားပြိုင်ပွဲအားလုံးကို ဟောဒီလက်တွေနဲ့ အားပေးခဲ့တယ်။ မုဒိတာ အပြည့်ပါတဲ့ ဟောဒီလက်ဖဝါးတွေနဲ့ အားပေးခဲ့တယ်။ ကျွန်မတို့နိုင်ငံ ပြန်ရောက်ရင် အားလုံးကို ပြောပြရမယ်။ ဟောဒီလက်ဖဝါးတွေနဲ့ အားလုံးကို ကျေကျေနပ်နပ်ကြီး အားပေးခဲ့တယ်။ ကျွန်မတို့ရဲ့ မုဒိတာ လက်ဖဝါးတွေကို ကျွန်မတို့ လက်ဆောင်အဖြစ် ကျွန်မတို့တိုင်းပြည်ကို ယူဆောင်သွားမှာပါ"

ကိုယ်မနိုင်ပေမဲ့ သူနိုင်တာကို ကျေနပ်တဲ့စိတ်၊ ကိုယ်ရှုံးပေမဲ့ သူ မရှုံးတာကို အသိအမှတ် ပြုပေးနိုင်တဲ့စိတ်၊ ပြိုင်ပွဲဆိုတာ အနိုင်အရှုံးထက် ဂုဏ်သိက္ခာဆိုတဲ့ စိတ်။ ကောင်းလိုက်တဲ့ စိတ်ဓာတ်ဗျာ။ ကျွန်တော်တို့နဲ့တော့ ကွာပါ့ဗျာ။

## မြက်ခင်းစိမ်းစိမ်း

နောက်တစ်ယောက်က အသားမည်းမည်း၊ အာဖရိကတိုက်က ဖြစ်မယ်ထင်တယ်။ အပြေးသမားတစ်ယောက်ကို အင်တာဗျူး လုပ်နေတာ။

"အဆင်ပြေရဲ့လား"

"ပြေပါတယ်"

"ဘာအားကစားနည်းနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာလဲ"

"တာဝေးအပြေးပါ"

"ဘာဆုတံဆိပ် ရခဲ့သလဲ"

"ဘာမှမရခဲ့ပါဘူး"

မြန်မာ စာအုပ်များ



''ဘာပြောချင်လဲ''

''ပြိုင်ပွဲဆိုတာ အနိုင်အရှုံး နှစ်ခုတည်းအတွက် ပြိုင်ကြတာ မဟုတ်ဘူးလေ။ အားကစားစိတ်ဓာတ်တွေ၊ မျှတမှုတွေ၊ ညီညွတ်ခြင်းတွေ လုပ်ဆောင်နိုင်စွမ်းတွေကိုလည်း ထည့်ပြီး ပြိုင်ကြရတာလေ။ အိုလံပစ်အားကစားပြိုင်ပွဲကြီးရဲ့ မြက်ခင်းစိမ်းစိမ်းပေါ်မှာ ပြေးလွှားပြိုင်ဆိုင်ခွင့်ရခဲ့တာ တစ်ခုတည်းနဲ့တင် ကျွန်တော် ကျေနပ်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးက သူရဲကောင်းတွေအားလုံးနဲ့ ကျွန်တော် အတူတူ ပြေးခွင့်ရခဲ့တယ်လေ။ ဒီအတွက် ကျွန်တော့်ကိုယ်ကျွန်တော် ဂုဏ်ယူလို့ မဆုံးပါဘူး''

သူတို့ဖြေတဲ့ စကားတွေက မှတ်သားစရာ ကောင်းလိုက်တာ။ အတုယူစရာ ကောင်းလိုက်တာ။ ကျွန်တော်တို့က ပြိုင်ရင်နိုင်မှ ကြိုက်တယ်။ ပြိုင်လို့ မနိုင်ရင် စိတ်ဓာတ်ကျတယ်။ နိုင်တဲ့သူကို မကျေနပ်ဘူး။

## သူတို့ကိုက တော်တာပါ

ဘယ်ဘက်မျက်စိကို သားရေပြားနဲ့ အုပ်ထားတဲ့ လူတစ်ယောက်ကို အင်တာဗျူး လုပ်နေတာကို မြင်လိုက်ရတယ်။

''နောင်ကြီးက ဘာအားကစားနည်းနဲ့ ဝင်ရောက်ယှဉ်ပြိုင်တာလဲ''

''သေနတ်ပစ်''

''ဘာဆုတံဆိပ်ရခဲ့သလဲ''

''နိုး… ဘာဆုတံဆိပ်မှ မရပါဘူး''

''ဒါနဲ့ နောင်ကြီးရဲ့ ဘယ်ဘက်မျက်လုံးက…''


''ကျုပ်က မျက်စိတစ်ဖက် ပျက်စီးနေတာ''

''မျက်စိနှစ်လုံးစလုံး ကောင်းတဲ့သူနဲ့ ယှဉ်ပြိုင်ရတာဆိုတော့…''

''နိုး… နိုး… သေနတ်ပစ်တယ်ဆိုတာ မျက်စိတစ်ဖက်ကို မှိတ်ရတယ်လေ။ မျက်စိနှစ်လုံးစလုံး မလိုဘူး။ ကျုပ်က ထူးပြီး မျက်စိတစ်ဖက် ပိတ်စရာ မလိုတော့ဘူး။ တကယ်တော့ ကျုပ်ကတောင် သူတို့ထက်သာသင့်တာ။ ကျုပ်မညံ့ပါဘူး။ သူတို့ကိုက တော်လွန်းတာပါဗျာ''

■

မြန်မာ စာအုပ်များ



မြန်မာ စာအုပ်များ

သူနိုင် ငါနိုင် အပြိုင်လုရင်း
ဝဋ်သိက္ခာတွေ ကျခဲ့ကြရတယ်။
နောင်တတွေကို မျိုချရင်းနဲ့
အသက်တွေ ကြီးလာကြတယ်။
ကိုယ်လည်း မစားရ၊
သူစားဖို့အတွက်လည်း မကျွေးချင်နဲ့။
ဘဝဆိုတာ သေချာတွေးကြည့်ရင်
ရှက်စရာ ကောင်းလိုက်တာ။

## ဆိတ်နှစ်ကောင်

စိတ်ညစ်စရာ ကောင်းလိုက်တာ။ မင်္ဂလာဆောင်ထားတာမှ လေးငါးနှစ် ရှိသေးတယ်။ ကွဲကြပြီ။

ကျွန်တော့်ရဲ့ တပည့်တွေ အခုဆိုရင် အသက်က (၃၀)ကျော်၊ အိမ်ထောင်ရှင် တွေ ဖြစ်နေကြပြီ။ သူတို့ မင်္ဂလာဆောင်တုန်းကလည်း သူတို့ဖိတ်လို့ ကျွန်တော်က သွားရတယ်။ မိန်းမတောင်းတော့လည်း လူကြီးအနေနဲ့ ကျွန်တော်က လိုက်ရ တယ်။ အခုလည်း အိမ်ထောင်ကွဲကြတော့ ကျွန်တော့်အိမ်ကိုလာပြီး ငိုကြတယ်။

''ဆရာ··· သူနဲ့ ကျွန်မ ကွဲကြပြီ''

တပည့်မလေးရဲ့ ရင်ခွင်ထဲမှာလည်း နို့စို့ကလေးလေးနဲ့။

''ဒါနဲ့ အကြီးကောင်ရော''

''သူနဲ့ ပါသွားတယ် ဆရာ''

''ဘာဖြစ်လို့ ကွဲကြတာတုံး''

''မပြောချင်ပါဘူး··· ဆရာရယ်''

ဒီလို 'မပြောချင်ပါဘူး'လို့ ဆိုတဲ့စကားစလိုက်ရင် ကျွန်တော် တော်တော် ကြောက်တယ်။

''ဒီလို ဆရာရဲ့၊ သူက ကျောက်စိမ်းလုပ်တယ်၊ ဆရာ သိပါတယ်။ အလုပ်မဖြစ်တာ အတော်ကြာပြီ။ အိမ်ငှားတဲ့ လခတွေလည်း မပေးနိုင်ဘူး။ ဒီလိုနဲ့ ကျွန်မက သူ့ကို ကျွန်မအိမ် လိုက်နေဖို့ခေါ်တယ်။ သူက သူ့အိမ်ကို လိုက်နေဖို့ ကျွန်မကိုခေါ်တယ်။ ကျွန်မကလည်း မလိုက်နိုင်။ သူကလည်း

မြန်မာ စာအုပ်များ



မလိုက်နိုင်။ ကျွန်မကလည်း ယောက္ခမနဲ့ မနေနိုင်ဘူး။ သူ့အဖေနဲ့ အမေက သိပ်အတ္တကြီးတာ ဆရာရဲ့။ အသက်ကြီးလေ အတ္တကြီးလေပဲ။ ဒါကြောင့် ကျွန်မအိမ်ကို လိုက်ခဲ့ဖို့ပြောတော့ သူကလည်း ကျွန်မလိုပဲ ကျွန်မ အဖေကို အရက်သမားကြီးလို့ ပြောတယ်။ ကျွန်မအမေကို ကိုရီးယားမင်းသမီးရူး ရူးနေတဲ့ မိန်းမကြီးလို့ ပြောတယ်။ မလိုက်နိုင်ဘူးလို့ ပြောတယ်။ ဒီလိုနဲ့ ကွဲကြတာပဲ။ အကြီးကောင်ကို သူခေါ်သွားတယ်။ အငယ်ကောင်က ကျွန်မနဲ့ ကျန်ခဲ့တာပဲ ဆရာရေ။ အခု ကျွန်မက ကျွန်မအမေ့အိမ်ကို ပြန်နေတယ်''

ဒီခေတ်လူငယ်တွေ မစဉ်းစားကြဘူး။ မဆင်ခြင်ကြဘူး။ မျက်စိသူငယ် နားသူငယ်နဲ့ ဥမမည် စာမမြောက် ကလေးနှစ်ယောက်ဟာ သနားစရာကောင်း လိုက်တာ။

ဒီလိုနဲ့ စာသင်ခန်းထဲမှာ ကလေးတွေကို စာသင်ရင်း တစ်ယောက်ချင်း သူတို့မိဘတွေအကြောင်း တိုးတိုးတိတ်တိတ် မေးမိတယ်။

အားလားလား… မိသားစု (၁၀၀)လောက်မှာ အိမ်ထောင်ကွဲနေတဲ့ မိသားစု (၄၀)လောက် ရှိသကိုး။

ပြောမယ့်သာ ပြောရတာပါ။ ကျွန်တော်ငယ်ငယ်တုန်းက ကျွန်တော့်အဖေနဲ့ အမေလည်း ကွဲခဲ့ဖူးတာပဲ။

ဒီလို လင်ကွဲ၊ မယားကွဲ၊ မိသားစုကွဲတွေ မြင်တွေ့ပြီး ပုံပြင်လေးတစ်ပုဒ် ပြောချင်လာမိတယ်။

ပုံပြင်လေးက 'ဆိတ်နှစ်ကောင်'တဲ့။

■

တစ်ခါက…

'ဆိတ်'တွေကို ထိန်းကျောင်းရတဲ့ 'ဆိတ်ကျောင်းသားလေး'တစ်ယောက်ရှိ တယ်။ သူဟာ ဆိတ်ကျောင်းရင်း မြက်ရိတ်ရတယ်။ အပြန်မှာ ရိတ်လို့ရလာတဲ့ မြက်တွေကို ရောင်းရတယ်။

တစ်ခါတော့ သူ့မှာ သိပ်ခေါင်းမာတဲ့ ဆိတ်နှစ်ကောင် ရှိတယ်။ ကျန်တဲ့ ဆိတ်တွေကို လွှတ်ပြီးထားတယ်။ ခေါင်းမာတဲ့ ဆိတ်နှစ်ကောင်ကိုတော့ (၁၀)ပေ လောက်ရှည်တဲ့ကြိုးနဲ့ ထိပ်နှစ်ဖက်မှာ ချည်ထားတယ်။ ချည်တဲ့အခါမှာလည်း 'လျှော့ကွင်း'နဲ့ ချည်းထားတာ ဖြစ်တယ်။ တစ်ကောင်က ရုန်းလို့ရှိရင် နှစ်ကောင်

မြန်မာ စာအုပ်များ



စလုံး လည်ပင်း 'အစ်'တော့တာပါပဲ။ ဒီလို 'လျှော့ကွင်း'နဲ့ ချည်ထားတာကြောင့် သူတို့နှစ်ကောင်ဟာ ဝေးဝေးကို မသွားနိုင်ကြဘူး။ တခြားဆိတ်တွေကတော့ တောထဲမှာ မြက်ခင်းပေါ်မှာ အရွက်နုကလေးတွေကို စိတ်ကြိုက်စားသောက်ခွင့် ရကြတယ်လေ။ ဒီလိုနဲ့ တစ်နေ့မှာ…

ဆိတ်ကျောင်းသားလေးက မြက်တွေကိုရိတ်ပြီး ပြန်လာတယ်။ ခေါင်းမာတဲ့ ဆိတ်နှစ်ကောင်ဟာလည်း ဘာမှ မစားသေးဘူး။ သနားတဲ့စိတ်ကလေး ဖြစ်ပေါ် လာတယ်။ ဒါကြောင့် မြက်ထုံးတစ်ထုံးကို ဆိတ်တစ်ကောင်ရဲ့ မနီးမဝေးမှာ ပစ်ချလိုက်တယ်။ နောက်ထပ် မြက်ထုံးတစ်ထုံးကိုလည်း ကျန်တဲ့ ဆိတ်တစ်ကောင် ရဲ့ မနီးမဝေးမှာ ပစ်ချလိုက်တယ်။ အဲဒီလို မြက်ထုံးနှစ်ထုံးကို ပစ်ချပြီးတဲ့နောက် မြက်ရိတ်ဖို့ ပြန်ပြီး ထွက်သွားပါတော့တယ်။

ဆိတ်တစ်ကောင်ဟာ သူ့အနီးအနားကို မြက်ထုံးတစ်ထုံး 'ဘုတ်ခနဲ'ကျလာ တာမြင်ရော အဲဒီမြက်ထုံးဆီကို အပြေးသွားပါတော့တယ်။ သူက သွားတော့ လျှော့ကြိုးကြီးက တင်းလာတော့တာပေါ့။ သူ့စိတ်ထဲမှာ 'ငါ့ကို မစားစေချင်လို့ ဟိုကောင်က ဆောင့်ဆွဲတာဖြစ်မယ်'လို့ တွေးပြီး ဒေါသတွေ ထွက်လာတယ်။ ဒီလိုပဲ ဟိုဘက်ဆိတ်ကလည်း သူနဲ့နီးတဲ့ မြက်ထုံးဆီကို အရောက်သွားတယ်။ ဆိတ်နှစ်ကောင်စလုံးဟာ ကိုယ်နဲ့နီးတဲ့ မြက်ထုံးဆီကို ရောက်အောင်သွားကြရင်းနဲ့ ကြိုးကြီးက တင်းသထက် တင်းလာတယ်။ လည်ပင်းဟာလည်း 'အစ်'သထက် 'အစ်'လာတယ်။ လွန်ဆွဲနေသလိုပါပဲ။ နှစ်ကောင်စလုံး မြက်ထုံးဆီကို မရောက် နိုင်ကြဘူး။ နှစ်ကောင်စလုံးရဲ့ စိတ်ထဲမှာလည်း မာနကိုယ်စီနဲ့ပေါ့။ ဒေါသ ကိုယ်စီနဲ့ပေါ့။ အာဃာတကိုယ်စီနဲ့ပေါ့။ ဆိတ်တစ်ကောင်က ဆွဲ၊ ကျန်ဆိတ် တစ်ကောင်ကလည်း ပြန်ဆွဲ။ ဒီလိုနဲ့ မြက်မစားရဘဲ လည်ပင်းအစ်လို့ နှစ် ကောင်စလုံး သေပွဲဝင်သွားကြပါတော့တယ်။

မြက်ရိတ်ပြီး ပြန်လာတဲ့ ဆိတ်ကျောင်းသားလေးဟာ သူ့ရဲ့ ဆိတ်နှစ်ကောင် သေနေတာကို တွေ့လိုက်ရတယ်။ လည်းပင်းမှာလည်း 'လျှော့ကြိုး'ကြီးက တင်းလို့။ မြက်ထုံးကလည်း အရာတောင် မယွင်းဘူး။ ဒီဆိတ်နှစ်ကောင်ကို နောက်ဆုံးမှာတော့ 'အသားပေါ်'ပြီး ရွာထဲကို ဆိတ်သားအဖြစ် ရောင်းစားလိုက် ပါတော့တယ်။

■

မြန်မာ စာအုပ်များ



တကယ်တော့ ဖြစ်သင့်တာက...

ဆိတ်တစ်ကောင်ဟာ ကျန်ဆိတ်တစ်ကောင်နဲ့ ပူးပေါင်းပြီး မြက်ထုံးတစ်ထုံးကို နှစ်ကောင် အတူစားသင့်တယ်။ အဲဒီ မြက်ထုံးကုန်သွားပြီဆိုမှ နောက် မြက်ထုံး တစ်ထုံးကို နှစ်ကောင် အတူသွားစားရင် ရတာပဲ။ အခုတော့ ခေါင်းမာလိုက်ကြ တဲ့ ဆိတ်နှစ်ကောင်။ မြက်လည်း မစားရ။ သေရှာကြရော။ သူတို့ဟာ ဆိတ်တွေ ဆိုတော့ အသိဉာဏ် မရှိကြဘူးလေ။

■

ကျွန်တော်တို့ ပတ်ဝန်းကျင်မှာလည်း မြက်ထုံးနှစ်ထုံးနဲ့ ဆိတ်နှစ်ကောင်လို ဇာတ်လမ်းတွေ အများကြီးရှိပါတယ်။ ခေါင်းမာတဲ့ ဆိတ်နှစ်ကောင်နဲ့တူတဲ့ လူတွေ အများကြီးရှိပါတယ်။

တစ်ခါတလေ ကျွန်တော်ကိုယ်တိုင် ဆင်ခြင်တုံတရားမဲ့တဲ့ ဆိတ်နှစ်ကောင် လိုလူ ဖြစ်နေတတ်ပြန်တယ်။

ဒီအတွက် တစ်ယောက်က တစ်ယောက်ကို အလျှော့မပေး၊ တစ်ယောက်က တစ်ယောက်ကို နားမလည်၊ မာနချင်းပြိုင်လို့။

သူနိုင် ငါနိုင် အပြိုင်လုရင်း ဂုဏ်သိက္ခာတွေ ကျခဲ့ကြရတယ်။ နောင်တတွေ ကို မျိုချရင်းနဲ့ အသက်တွေ ကြီးလာကြတယ်။ ကိုယ်လည်း မစားရ၊ သူစားဖို့ အတွက်လည်း မကျွေးချင်နဲ့။ ဘဝဆိုတာ သေချာတွေးကြည့်ရင် ရှက်စရာ ကောင်းလိုက်တာ။

ကွဲကွာသွားကြရတဲ့... ကွဲကွာနေကြရတဲ့...

မိသားစုတွေ... အိမ်ထောင်စုတွေ...

လင်မယားတွေ... ချစ်သူတွေ...

သူငယ်ချင်းတွေ... မိတ်ဆွေတွေ...


အနာဂတ်ကို ပုံဖော်နိုင်စွမ်းရှိတဲ့သူတွေ...

အများအကျိုးကို သယ်ပိုးနေကြပါတယ်ဆိုတဲ့ ဦးဆောင်သူတွေ... လူ့အဖွဲ့ အစည်းတွေအတွက်...

ဒီမြက်ထုံးနှစ်ထုံးနဲ့ ဆိတ်နှစ်ကောင်ရဲ့ ဖြစ်ရပ်ကလေးကို ကြည့်ပြီး...

■

မြန်မာ စာအုပ်များ



မြန်မာ စာအုပ်များ

ကောင်းကင်ပေါ်က
ကြယ်တွေဆိုတာ
အလိုလိုနေရင်း
ဖြစ်လာတာ မဟုတ်ဘူး။
တို့လူတွေ သေရင်
ကောင်းကင်မှာ
ကြယ်တွေ ဖြစ်လာနိုင်တယ်။
ဒါပေမဲ့
သေတဲ့လူတိုင်းတော့
ကောင်းကင်မှာ
ကြယ်တွေ မဖြစ်နိုင်ဘူး။

# ကြယ်

တန်ဆောင်မုန်းလပြည့်ညမှာပေါ့။ လကလည်း သာလိုက်တာ။ အိမ်ရှေ့က စိန်ပန်းပင်ကြီးအောက်မှာ မြေးအဘိုးနှစ်ယောက် အချီအချ စကားပြောနေကြတယ်။

''ဘိုး… စိန်ပန်းပင်လို့ ဘာလို့ခေါ်တာလဲ''

မြေးက အသက် (၄)နှစ်ကျော်လောက်ရှိပြီ။ စကားတတ်ခါစအရွယ်ဖြစ်တော့ ဟိုမေး၊ ဒီမေးနဲ့။ သူမေးတဲ့မေးခွန်းတွေဟာ တစ်ခါတလေ ဖြေရ တော်တော်ခက်တယ်။

''ဘိုး… စိန်ပန်းပင်က ဘာလို့အနီရောင်တွေ ပွင့်တာလဲ ဘိုး''

''သတ္တိရှိတဲ့ သစ်ပင်တွေက အနီရောင်ပန်းတွေ ပွင့်တယ်ကွ။ သတ္တိနည်းတဲ့ သစ်ပင်တွေကျတော့ တခြားအရောင်တွေ ပွင့်တယ်မြေးရ''

''ဒါဆိုရင် သားသားက စိန်းပန်းပင်ကြီးကို ချစ်သွားပြီ''

မြေးကလေးရဲ့ နာမည်က 'ချစ်တိုး'တဲ့။ စကားလည်း တတ်သလို အဆော့လည်း အလွန်သန်တယ်။ အိမ်မှာဆို 'ချစ်တိုး'ကို 'မျောက်မူးလဲ'လို့ ခေါ်ကြတယ်။ တစ်အိမ်လုံး သူ မဖျက်ဆီးဖူးတဲ့ပစ္စည်း မရှိဘူး။ တစ်အိမ်လုံးလည်း သူ့ကြောင့် အမြဲရှုပ်ပွနေတတ်တယ်။

''ဘိုး… ဒီနေ့ ဘာနေ့လဲ ဘိုး''

''တန်ဆောင်မုန်းလပြည့်နေ့ကွ''

''ဘာလို့ တန်ဆောင်မုန်းလပြည့်နေ့လို့ ခေါ်တာလဲ… ဘိုး''

မြန်မာ စာအုပ်များ



“သီတင်းကျွတ်လပြည့်ပြီးလို့ တန်ဆောင်မုန်းလပြည့် ခေါ်တာပေါ့ကွ။ မင်း တော်တော် အမေးအမြန်းထူတဲ့ကောင်ပဲ။ ပေါက်ပေါက်ရှာရှာလည်း မေးမှမေးတတ်ပလေ့ကွာ”

ဒီလိုနဲ့ အဲဒီနေ့ညမှာ မြေးအဘိုးနှစ်ယောက် ကောင်းကင်ကြီးကို မော့ကြည့်ပြီး စကားတွေပြောကြတယ်။ မြေးကလည်း မေးတယ်။ အဘိုးကလည်း ဖြေတယ်။ အဘိုးဖြေသမျှကို မြေးက လိုက်ပြီးမေးတယ်။ ပြောတယ်။

“ဘိုးရေ ကောင်းကင်မှာ လမင်းကြီးနဲ့အတူတူ အလင်းရောင်လေးတွေ ထွက်နေတယ်။ အဲဒါဟာ ဘာတွေလဲ”

“ကြယ်တွေလို့ ခေါ်တယ် မြေးရ”

“ကြယ်တွေက ဘာလို့ဖြစ်ရတာလဲ ဘိုးရဲ့”

“ဒီလိုကွ မြေးရ။ ကောင်းကင်ပေါ်က ကြယ်တွေဆိုတာ အလိုလိုနေရင်း ဖြစ်လာတာမဟုတ်ဘူး။ တို့လူတွေသေရင် ကောင်းကင်မှာ ကြယ်တွေ ဖြစ်လာနိုင်တယ်။ ဒါပေမဲ့ သေတဲ့လူတိုင်းတော့ ကောင်းကင်မှာ ကြယ်တွေ မဖြစ်နိုင်ဘူး”

“ဘိုး စကားကလည်း ရှုပ်လိုက်တာ”

“မင်း သေချာနားထောင်။ ဟိုး… နားက တအားလင်းလက်နေတဲ့ ကြယ်ကြီးတစ်လုံး တွေ့လား”

“တွေ့တယ်… ဘိုး”

“အဲဒီ ကြယ်ကြီးရဲ့နာမည်က ရှင်အရဟံလို့ ခေါ်တယ်ကွ”

“ရှင်အရဟံဆိုတာ ဘာလဲ… ဘိုး”

“မြေးလေးတို့… ဘိုးတို့ရဲ့ ကျေးဇူးရှင်ပေါ့။ သူ့ကြောင့် ဘိုးတို့တစ်တွေ လူယဉ်ကျေးတွေ ဖြစ်ခဲ့ကြတာ။ အဲဒီကြယ်နားက ကြယ်ကြီးတစ်လုံးရော တွေ့လားကွ”

အဘိုးက ကောင်းကင်ကို လက်ညှိုးထိုးပြတယ်။

“ဟိုး… နားက ကြယ်ကို ပြောတာလား… ဘိုး”

“အေး… ဟုတ်တယ်။ အဲဒီ ကြယ်ကြီးမှာလည်း နာမည်ရှိတယ်။ ‘အနော်ရထာ’လို့ခေါ်တယ် သားရဲ့”

“အနော်ရထာဆိုတာ ဘာလဲ… ဘိုးရယ်”

“အနော်ရထာဆိုတာ မြေးတို့၊ ဘိုးတို့ရဲ့ ပထမဆုံး သူရဲကောင်းပဲ။ သူက

အခု မရှိတော့ဘူး။ သေသွားပြီကွ။ ဒါပေမဲ့ သူက ကောင်းတာတွေ လုပ်ခဲ့တယ်။ လူတွေကို ကူညီခဲ့တယ်။ ကိုယ်ချင်းစာခဲ့တယ်။ သူတစ်ယောက်တည်းအတွက် မစဉ်းစားဘဲ အများအတွက် စဉ်းစားပေးခဲ့တယ်။ ဒါကြောင့် ကောင်းကင်မှာ ကြယ်ကြီးတစ်လုံးအဖြစ် မှတ်တမ်းတင် ခံထားရတာပဲ။ သူ့ရဲ့ဘေးနားက ကြယ်တွေမှာလည်း နာမည်တွေ ရှိတယ်ကွ။ 'ကျွန်စစ်သား'ကြယ်တဲ့၊ 'ဘုရင့်နောင်' ကြယ်တဲ့၊ 'အလောင်းဘုရား'ကြယ်တဲ့၊ 'မဟာဗန္ဓုလ'ကြယ်တဲ့၊ 'ကနောင် မင်းသားကြီး'ကြယ်တဲ့၊ 'ဗိုလ်ချုပ်အောင်ဆန်း'ကြယ်တဲ့၊ 'ဗိုလ်မှူးဗထူး' ကြယ်တဲ့''

'ချစ်တိုး'လေးဟာ ငြိမ်ပြီး နားထောင်နေတယ်။ ကောင်းကင်ကြီးက ကြယ်တွေကို မော့ကြည့်လိုက်။ သူ့အဘိုးရဲ့မျက်နှာကို မော့ကြည့်လိုက်နဲ့။ ခေါင်းတညိတ်ညိတ် လုပ်နေရှာတယ်။

''မြေးရဲ့… ခုနက ဘိုး ပြောတဲ့ ကြယ်တွေက တိုင်းပြည်ရဲ့ သူရဲကောင်းတွေ သိလား။ ဟိုးဘက်က ကြယ်အစုဝေးကြီးမှာလည်း နာမည်တွေ ရှိတယ် မြေးရဲ့''

''သားကို ပြောပြလေ''

''မှတ်ထားမြေးရဲ့၊ အဲဒီကြယ်စုထဲက အလင်းဆုံးကြယ်ကြီးကို တွေ့လား။ အဲဒီကြယ်ကြီးက မိုးကုတ်ဆရာတော်ဘုရားကြီးပေါ့ကွာ။ အဲဒီဘေးနားမှာရှိတဲ့ နောက်ထပ်ကြယ်တွေကလည်း မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၊ မင်းကွန်း ဆရာတော်ဘုရားကြီးတွေပဲ။ ဟိုအနားက ကြယ်က လယ်တီဆရာတော်တဲ့။ ဟိုနားလေးက ကြယ်တစ်ပွင့်ကတော့ ဝေဘူဆရာတော်တဲ့''

''ဘိုး… သူတို့ ဘယ်သူတွေတုံး''

''သူတို့က ဘိုးတို့ကို လိမ္မာအောင်၊ ယဉ်ကျေးအောင် သွန်သင်ပေးခဲ့တဲ့ ကျေးဇူးရှင်ကြီးတွေပဲ။ အဓိပ္ပာယ်ရှိတဲ့ ဘဝတစ်ခုဖြစ်ဖို့ ဆုံးမပေးခဲ့တဲ့ ကျေးဇူးရှင် တွေပဲ။ ဟိုးဘက်နားက ကြယ်တွေရော မြင်လား''

မြေးအဘိုးနှစ်ယောက်ဟာ လသာသာညမှာ စကားကောင်းနေကြပါ တော့တယ်။

''အဲဒီကြယ်တွေကတော့ နတ်သျှင်နောင်တဲ့၊ ရှင်မဟာရဋ္ဌသာရတဲ့၊ ဦးပုညတဲ့၊ ယောမင်းကြီး ဦးဘိုးလှိုင်တဲ့၊ ဆရာဇော်ဂျီတဲ့၊ မင်းသုဝဏ်တဲ့၊ ပီမိုးနင်း တဲ့၊ မြသန်းတင့်တဲ့၊ နယ်ဉ်တဲ့''

''နာမည်တွေကလည်း စုံနေတာပဲနော် ဘိုး''

''ဟုတ်တယ်ကွ။ သူတို့ကကျတော့ စာပေပညာရှင်ကြီးတွေလေ။ နောက် ရှိသေးတယ်။ အဲဒီကြယ်စုကြီးရဲ့ ဘေးနားလေးက ကြယ်တွေကလည်း အတူတူပဲ။ ဟိုးဘက်က ကြယ်ကြီးက မြို့မငြိမ်းတဲ့၊ ဒီဘက်က ကြယ်ကြီးက နန်းတော်ရှေ့ ဆရာတင်တဲ့၊ ဟိုးနားက ကြယ်ကြီးက ပေါ်ဦးသက်တဲ့၊ ဟိုနားက ကြယ်ကြီး ကတော့ စိန်ဗေဒါတဲ့၊ ဦးသုခတဲ့၊ ရွှေတိုင်ညွန့်တဲ့''

အဲဒီအချိန်မှာ မြေးကလေးက ဝင်ပြီးမေးတယ်။

''ဘိုးရော သေရင် ကြယ်ဖြစ်လာမှာလားဟင်''

''ဘိုးကတော့ ကြယ်မဖြစ်နိုင်ဘူး မြေးရဲ့''

''ဘာလို့လဲ''

''ကြယ်ဖြစ်ဖို့ မလွယ်ဘူး မြေးရဲ့''

''ဘိုးကသာ မလွယ်ဘူးပြောနေတယ်၊ အခု ဘိုးပြောတဲ့ နာမည်တွေကိုက အများကြီးဖြစ်နေပြီ။ ဒါဖြင့်ရင် ဘယ်လိုလူတွေက ကြယ်ဖြစ်နိုင်တာလဲ ဘိုးရဲ့''

''အများအကျိုးဆောင်ရွက်တတ်တဲ့သူ၊ ကိုယ့်ကျိုးစွန့်တဲ့သူ၊ ယဉ်ကျေးမှုကို မြှင့်တင်ပေးနိုင်တဲ့သူတွေသာ ကောင်းကင်မှာ ကြယ်တွေ ဖြစ်လာတာ''

''သားကတော့ ကောင်းကင်က ကြယ်တွေကို အားကျတယ်။ ကြယ်တွေ ဖြစ်အောင် ကြိုးစားမယ်။ ဘိုးက သားကို သင်ပေးလေ''

အဘိုးဖြစ်သူဟာ သူ့မြေးကိုကြည့်ပြီး ကျေကျေနပ်နပ်ကြီး ပြုံးလိုက်တယ်။ သူ့မြေးဟာ ဘာမဆို ဖြစ်နိုင်တယ်လေ။ ကောင်းတဲ့သူလည်း ဖြစ်နိုင်တယ်။ ဆိုးတဲ့သူလည်း ဖြစ်သွားနိုင်တယ်။ အခု ကောင်းကင်က ကြယ်ကြီး ဖြစ်ချင်တယ်တဲ့။ အဘိုးရဲ့ စိတ်ထဲမှာ ကြယ်နူးမှုတွေ၊ ပီတိတွေအပြည့်နဲ့ ကျေနပ်နေတယ်။


အဲဒီအချိန်မှာ မြေးပြောလိုက်တဲ့ စကားကြောင့်...

အံ့သြဝမ်းနည်း ဖြစ်သွားရပြန်တယ်။

''သားက ဘိုးကို ကောင်းကင်မှာရှိတဲ့ ကြယ်ကြီးတစ်လုံး ဖြစ်စေချင်တာ။ ဘိုးက ဘာဖြစ်လို့ ကြယ်ကြီးဖြစ်အောင် မလုပ်တာလဲ''တဲ့။

■

မြန်မာ စာအုပ်များ



❝

စာရိတ္တ သယံဇာတ
စည်းကမ်း သယံဇာတ
ညီညွတ်ခြင်း သယံဇာတ
ခွင့်လွှတ်ခြင်း သယံဇာတ
သည်းခံခြင်း သယံဇာတ
အပြန်အလှန် ယုံကြည်မှု သယံဇာတ
အပြန်အလှန် လေးစားမှု သယံဇာတ
အပြန်အလှန် နားလည်ပေးမှု သယံဇာတ
ပူးပေါင်းဆောင်ရွက်လိုမှု
သယံဇာတတွေဟာ...

❞

# ရင်တွင်းသယ်ဇာတ

ကျွန်တော် စာသွားသင်တဲ့ နန်းရှေ့က လမ်းမကြီးပေါ်မှာ ဟောင်းနွမ်းဆွေးမြည့်နေတဲ့ ပျဉ်းထောင်အိမ်ကြီးတစ်လုံး ရှိတယ်။ အဲဒီအိမ်ကြီးကို သတိပြုမိနေတာကြာပြီ။ အိမ်ခေါင်မိုးတွေဟာ သွပ်တွေနဲ့လည်း မိုးထားတယ်။ တချို့နေရာမှာ ဝါးကပ်တွေနဲ့လည်း မိုးထားတယ်။ အိမ်ကြီးက ညာဘက်ကို ယိုင်နေတယ်။ ပြတင်းပေါက်တွေကလည်း ကျိုးတာကကျိုး၊ ပဲ့တာကပဲ့နဲ့။ အိမ်အပေါ်ကို တက်တဲ့လှေကားကလည်း လှေကားထစ်တွေ ပြုတ်ထွက်နေတယ်။ လှူဝင်ပေါက် တံခါးမကြီးကလည်း ပတ္တာတွေ မရှိတော့ဘူး။ အဲဒီအိမ်ကြီးထဲမှာ ဝါးထရံအစုတ်တွေနဲ့ အခန်းတွေ ဖွဲ့ထားတယ်။ လူတွေကလည်း အများကြီးပဲ။ မိသားစုတွေ အများကြီး စုပေါင်းပြီး နေကြပုံရတယ်။ 'အိမ်သာ'ဆိုတာကလည်း အမိုးမရှိ။ သွပ်အစုတ်ကလေးတွေနဲ့ ကာရံထားတယ်။ ခြံတံခါး မရှိဘူး။ ကျိုးပဲ့နေတဲ့ သစ်သားအတိုအစတွေနဲ့ အိမ်ဝင်းကို ခတ်ထားတယ်။ အိမ်ဝင်းထဲမှာလည်း အမှိုက်တွေက ရှုပ်ပွနေတယ်။ ဗွက်တွေ၊ ရွှံ့တွေနဲ့ ကြည့်မကောင်း၊ မြင်မကောင်းအောင် ညစ်ပတ်နေတယ်။

အဲဒီအိမ်ကြီးနဲ့ မျက်နှာချင်းဆိုင်မှာ ကွမ်းယာဆိုင်တစ်ဆိုင် ရှိတယ်။ ကျွန်တော် အဲဒီကွမ်းယာဆိုင်မှာ ဆိုင်ကယ်ကို ထားတယ်၊ အပ်တယ်။ ပြီးမှ စာသွားသင်ရမယ့်နေရာကို ခြေကျင်သွားတယ်။ ကွမ်းယာဆိုင်ပိုင်ရှင်က ကျွန်တော့်ထက် အသက် (၁၀)နှစ်လောက်ကြီးတယ်။ အသက် (၆၀)နီးပါးလောက် ရှိပြီ။

မြန်မာ စာအုပ်များ



သူနဲ့ ခင်မင်မိတော့ အဲဒီအိမ်ကြီးအကြောင်းကို မေးမိတယ်။ စပ်စုမိတယ်။

"ဆရာရေ… ဒီအိမ်ကြီးမှာ ညီအစ်ကိုမောင်နှမ (၅)ယောက်နေတယ်။ သူတို့ရဲ့ မိဘနှစ်ပါးစလုံး မရှိကြတော့ဘူး။ သူတို့ရဲ့ အဖေက အရောင်းအဝယ်လုပ်တယ်။ အလုပ်ကြိုးစားတယ်။ သူတို့ရဲ့ အမေကလည်း စည်းစနစ်ရှိတယ်၊ ရိုးသားတယ်၊ စုဆောင်းတတ်တယ်။ ဒီလိုနဲ့ ဒီပျဉ်ထောင်အိမ်ကြီးကို ဆောက်ခဲ့ကြတာ။ ကျုပ်တို့လမ်းထဲမှာ တစ်ချိန်တုန်းက ဒီအိမ်ကြီးက အသားနားဆုံးပဲ။ အလှူအတန်းဆိုလည်း ရက်ရောတယ်။ ဘာသာတရားလည်း ကိုင်းရှိုင်းတယ်"

"ဆုံးသွားတာ ဘယ်လောက်ကြာပြီလဲ"

"(၁၅)နှစ်လောက်တော့ ရှိပြီ။ သားသမီး (၅)ယောက် ကျန်ခဲ့တယ်။ သားအကြီး (၃)ယောက်နဲ့ သမီး (၂)ယောက် ရှိတယ်။ အဖေနဲ့ အမေကလည်း အရောင်းအဝယ် သွားကြရင်းနဲ့ တစ်နေရာမှာ ငှက်ဖျားမိပြီး ဆုံးပါးသွားခဲ့ကြတာ"

"ဒါဆိုရင် ဒီအိမ်ကြီးမှာနေတဲ့ သားတွေ၊ သမီးတွေက အဖေ၊ အမေရဲ့ လုပ်ငန်းကို ဆက်မလုပ်ကြဘူးလား"

"မလုပ်ကြပါဘူးဗျာ။ ယောကျ်ားရင့်မာကြီး (၃)ဦးစလုံးက အရက်သောက်ကြတယ်။ မလိမ္မာကြဘူး။ အလုပ် မလုပ်ကြဘူး။ လက်ကြော မတင်းကြဘူး။ ပညာကို ကြိုးစားပြီး မသင်ယူကြဘူး။ အရက်မူးလာပြီဆိုရင် ညီအစ်ကိုတစ်တွေ ရန်ဖြစ်ကြတယ်။ သမီး (၂)ယောက်ကလည်း ဒီလိုပါပဲ။ လောင်းကစားမျိုးစုံ အကုန်လုပ်တယ်။ အိမ်လည်တယ်။ အိမ်အလုပ် ဘာမှမလုပ်ချင်ဘူး။ သူတို့ ယူထားတဲ့ ယောကျ်ားတွေ၊ မိန်းမတွေကလည်း အပျင်းထူတယ်။ ဘဝရှေ့ရေးကို ဘာမှ မစဉ်းစားကြဘူး။ မနက်အစောကြီးလည်း ရန်ဖြစ်ကြတယ်။ ညနေစောင်းလည်း ရန်ဖြစ်ကြတယ်။ ဒီအိမ်ကြီးမှာ အကုန်စုပေါင်းပြီး နေကြတယ်။ ချစ်လို့ အတူနေကြတာ မဟုတ်ဘူး။ ဒီအိမ်ကြီးပေါ်က ဘယ်သူမှ မဆင်းကြဘူး။ ဒီအိမ်ကြီးကိုလည်း ဘယ်သူမှ တာဝန်ယူပြီး မပြင်ဆင်ကြဘူး။ မြင်တဲ့ အတိုင်းပဲလေ။ ဒီအိမ်ကြီးပေါ်က ဆင်းပေးလိုက်ရင် 'အမွေ'မရကြမှာ စိုးလို့တဲ့။ ဒီအိမ်နဲ့ ဒီမြေကို ရောင်းချင်နေကြတာ။ မောင်နှမ (၅)ယောက်ပိုင်တယ်ဆိုတော့ အရောင်းအဝယ်ဖြစ်ဖို့ကလည်း မလွယ်ဘူး။ တစ်ယောက်က ရောင်းချင်ရင် နောက်တစ်ယောက်က ကန့်ကွက်နဲ့။ အခုမြင်ရတဲ့ ပုံစံအတိုင်း ပုံပျက်ပန်းပျက် အိမ်ကြီးဖြစ်နေတော့တာပဲ"

မြန်မာ စာအုပ်များ



"ဟုတ်မှာပေါ့လေ။ ဒီအိမ်ကြီးရဲ့ မြေတန်ဖိုးက သေးမှ မသေးဘဲ။ လိုချင်ကြမှာပဲ"

နန်းရှေ့ကို ကျွန်တော်က စာလာသင်ရတာဆိုတော့ ဒီအိမ်ရှေ့ကို ညနေ (၆)နာရီလောက်ဆို ရောက်တတ်တယ်။ အဲဒီအချိန်ဆိုရင် ဒီအိမ်ထဲမှာ အရက်မူးပြီး ရန်ဖြစ်နေကြတယ်။ အော်ဟစ်နေကြတယ်။ ငိုနေကြတယ်။ စိတ်ညစ်စရာ ကောင်းလိုက်တာ။

■

နွေရာသီ ကျောင်းပိတ်ရက် (၂)လမှာ နန်းရှေ့ဘက်ကို ကျွန်တော် မရောက်ဖြစ်ခဲ့ပါ။ ကျောင်းဖွင့်တဲ့အချိန် ကျွန်တော် ရောက်သွားတော့ ကျွန်တော် စိတ်ဝင်စားတဲ့ ပျဉ်ထောင်အိမ်ဟောင်းကြီး မရှိတော့ဘူး။ မောင်နှမ (၅)ယောက်က အိမ်ကြီးကို ဖျက်လိုက်ကြတယ်။ မြေကို (၅)ပုံအညီ ပုံလိုက်ကြတယ်။ မျက်နှာစာက ပေ (၆၀)လောက်ရှိတာဆိုတော့ တစ်ယောက်ကို (၁၂)ပေစီ အညီအမျှ ခွဲယူကြတယ်။ အရှည်က ပေ (၄၀)လောက်ရှိတယ်။ အဲဒီ မြေနေရာကျဉ်းကျဉ်း သေးသေးရှည်ရှည်လေးမှာ တဲအိမ်လေး (၅)လုံးနဲ့ မောင်နှမ (၅)ယောက်ဟာ ကိုယ့်ဝင်းထရံကို ကိုယ်ခတ်လို့ သူစိမ်းတွေလိုပဲ ဖြစ်နေကြတယ်။ ကိုယ်ပိုင်တဲ့ မြေကို ကိုယ်ကြိုက်သလို ရောင်းကြမယ်ပေါ့။

ဒီနှစ် ဝါမဝင်ခင်မှာ အဲဒီထဲက မြေ (၂)ကွက်ကို မိသားစု (၁)စုက ပေါက်ဈေးပေးပြီး ဝယ်လိုက်ကြတယ်။ ရိုးရိုး နှစ်ထပ်အိမ်လေးတစ်လုံး ဆောက်လိုက်ကြတယ်။ ဝယ်တဲ့သူက အဲဒီနေရာမှာ ကွန်ပျူတာ စာစီစာရိုက် လုပ်ငန်းလေးနဲ့ အသက်မွေးတယ်။ အဖေကြီးနဲ့ အမေကြီးက အသက် (၆၀)ကျော်ကြပြီ။ သမီး (၃)ယောက်ပါတယ်။ သားယောကျ်ားလေး တစ်ယောက်မှ မပါဘူး။ အဲဒီ သမီး (၃)ယောက်မှာ အငယ်ဆုံးသမီးက ကွန်ပျူတာ စာစီစာရိုက် ကျွမ်းကျင်တယ်။ အလတ်မက မိတ္တူကူးပေးတယ်။ အကြီးဆုံး သမီးမိန်းကလေးက ထမင်းဟင်း ချက်တယ်။ အဖေကြီးနဲ့ အမေကြီးက စာရွက်တွေကို ကူပြီးချုပ်ပေးတယ်။ အဲဒီ မိသားစုကိုကြည့်ပြီး ကျွန်တော့်ရင်ထဲမှာ စိတ်ချမ်းသာတယ်။ မိသားတစ်စုလုံး အလုပ်လုပ်ကြတယ်။ ရန်မဖြစ်ကြဘူး။ မတွက်ကတ်ကြဘူး။ သူ့အလုပ် ကိုယ့်အလုပ် ခွဲခြားမထားဘူး။ ဦးတဲ့သူက ဝင်ပြီးလုပ်ကြတယ်။ သီချင်းတအေးအေးနဲ့

မြန်မာ စာအုပ်များ



တော်တော်ပျော်စရာကောင်းပြီး ငြိမ်းချမ်းတဲ့မိသားစုပဲ။

ကျွန်တော်က အဲဒီကွန်ပျူတာဆိုင်မှာ စာစီစာရိုက် အလုပ်အပ်တယ်။ တစ်ခါတလေ စာအုပ်ချုပ်ပြီးတဲ့အထိ အလုပ်ကို လုပ်ခိုင်းတယ်။ စနစ်တကျ လုပ်ပေးကြတယ်။ ကျွန်တော့် မျက်စိအောက်မှာ အဲဒီအိမ်ကလေးဟာ သာယာလာတယ်။ တိုးတက်လာတယ်။

အရင်တုန်းက ဒီနေရာမှာ ဆွေးမြည့်နေတဲ့ ပျဉ်ထောင်အိမ်ကြီးရယ်၊ အလုပ်မလုပ်ချင်ဘဲ 'အမွေ'လိုချင်လို့ တစ်ယောက်ကိုတစ်ယောက် ရန်စောင်နေပြီး မညီညွတ်တဲ့ ညီအစ်ကိုမောင်နှမတွေရယ် နေခဲ့ကြတယ်။ အခုတော့ ဒီနေရာမှာ သာမန်နှစ်ထပ်အိမ်လေး တစ်လုံးရယ်၊ အလုပ်ကြိုးစားပြီး ညီညွတ်တဲ့ မိသားစုလေးကို မြင်တွေ့ရတာ စိတ်ထဲမှာ 'ရင်တွင်းသယံဇာတ'ဆိုတဲ့ အတွေးကလေးတစ်ခု ရလာတယ်။

■

'သယံဇာတ'ဆိုရင် ရေနံတွေ၊ ကျောက်မီးသွေးတွေ၊ ကျောက်စိမ်းတွေ၊ တွင်းထွက်တွေ၊ သစ်တောတွေ၊ ရေမြေသဘာဝတွေကို ပြေးပြီး မြင်မိကြမှာပါပဲ။ အဲဒီ 'သယံဇာတ'တွေဟာ ကျွန်တော်တို့ကို တကယ်ကြီးပွားအောင် လုပ်ပေးနိုင်ပါသလား။

အရင်တုန်းက ဒီလမ်းထဲက အိမ်အိုကြီးလိုပေါ့။ တန်ဖိုးရှိတဲ့ မြေကြီးရှိတယ်။ ဒါပေမဲ့ ဒီမြေကြီးပေါ်မှာနေတဲ့ မောင်နှမတွေက အလုပ်မလုပ်ကြဘူး။ စာရိတ္တမကောင်းကြဘူး။ စည်းကမ်း မရှိကြဘူး။ မညီညွတ်ကြဘူး။ တစ်ယောက်ကိုတစ်ယောက် နားလည်မှု မရှိကြဘူး။ အပြန်အလှန် ယုံကြည်မှု မရှိကြဘူး။ လေးစားမှု မရှိကြဘူး။ အဲဒီစိတ်တွေကြောင့် တန်ဖိုးရှိတဲ့ မြေကြီးပေါ်မှာနေပြီး တန်ဖိုးမရှိတဲ့ မိသားစုဖြစ်ခဲ့ကြရတယ်။ ဒီမြေကြီးပေါ်မှာပဲ နောက်ထပ်မိသားစုတစ်စု ရောက်လာတယ်။ သူတို့ကတော့ ညီညွတ်တယ်။ စည်းကမ်းရှိတယ်။ အလုပ်လုပ်တယ်။ စာရိတ္တ ကောင်းတယ်။ တစ်ယောက်ကိုတစ်ယောက် နားလည်မှု ရှိတယ်။ ယုံကြည်မှုရှိတယ်။ အပြန်အလှန် လေးစားမှုရှိတယ်။ ဒီတော့ ဒီမိသားစုရဲ့ ဘဝဟာ သာယာတာပေါ့။ ငြိမ်းချမ်းတာပေါ့။ တိုးတက်တာပေါ့။

■

မြန်မာ စာအုပ်များ



အဲဒီမိသားစု (၂)စုကို နှိုင်းယှဥ်ပြီး 'ရင်တွင်းသယံဇာတ'တွေရဲ့ တန်ဖိုးကို ကျွန်တော် သတိပြုမိလာတယ်။


တိုးတက်တဲ့ မိသားစုဘဝကို ပိုင်ဆိုင်ချင်တယ်ဆိုရင်၊ ငြိမ်းချမ်းတဲ့ မိသားစုဘဝကို ပိုင်ဆိုင်ချင်တယ်ဆိုရင်၊ သာယာတဲ့ မိသားစုဘဝကို ပိုင်ဆိုင်ချင်တယ်ဆိုရင် 'ရင်တွင်း သယံဇာတ'ရှိမှ ဖြစ်မယ်။ 'ရင်တွင်းသယံဇာတ'ဆိုတာ လူတိုင်းကိုယ်စီရင်ထဲမှာ သဘာဝအလျောက် ရှိပြီးသား ကောင်းမြတ်တဲ့ စိတ်ဆန္ဒများဖြစ်ပါတယ်။ လူတွေ ပြောပြောနေကြတဲ့ 'လူသားအရင်းအမြစ်'ဆိုတာနဲ့ အတူတူပါပဲ။ 'ရင်တွင်းသယံဇာတ'ဆိုတာ အဝေးကြီးကိုသွားပြီး ရှာနေစရာ မလိုပါဘူး။ ကိုယ့်ရဲ့စိတ်ထဲမှာ၊ ကိုယ့်ရဲ့ နှလုံးသားထဲမှာ၊ ကိုယ့်ရဲ့ အသိဉာဏ်ထဲမှာ အစဉ်အမြဲရှိနေပါတယ်။ အဲဒီ 'ရင်တွင်းသယံဇာတ'ကို ကျွန်တော်တို့ မေ့နေကြတယ်။ သတိမပြုမိကြဘူး။

စာရိတ္တသယံဇာတ၊ စည်းကမ်းသယံဇာတ၊ ညီညွတ်ခြင်းသယံဇာတ၊ ခွင့်လွှတ်ခြင်းသယံဇာတ၊ သည်းခံခြင်းသယံဇာတ၊ အပြန်အလှန် ယုံကြည်မှုသယံဇာတ၊ အပြန်အလှန် လေးစားမှုသယံဇာတ၊ အပြန်အလှန် နားလည်ပေးမှုသယံဇာတ၊ ပူးပေါင်းဆောင်ရွက်လိုမှု သယံဇာတတွေဟာ မမြင်ရတဲ့ 'ရင်တွင်းသယံဇာတ'တွေပါပဲ။

အဲဒီ 'ရင်တွင်းသယံဇာတ'တွေကို နူးညံ့တဲ့ နှလုံးသားနဲ့တူးဖော်ပြီး ရင့်ကျက်တဲ့ အသိဉာဏ်နဲ့ သာယာတဲ့၊ ငြိမ်ချမ်းတဲ့၊ အောင်မြင်တဲ့ မိသားစုဘဝကို တည်ဆောက်ကြရအောင်လားဗျာ။

■

မြန်မာ စာအုပ်များ



မြန်မာ စာအုပ်များ

အမေ့ သားမှာလည်း
'ငယ်ချစ်ဦး'ရှိသလို
သမီးမှာလည်း
'ငယ်ချစ်ဦး'ရှိတာပဲ။
စဉ်းစား ကြည့်ကြစမ်း။
သားကို
စပြီး ချစ်ရေးဆိုခဲ့တဲ့သူဟာ
သားရဲ့
ဟောဒီ အမေနဲ့
ဟောဒီ အဖေပဲ။
သားကလည်း
စပြီး ချစ်တတ်ခဲ့တာ၊
ချစ်ခဲ့တာလည်း
ဟောဒီ အဖေနဲ့ အမေပဲ။

# ယော်ချစ်ဦး

ကျွန်တော် ၂၀၀၈၊ ဒီဇင်ဘာလမှာ အသက် (၄၉)နှစ် ပြည့်ပါတယ်။ ကျွန်တော်က နတ်တော်လဆန်း (၇)ရက်နေ့မှာ မွေးတယ်။ အေးချမ်းလှတဲ့ ဆောင်းလမှာ မွေးတဲ့သူ ဖြစ်တယ်။ မွေးနေ့မှာ မဟာမုနိဘုရားကြီးကို သွားတယ်။ ရွှေသင်္ကန်း ကပ်တယ်။ အောင်တော်မူဘုရားကို သွားတယ်။ မိသားစုနဲ့အတူတူ မန္တလေးတောင်ကို သွားတယ်။ အပြန်မှာ မွေးနေ့အထိမ်းအမှတ်အဖြစ် ကန်တော်ကြီးစောင်းက (၁၂)ပန်းနား ထိုင်းရိုးရာစားသောက်ဆိုင်မှာ မိသားစုနဲ့အတူ ညစာ စားကြတယ်။

ကျွန်တော်တို့ မိသားစုမှာ ကျွန်တော့်ရဲ့ အဖေနဲ့အမေ ပါတယ်။ ကျွန်တော့် ဇနီးလည်း ပါတယ်။ မွေးစားသမီးတွေဖြစ်တဲ့ တူမနှစ်ယောက်လည်း ပါတယ်။ (၁၂)ပန်းနား စားသောက်ဆိုင်မှာ ညနေစာ စားရင်း မိသားစုနဲ့အတူ စကားပြောဖြစ်ကြတယ်။

တူမလေးနှစ်ယောက်ကတော့ ပန်းခြံထဲမှာ သွားပြီး ဆော့ကစားနေတယ်။ အမေက ထိုင်းရိုးရာအစားအစာကို အရမ်းကြိုက်တယ်။ အမေက ဟင်းဆိုရင် စပ်စပ်ချိုချိုလေးကို ကြိုက်တတ်သူဆိုတော့ ထိုင်းရိုးရာဟင်းတွေနဲ့ ခံတွင်းတွေ့နေရာတယ်။ အဖေကတော့ ရှိနေတဲ့ 'သွား'လေးတွေနဲ့ ကြက်ကောက်ရိုးမီးကင်ကို စားရာတယ်။ ဘယ်ဘက်အံသွားနဲ့ ဝါးလိုက်၊ ရှေ့သွားနဲ့ ဝါးလိုက်လုပ်ပြီး ဟင်းတွေကို ကြိုးစားပြီး စားရှာတယ်။ မျိုချတယ်။

မြန်မာ စာအုပ်များ



ကျွန်တော့်မွေးနေ့ညက အမေနဲ့ကျွန်တော် ပြောဖြစ်ခဲ့တဲ့ စကားလေးတွေကို ဒီကနေ့အထိ သတိရနေမိတယ်။ အမေပြောတဲ့စကားတွေ မေးခွန်းတွေဟာ ကျွန်တော့်ရင်ကို လာပြီး ထိမှန်တယ်။ ဒီကနေ့ထိ ခံစားနေမိတယ်။ အမေတိုင်း၊ အဖေတိုင်းရဲ့ ရင်ထဲက ခံစားချက်ကို ကျွန်တော် မြင်လာမိတယ်။ အသက်ကြီးတဲ့ အထိ တစိမ့်စိမ့်ကြည့်ပြီး ချစ်တတ်တဲ့ မိခင်တွေရဲ့စိတ်ကို ကျွန်တော် ဒီနေရာမှာ တွေ့လိုက်ရတယ်။

"သားကို အမေ မေးစရာရှိတယ်၊ ပြောစရာရှိတယ်။ အမှန်အတိုင်း ဖြေရမယ်။ စဉ်းစားပြီးတော့ ဖြေရမယ်"

"ပြောပါ အမေ"

"ငါ့သားမှာ 'ငယ်ချစ်ဦး' ရှိခဲ့ဖူးသလား"

အမေ့ မေးခွန်းကြောင့် ကျွန်တော် နည်းနည်း အနေရအထိုင်ရ ခက်သွားတယ်။ ကျွန်တော့်ဘေးနားမှာက ကျွန်တော့်မိန်းမ ရှိနေတာကိုး။ သူနဲ့က တက္ကသိုလ်မှာ တွေ့ပြီး ကြိုက်ခဲ့တယ်။ ချစ်ခဲ့ကြတယ်။ သူ့အရင် ရည်းစားတွေ ကျွန်တော့်မှာ ရှိခဲ့ဖူးတယ်။ သူ့ရှေ့မှာ အမေက မေးတော့ ကျွန်တော်ဖြေဖို့ တော်တော် အခက်တွေ့သွားတယ်။

"အမေ မေးတာ ဖြေလေ သားရဲ့၊ သားမှာ 'ငယ်ချစ်ဦး··· အချစ်ဦး' ရှိခဲ့ဖူးတယ်။ သား သေသေချာချာ စဉ်းစားကြည့်စမ်း။ သားမှာ 'ငယ်ချစ်ဦး' ရှိခဲ့ဖူးတာ အမေ သိတယ်"

အမေ့စကားကို ကြားတော့ (၉)တန်းတုန်းက ချစ်ခဲ့ဖူးတဲ့ ကောင်မလေးကို ပြေးပြီး သတိရမိတယ်။ ကျွန်တော်က (၉)တန်းလောက်ကတည်းက ရည်းစားထား ခဲ့ဖူးတာ။ (၉)တန်း မရောက်ခင်ကတည်းက ရင်ခုန်တတ်တဲ့ကောင်။ လှတပတ ကောင်မလေးတွေ တွေ့ရင် သူတို့အကြောင်းကို စာဖွဲ့ချင်တယ်။ ကဗျာရေးချင် တယ်။ (၈)တန်း၊ (၉)တန်းလောက်ကတည်းက ဂစ်တာတီးတတ်တော့ ကိုယ် ကြိုက်တဲ့ ကောင်မလေးတွေအကြောင်းကို သီချင်းလုပ်ပြီး ဆိုတယ်။ ကျွန်တော်က အဲဒီလောက်ထိကို 'ကဲ'ခဲ့တဲ့ အကောင်။ အမေက 'ငယ်ချစ်ဦး' ရှိလားလို့ မေးတော့ ကျွန်တော့်မိန်းမရှေ့မှာ ဖြေဖို့ မလွယ်တဲ့မေးခွန်း ဖြစ်နေတယ်။

"သား··· သေသေချာချာ စဉ်းစားကြည့်စမ်း။ သားက အမေ့မျက်စိရှေ့မှာ တဖြည်းဖြည်းချင်းနဲ့ လူဖြစ်လာခဲ့တာ။ သားမွေးစကနေ ဒီကနေ့အထိ သားရဲ့အပြု

မြန်မာ စာအုပ်များ



အမူတွေ၊ အနေအထိုင်တွေ၊ အပြောအဆိုတွေ၊ ခန္ဓာကိုယ် ဖွံ့ဖြိုးလာပုံတွေကို အမေက တစိမ့်စိမ့်ကြည့်နေခဲ့တဲ့သူ။ သားအကြောင်းကို အမေက အသိဆုံး။ ဒီတော့ သားမှာ 'ငယ်ချစ်ဦး'ရှိခဲ့ဖူးတာလည်း အမေသိတယ်။ ချစ်သူတွေ၊ ရည်းစားတွေ ထားခဲ့တာ၊ ရှိခဲ့တာလည်း အမေသိတယ်။ အမေသိချင်တာက မင်းရဲ့ 'ငယ်ချစ်ဦး' ဘယ်သူလဲ ဆိုတာပဲ''

ကျွန်တော့်စိတ်ထဲမှာ ငယ်ငယ်တုန်းက ရင်ခုန်ခဲ့ရတဲ့ ကောင်မလေးတွေ တန်းစီပြီး ပေါ်လာပါတယ်။ နာမည်တွေတော့ ဖော်မပြချင်တော့ပါဘူး။ သူတို့လည်း သူ့တို့ဘဝနဲ့သူတို့၊ သူတို့အိမ်ထောင်နဲ့သူတို့ ဖြစ်နေကြပြီဆိုတော့။ အမေ့မေးခွန်းကြောင့် ကျွန်တော့်စိတ်ထဲမှာ ကျွန်တော့်အကြောင်းကို ကျွန်တော် ပြန်တွေးမိတယ်။

ကျွန်တော် တော်တော် 'ကဲ'ခဲ့တဲ့ အကောင်ပဲ။ စာလေး ကဗျာလေးကလည်း ဖွဲ့တတ်၊ ရေးတတ်၊ ဂစ်တာကလေးကလည်း တီးတတ်ဆိုတော့ ငယ်ငယ်တုန်းက ရင်ခုန်သံတွေ၊ အဲဒီရင်ခုန်သံက ဖြစ်လာတဲ့ အချစ်တွေ၊ ချစ်သူတွေ။ သူတို့နဲ့ လျှောက်လည်ခဲ့ကြတာတွေ အားလုံးတန်းစီပြီး စဉ်းစားနေမိတယ်။ တချို့ ကောင်မလေးတွေကျတော့ လှလို့ ကျွန်တော်က ကြိုက်တယ်။ တချို့ကောင်မလေးတွေကျတော့ ချစ်စရာကောင်းလို့ ကျွန်တော်က ချစ်မိပြန်တယ်။ တချို့ ကောင်မလေးတွေကျတော့ သူငယ်ချင်းတွေက မြှောက်ပေးလို့ ရည်းစားစကား ပြောမိပြန်တယ်။ တချို့ကောင်မလေးတွေကျတော့ အနေနီးတော့ သံယောဇဉ်ဖြစ်ပြီး ဘာလိုလို ညာလိုလို ချစ်သူတွေ ဖြစ်ခဲ့ဖူးပါတယ်။ အမေ မေးတဲ့ 'ငယ်ချစ်ဦး' ဆိုတာကို ကျွန်တော့်စိတ်ထဲမှာ စဉ်းစားနေမိတယ်။

''သားက သားရဲ့မိန်းမရှေ့မှာမို့လို့ ဖြေဖို့ခက်နေတာလား။ ကဲ သမီးရေ သူ့အဖြေကို သမီးလည်း သိချင်မှာပဲ။ အမေ့သားမှာ 'ငယ်ချစ်ဦး'ရှိခဲ့ဖူးတယ် သမီးရဲ့။ အမေ့သားက အခု သူ့ရဲ့ 'ငယ်ချစ်ဦး'ကို မေ့နေပြီ သမီးရဲ့။ အမေက ဒီကောင့်အကြောင်းကို ကောင်းကောင်းသိတယ်''

အမေ့စကားကြောင့် ကျွန်တော့်မိန်းမက မျက်နှာ အတော်ကြီးကို ပျက်သွားတယ်။ မိန်းမဆိုတာက သိကြတဲ့အတိုင်းပဲ။ အချစ်နဲ့ပတ်သက်ရင် မရဘူးလေ။

''အမေရယ် ကျွန်တော်စဉ်းစားရ တော်တော်ခက်နေတယ်။ ကျွန်တော်က ချစ်သူတွေ များခဲ့တာဆိုတော့ ဘယ်သူ့ကို 'ငယ်ချစ်ဦး'ပါလို့ ဖြေဖို့မလွယ်

မြန်မာ စာအုပ်များ



ဘူးဗျ။ တကယ်လို့ ကျွန်တော်ဖြေလိုက်ရင် ကျွန်တော့်မွေးနေ့ည အိမ်အပြန်မှာ ကျွန်တော့် မိန်းမနဲ့ ကျွန်တော် ရန်ဖြစ်မှာ သေချာပေါက်ပဲ အမေ။ အမေ့မေးခွန်းကို ကျွန်တော် မဖြေပါရစေနဲ့''

''မင်း သေသေချာချာ စဉ်းစားကြည့်စမ်းပါ။ မင်းရဲ့ 'ယယ်ချစ်ဦး'ကို မင်း မေ့နေတယ်။ မင်းရဲ့ 'ယယ်ချစ်ဦး' ဘယ်သူလဲဆိုတာ မင်းမိန်းမ အရှေ့မှာ မင်း... ဖြေလို့ရပါတယ်''

ကျွန်တော် အတော်ကြီးကို အကျပ်ရိုက်နေမိတော့တယ်။

''အမေရယ်... ကျွန်တော် မဖြေပါရစေနဲ့''

အမေက ကျွန်တော့်ကို ပြုံးပြီး စိုက်ကြည့်နေတယ်။ အမေ့ရဲ့အပြုံးမှာ အဓိပ္ပာယ်တွေ အများကြီးရှိနေတယ်။ ကျွန်တော့်မှာ ဒီဇင်ဘာလ၊ နတ်တော်လကြီး ဖြစ်ပြီး ချွေးတွေ ထွက်လာတယ်။

''ကဲ သား မဖြေတတ်ရင် သားကိုယ်စား အမေက အဖြေပေးမယ်''

အဲဒီအချိန်မှာ ကျွန်တော့်ရဲ့မိန်းမက အမေ့ရဲ့ အဖြေစကားကို စိတ်ဝင်တစား ဖြစ်နေမှာ သေချာတယ်။

''သားရယ်... သားရဲ့ 'ယယ်ချစ်ဦး' ဆိုတာ ဘယ်သူလဲ၊ သားက သေချာမှ မစဉ်းစားပဲ။ သားသမီးတွေတိုင်းမှာ 'ယယ်ချစ်ဦး'တွေ ကိုယ်စီရှိကြတယ်။ အမေ့ သားမှာလည်း 'ယယ်ချစ်ဦး' ရှိသလို သမီးမှာလည်း 'ယယ်ချစ်ဦး' ရှိတာပဲ။ စဉ်းစားကြည့်ကြစမ်း။ သားကို စပြီး ချစ်ရေးဆိုခဲ့တဲ့သူဟာ သားရဲ့ ဟောဒီ အမေနဲ့ ဟောဒီ အဖေပဲ။ သားကလည်း စပြီး ချစ်တတ်ခဲ့တာ၊ ချစ်ခဲ့တာလည်း ဟောဒီ အဖေနဲ့ အမေပဲ။ ဒီအဖေနဲ့ ဒီအမေ မချစ်တော့မှာကို သား အရမ်းစိုးရိမ် ခဲ့ဖူးတယ် မဟုတ်လား။ အမေကလည်း ခဏခဏ မေးဖူးတယ်။ အမေ့ကို ချစ်လားလို့။ သားကလည်း ခဏခဏ မေးခဲ့ဖူးတယ်။ သားကို ချစ်ရဲ့လားလို့။ တစ်ယောက်တစ်ယောက် အပြန်အလှန် ချစ်ခဲ့ကြတယ်။ မင်းမျက်စိအောက်က အမေနဲ့အဖေ ပျောက်သွားမှာကို မင်း စိုးရိမ်ခဲ့ဖူးတယ်လေ။ ဒီလိုပဲ အမေ့မျက်စိ အောက်က သားပျောက်သွားမှာကို အမေ စိုးရိမ်ခဲ့ဖူးတယ်။ အဲဒီလောက်ထိ ချစ်ခဲ့ကြတာ။ သားရဲ့ပါးကလေးကို ပထမဆုံး နမ်းခဲ့တဲ့သူဟာ အမေပဲ။ ဒီလိုပဲ သားရဲ့။ သား ပထမဆုံး နမ်းခဲ့ဖူးတဲ့သူဟာလည်း အမေပဲ။ ဒီတော့ သားရဲ့ 'ယယ်ချစ်ဦး' ဆိုတာ ဘယ်သူဖြစ်နိုင်တော့မလဲ စဉ်းစားကြည့်လေ။ အမေနဲ့

မြန်မာ စာအုပ်များ



အဖေပဲပေါ့။ အခု ငါ့သားက 'ငယ်ချစ်ဦး' ကို သိပ်ပြီး သတိမရချင်တော့ဘူးနော်။ မေ့တတ်လာပြီ။ မေ့နေတာကြာပြီ။ သားက ဒီဇင်ဘာလမှာ မွေးတာဆိုတော့ ကျန်တဲ့ သားသမီးတွေနဲ့ မတူဘူး။ အေးတဲ့ရာသီမှာမွေးတော့ အမေ့ရင်ခွင်ထဲမှာ ကျန်တဲ့မောင်နှမတွေထက် ပိုပြီးနေခွင့်ရခဲ့တယ်။ အမေကလည်း ကျန်တဲ့ သားသမီးတွေထက် သားကို အမေ့ရင်ခွင်ထဲမှာ ထွေးပွေ့ခဲ့ရတယ်။ သားရဲ့ 'ငယ်ချစ်ဦး' ဆိုတာ သားရဲ့ အမေနဲ့ အဖေပါပဲကွယ်။ ဒီစကားဟာ သားရဲ့မွေးနေ့မှာ သားအတွက် အမေပေးနိုင်တဲ့ အမေ့ရဲ့ မွေးနေ့လက်ဆောင် စကားပါပဲကွယ်"

ကျွန်တော့်ပါးစပ်က 'အမေရယ်' လို့ တိုးတိုးလေး ညည်းလိုက်မိပါတော့တယ်။

■

မြန်မာ စာအုပ်များ



မြန်မာ စာအုပ်များ

သူတို့နိုင်ငံ
သူတို့ရာသီဥတု
သူတို့ယဉ်ကျေးမှုနဲ့
ကိုက်ညီတဲ့အတွက်
သူတို့‘စတိုင်လ်’ကို
ဘာမှပြောစရာ မရှိပေမဲ့
ကျွန်တော့်တို့ဆီက
အမျိုးသမီးငယ်တွေ
သူတို့‘စတိုင်လ်’ကို အတုယူပြီး
အရက်သောက်ကြမှာကိုတော့
စိုးရိမ်မိတယ်။

မြန်မာ စာအုပ်များ

## စတိုင်လ်... စတား

လူငယ်တွေရဲ့ရင်ထဲမှာ 'စတား'တွေ အများကြီးရှိတယ်။

ကျွန်တော် ငယ်ငယ်က ကျွန်တော့်ရဲ့ 'စတား'ဟာ စာရေးဆရာထဲမှာဆိုရင် 'ပီမိုးနင်း'နဲ့ 'သော်တာဆွေ' ဖြစ်တယ်။ ရှုမဝမဂ္ဂဇင်းထဲက 'သော်တာဆွေ'ရဲ့ 'ကျွန်တော့်ဘဝ ကျွန်တော့်ဇာတ်ကြောင်း' ကို လစဉ် မလွတ်တမ်း ဖတ်ခဲ့ဖူးတယ်။ အဆိုတော်ထဲမှာဆိုရင် ကျွန်တော့်ရဲ့ 'စတား'ဟာ 'မင်းမင်းလတ်' ဖြစ်ခဲ့ဖူးတယ်။ 'ဘိုဘိုဟန်' ဖြစ်ခဲ့ဖူးတယ်။ 'စိုင်းထီးဆိုင်' ဖြစ်ခဲ့ဖူးတယ်။ 'ကိုင်ဇာ' ဖြစ်ခဲ့ဖူးတယ်။ 'လွှမ်းမိုး' ဖြစ်ခဲ့ဖူးတယ်။ သူတို့ သီချင်းတိုင်းလိုလိုကို လမ်းထိပ်က အုတ်ခုံမှာ ဆိုခဲ့ဖူးတယ်။ အော်ခဲ့ဖူးတယ်။

ကျွန်တော့်မိသားစုထဲမှာ ကျွန်တော့်ရင်ထဲက 'စတား'ဟာ အဖေလည်း မဟုတ်ခဲ့ဘူး။ အမေလည်း မဟုတ်ခဲ့ဘူး။ အမေ့ရဲ့မောင် ကျွန်တော့်ရဲ့ဦးလေးဟာ ကျွန်တော် အတုယူ အားကျခဲ့ရတဲ့ 'စတား'တစ်ယောက် ဖြစ်ခဲ့ဖူးတယ်။ ဦးလေးက မန္တလေးတက္ကသိုလ်နဲ့ ဆေးတက္ကသိုလ်မှာ ဓာတုဗေဒဌာနမှ ကထိကကြီးဆိုတော့ သူ့လို စာတတ်တဲ့ ပညာတတ်တဲ့သူ ဖြစ်ချင်ခဲ့တယ်။ သူ့ကြောင့် ကျွန်တော့်ဘဝ တိုးတက်ရတယ်။ (၁၀)တန်း ကျောင်းသားဘဝတုန်းက ကျွန်တော့်ရင်ထဲက ကျွန်တော့်ရဲ့ 'စတား'ဟာ ကျွန်တော့်တို့ကျောင်းရဲ့ ကျောင်းအုပ်ဆရာကြီး 'ဦးဘသိန်း' ဖြစ်ခဲ့ပြန်တယ်။ ဘွဲ့ရပြီး ငွေရှာတဲ့အရွယ် ရောက်လာပြန်တော့ ကျွန်တော့်ရင်ထဲက 'စတား'ဟာ ပိုက်ဆံရှိပြီး ချမ်းသာတဲ့ သူငယ်ချင်း

မြန်မာ စာအုပ်များ



တချို့ ဖြစ်ခဲ့ပြန်တယ်။ အခု စာရေးသူတစ်ယောက် ဖြစ်လာပြန်တော့လည်း ကျွန်တော့်ရင်ထဲက 'စတား'ဟာ ဘဝသရုပ်ဖော် စာရေးဆရာမကြီး 'မစန္ဒာ' ဖြစ်လာပြန်တယ်။ ဆရာကြီး 'ဦးတက်တိုး'၊ ဆရာ 'ဖေမြင့်'၊ ဆရာ 'ကျော်ဝင်း'၊ ဆရာ 'အတ္တကျော်'တို့ကလည်း ကျွန်တော် အားကျအတုယူရတဲ့ ကျွန်တော့် ရင်ထဲက 'စတား' တွေပါပဲ။

ဒီလိုနဲ့ အဖေတို့၊ အမေတို့ ခေတ်တုန်းက သူတို့ရင်ထဲက 'စတား' တွေအကြောင်းသိချင်လို့ မေးကြည့်မိတယ်။

အမေက ပြောတယ်။

"အမေတို့ ခေတ်တုန်းက ရုပ်ရှင်မင်းသမီး 'တင်တင်မူ'ဟာ အမေတို့ရဲ့ 'စတား' ပဲ။ သူ့ရဲ့ 'စတိုင်လ်'က အမေတို့ကို လွှမ်းမိုးခဲ့တယ်။ သူက အင်္ကျီ ပါးပါးလေးဝတ်ရင် အမေတို့လိုက်ပြီး သူ့လို ဝတ်ခဲ့ကြဖူးတယ်။ သူက စီးကရက် သောက်ပြီး သရုပ်ဆောင်ပြတော့ အမေတို့ ခေတ်တုန်းက လူငယ်မိန်းကလေးတွေ တော်တော်များများ စီးကရက် လိုက်သောက်ကြတယ်။ 'ဒေစီကျော်ဝင်း' နာမည် ကြီးလာပြန်တော့ 'သူ့စတိုင်လ်' က အမေတို့ မိန်းကလေးတွေကို ဆွဲဆောင်ပြန် တယ်။ သူက အောက်ခံဘောင်းဘီဝတ်ပြီး အဲဒီအပေါ်မှာ 'တက်ထရွန်စ'နဲ့ ချုပ်ထားတဲ့ ထဘီပါးပါးကိုဝတ်ပြီး သရုပ်ဆောင်တယ်။ အဲဒီအချိန်ကစပြီး အမေတို့ မိန်းမလောကမှာ အောက်ခံဘောင်းဘီဝတ်တဲ့ အလေ့အထတွေ ဖြစ်လာ တော့တာပါပဲကွယ်။ 'ခင်သန်းနု'တို့ 'တင်တင်နွဲ့'တို့ နာမည်ကြီးလာ ပြန်တော့ သူတို့ရဲ့ ဆံပင်ပုံစံတွေ ခေတ်စားလာပြန်တယ်။ သူတို့စကားပြောသလို ချွဲချွဲနွဲ့နွဲ့နဲ့ စကားတွေပြောကြတယ်။ ဒါကြောင့် အနုပညာရှင်ဆိုတာ သူ့ခေတ်နဲ့ သူတော့ လူငယ်ထုကို လွှမ်းမိုးနိုင်တဲ့ စံပြတွေပဲ"

အဖေက ဝင်ပြီး ပြောပြန်တယ်။

"ဟုတ်တယ် ငါ့သားရေ။ အဖေတို့ လူပျိုပေါက်တုန်းက ရုပ်ရှင်မင်းသား 'ကျော်ဆွေ'က အရမ်းနာမည်ကြီးတယ်။ သူဝတ်သလို လိုက်ဝတ်တယ်။ သူ စီးကရက်သောက်တဲ့ 'စတိုင်လ်'က အရမ်းကြည့်ကောင်းတယ်။ ဒီတော့ သူ့ ကြောင့် အဖေတို့တစ်တွေ စီးကရက်ကို စပြီးသောက်တတ်လာခဲ့တယ်။ 'ဝင်းဦး' နာမည်ကြီးလာပြန်တော့ သူ နှုတ်ခမ်းမွေးထားသလို ငါတို့ လိုက်ပြီးထားခဲ့ကြ တယ်။ 'ဝင်းဦး'က လက်မောင်းတုတ်တုတ်မှာ အင်္ကျီလက်တိုကို လက်ခေါက်ပြီး

မြန်မာ စာအုပ်များ



တော့ ဝတ်တယ်။ အရမ်းကြည့်ကောင်းတယ်။ ဒီတော့ အဖေတို့ကလည်း လက်မောင်း တုတ်အောင်ဆိုပြီး 'ဝိတ်'မကြတယ်။ မင်းတို့အမေအရွယ် ကောင်မလေးတွေကလည်း လက်မောင်းကြီးကြီး၊ နှုတ်ခမ်းမွေး တိုနန့်နန့်နဲ့လူကိုမှ အထင်ကြီးကြတယ်၊ ကြိုက်ကြတယ်''

ကျွန်တော်က ဝင်ပြီး ပြောဖြစ်ပြန်တယ်။

''ကျွန်တော် ကျောင်းသားဘဝတုန်းက 'ကျော်ဟိန်း'ဟာ ကျွန်တော့်ရင်ထဲက 'စတား'ပဲ အဖေရ။ 'ကျော်ဟိန်း'က စစ်အင်္ကျီဝတ်ပြီး စစ်လွတ်အိတ်နဲ့ သရုပ်ဆောင်တာကို အရမ်းသဘောကျတယ်။ ဒါကြောင့် စစ်လွယ်အိတ်ကို မရမကရှာပြီး လွယ်ခဲ့ဖူးတယ် အဖေရဲ့။ ရခိုင်ပုဆိုးကို ဝတ်ပြီး သရုပ်ဆောင်တဲ့ မင်းသားတွေ နာမည်ကြီးလာတော့ သူတို့လိုလိုက်ပြီး ကျွန်တော်တို့ ဝတ်ခဲ့ကြတယ်။ သူတို့က တက္ကသိုလ်ကျောင်းသား ဇာတ်လမ်းတွေမှာ လွယ်အိတ်ရဲ့ကြိုးကို ထုံးပြီးတော့ သရုပ်ဆောင်တယ်။ ကျွန်တော်တို့လည်း ကျောင်းမှာ သူ့လိုပဲ လွယ်အိတ်ကို ထုံးပြီးလွယ်ခဲ့ကြဖူးတယ်။ သူတို့ ဆေးပေါ့လိပ်ကို ဟန်ပါပါ ဂိုက်ပါပါ သောက်ကြတော့ ကျွန်တော်တို့လည်း တက္ကသိုလ်ကျောင်းမှာ၊ ကဲန်းတင်းတွေမှာ ဆေးလိပ်သောက်ပြီး စကားဝိုင်းဖွဲ့ခဲ့ကြဖူးတယ်''

အဖေက ပြောတယ်။

''ကောလိပ်ဂျင်နေဝင်း နာမည်ကြီးလာတော့ သူ့လိုပဲ ပါဝါမပါတဲ့ မျက်မှန်တပ်ပြီး ငါတို့ အရှူးထခဲ့ဖူးတယ်ကွ။ 'ကောလိပ်ဂျင်နေဝင်း'က အရက်သောက်ပြီး သရုပ်ဆောင်တာ အလွန်ကောင်းတယ်။ ဒီတော့ ငါတို့လည်း သူ့'စတိုင်လ်' အတိုင်း အရက်သောက်ဖြစ်ခဲ့ကြတယ်။ အဲဒီကစပြီး အဖေတို့ အရက်သောက်တတ်ခဲ့တာ။ ဒီတော့ကွာ ရုပ်ရှင်သရုပ်ဆောင်တွေ၊ အနုပညာရှင်တွေဆိုတာ နိုင်ငံတစ်ခုမှာရှိတဲ့ လူငယ်တွေရဲ့ရင်ထဲမှာ တိတ်တိတ်လေး နေရာရထားတဲ့ ခေါင်းဆောင်တွေပဲကွ။ သူတို့ရဲ့အပြုအမူဟာ လူငယ်တွေရဲ့ အနာဂတ်ပဲ၊ ဘဝပဲ''

■

ကျွန်တော်တို့ ပတ်ဝန်းကျင်ကို ကြည့်လိုက်ကြစမ်းပါ။

'စိုင်းစိုင်းခမ်းလှိုင်'ဟာ လူငယ်တွေရဲ့ 'စတား'ဖြစ်နေတယ်။ သူက ဦးထုပ်ကို အတည့်မဆောင်းဘူး။ လူငယ်တွေက သူ့လိုလိုက်ပြီး ဆောင်းကြတယ်။

မြန်မာ စာအုပ်များ



သူက ရှပ်အင်္ကျီကို ကြယ်သီးဖြုတ်ပြီး ဝတ်တယ်။ အပေါ်က ကုတ်အင်္ကျီကို ဝတ်တယ်။ သူ့အတိုင်း လိုက်ပြီး လုပ်ကြတယ်။ Rap တွေ Hip Hop တွေ ခေတ်စားလာတော့ လူငယ်တွေရဲ့ စကားသံတွေဟာ အဲဒီပုံစံတွေ ဖြစ်လာတယ်။ 'စိုင်းစိုင်း'တို့၊ 'ရဲလေး'တို့ရဲ့ 'စတိုင်လ်'တွေဟာ လူငယ်တွေအတွက် အတုယူစရာ ဖြစ်နေတယ်။ 'ဇော်ဝင်းထွဋ်'က မုတ်ဆိတ်မွေးထားပြီး ကြော်ငြာတွေရိုက်တော့ ကျွန်တော်တို့လို လူလတ်ပိုင်းတွေတောင် သူ့လို မုတ်ဆိတ်တွေ ထားဖြစ်ကြပြန်တယ်။

ဒီနေ့ခေတ်မှာ ဘယ်နေရာပဲကြည့်ကြည့် ကြော်ငြာတွေချည်းပါပဲ။ ကြော်ငြာထဲက သရုပ်ဆောင်တွေဝတ်သလို လူငယ်တွေက လိုက်ပြီး အတုယူကြတယ်။ ကြော်ငြာထဲက သရုပ်ဆောင်တွေရဲ့ အပြုအမူဟာ ဒီနေ့ခေတ်ရဲ့ ယဉ်ကျေးမှု ဖြစ်လာနေပြီ။ ဘီယာနဲ့ အရက်ကြော်ငြာတွေဆိုရင် မြင်ရသူအဖို့ ရင်ခုန်စရာကောင်းလိုက်တာ။ ထီဆိုင်ကြော်ငြာတွေကလည်း အတူတူပါပဲ။ မဂ္ဂဇင်းတချို့ရဲ့ မျက်နှာဖုံးပုံတွေမှာလည်း ဒီအတိုင်းပါပဲ။

ကျွန်တော့်မှာ (၅)နှစ်အရွယ် သမီးလေးတစ်ယောက် ရှိတယ်။ တစ်နေ့တုန်းက သူနဲ့ရွယ်တူ ကလေးငယ်ငယ်လေးတွေ ကျွန်တော့်အိမ်မှာ လာပြီး ဆော့ကစားကြတယ်။ 'မော်ဒယ်ရှိုး'လျှောက်တမ်း ကစားကြတာတဲ့။ တစ်ယောက်က ထဘီရင်ရှားနဲ့။ တစ်ယောက်က အောက်ခံဘောင်းဘီတိုနဲ့။ နောက်တစ်ယောက်က မျက်နှာတစ်ခုလုံးမှာ ဆေးရောင်တွေခြယ်ပြီး ခါးထောက် နောက်လှည့် လုပ်နေတယ်။ အမှတ်ပေးတဲ့ ဒိုင်လူကြီးတွေနေရာမှာ သူတို့နဲ့ရွယ်တူ ကလေးလေးတွေက ထိုင်နေကြတယ်။ ဘုရား… ဘုရား… ဘုရား။ ဒီသမီးငယ်လေးတွေ အရွယ်ရောက်လာရင် ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ။

ကိုရီးယားရုပ်ရှင်ကလည်း လူငယ်ထုကို လွှမ်းမိုးတာပါပဲ။ ကိုရီးယား မင်းသား၊ မင်းသမီးပုံစံအတိုင်း ဝတ်ကြတယ်။ ဆံပင်ပုံစံတွေ ထားကြတယ်။ ကိုရီးယား ရုပ်ရှင်ကားတွေထဲမှာ မိန်းကလေးကစပြီး ရည်းစားစကား ပြောတယ်။ အဲဒါကို မိန်းကလေးတွေက အတုယူကြတယ်။ အားကျကြတယ်။ 'မိန်းမနောက်ပိုးတွေ' ဖြစ်ကုန်ကြတော့မှာပါပဲ။ ကိုရီးယားရုပ်ရှင်တွေထဲမှာ သရုပ်ဆောင် မင်းသမီးတွေက အရက်သောက်ပြတယ်။ သူတို့နိုင်ငံ၊ သူတို့ရာသီဥတု၊ သူတို့ယဉ်ကျေးမှုနဲ့ ကိုက်ညီတဲ့အတွက် သူတို့ 'စတိုင်လ်'ကို ဘာမှပြောစရာ မရှိပေမဲ့

လင်းလွန်းခင်စာပေ

မြန်မာ စာအုပ်များ



ကျွန်တော်တို့ဆီက အမျိုးသမီးငယ်တွေ သူတို့ 'စတိုင်လ်'ကို အတုယူပြီး အရက်သောက်ကြမှာကိုတော့ စိုးရိမ်မိတယ်။

မိုဘိုင်းလ်တယ်လီဖုန်းတွေထဲမှာ အဝတ်အစား မလုံ့တလုံနဲ့ မြန်မာမိန်းကလေး ရုပ်ပုံတွေ အများကြီးကို မြင်ရတော့ စိတ်ထိခိုက်မိတယ်။ နာမည်မကြီးတကြီး မော်ဒယ်ဂဲလ်တွေက နာမည်မြန်မြန်ကြီးအောင်လို့ ထွင်ကြတယ်။ မြန်မာမိန်းကလေးတွေရဲ့ အနာဂတ်က မတွေးရဲစရာပါပဲ။ သူ့ခေတ်နဲ့သူဆိုတော့ အားကျမိမှာ အမှန်ပါပဲ။ ကျွန်တော့်အမေတောင် 'တင်တင်မူ'ကို အားကျပြီး စီးကရက် သောက်တတ်ခဲ့တယ်။ ကျွန်တော့်အဖေလည်း 'ကောလိပ်ဂျင်နေဝင်း' စတိုင်လ်ကို အတုယူပြီး အရက်သောက်တတ်ခဲ့တယ်။ ကျွန်တော်လည်း 'ကျော်ဟိန်း'စတိုင်လ်ကို အတုယူပြီး ဆံပင်ရှည်ရှည်၊ အင်္ကျီကျပ်ကျပ်ကို ဝတ်ခဲ့ဖူးတယ်။

ဒါကြောင့် အနုပညာရှင်တစ်ယောက်ရဲ့ 'အပြုအမူ'နဲ့ 'စတိုင်လ်'ဟာ လူငယ်ထုရဲ့ စာရိတ္တနဲ့ ယဉ်ကျေးမှုကို လွှမ်းမိုးနေတယ်ဆိုတာ သတိပြုသင့်တယ်။ အနုပညာရှင်ဆိုတာ လူသားတွေရဲ့ နှလုံးသားထဲက တိတ်တခိုး သူရဲကောင်းတွေဆိုတာ သိထားသင့်တယ်။

■

တစ်နေ့တုန်းက ကျွန်တော့်အိမ်ကို တပည့်မတစ်ယောက် လာပြီးလည်တယ်။ သူ မင်္ဂလာဆောင်တုန်းက ကျွန်တော့်ကို လက်ထပ်လက်စွပ် ချီးမြှင့်ပေးဖို့အတွက် ဖိတ်ကြားခဲ့ဖူးတယ်။ အခု ကျွန်တော့်အိမ်ကို ရောက်လာတာ (၂)နှစ်သားအရွယ် ကလေးငယ်လေးတစ်ယောက် ပါလာတယ်။

"သားလေး လား"

"ဟုတ်တယ် ဆရာ"

"ဒါနဲ့ သမီးရဲ့ အမျိုးသားကရော"

"ကွဲသွားတာ (၂)လလောက်ရှိပြီဆရာ"

"လွယ်လှချည်လား"

"ဘာဆန်းလို့လဲဆရာရယ်။ နာမည်ကြီး ရုပ်ရှင်မင်းသမီးတွေတောင် သူတို့ယောကျ်ားနဲ့ ကွဲကြသေးတာပဲ။ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေထဲမှာ သူတို့ လင်မယား

မြန်မာ စာအုပ်များ



ကွဲတဲ့အကြောင်း အကျယ်တဝင့် ဖော်ပြကြသေးတာပဲ။ ဒီနေ့ခေတ်မှာ အိမ်ထောင်ကွဲတာများ အထူးအဆန်းလုပ်လို့ ဆရာရယ်။ ဒီတစ်ယောက်နဲ့ကွဲရင် နောက်တစ်ယောက် ယူပြကြတဲ့ မင်းသမီးတွေ ရှိသေးတာပဲ။ ဒါက ဒီနေ့ခေတ် 'စတား' တွေရဲ့ 'စတိုင်လ်'ပဲ''

''ဒါဆိုရင် ဒီရင်သွေးလေးရဲ့ တစ်ဘဝလုံး ခံစားနေရမယ့် စိတ်ဒဏ်ရာကို ထည့်မတွက်ဘူးလား''


''မဆန်းပါဘူး ဆရာရယ်... မင်းသမီးတွေတောင် ဒီလိုလုပ်ပြနေတာပဲ''

ကျွန်တော် သူတို့ခေတ် 'စတား'တွေရဲ့ 'စတိုင်လ်' အတိုင်း ညည်းတွားမိပါတော့တယ်။

''သေပြီ ဆရာ''

■

မြန်မာ စာအုပ်များ



မြန်မာ စာအုပ်များ

တချို့ကလည်း ရှင်သန်နေစဉ် တစ်ခဏမှာ
ငွေ… ငွေ…ငွေ။
တချို့ကလည်း ရှင်သန်နေစဉ် တစ်ခဏမှာ
ငါ… ငါ… ငါ။
တချို့ကလည်း ရှင်သန်နေစဉ် တစ်ခဏမှာ
ငါမှန်တယ်… သူမှားတယ်။
တချို့ကျပြန်တော့ ရှင်သန်ခြင်းကို
ထာဝရလို့ထင်နေကြပြန်တယ်။
ကျုပ်… တွေးမိတယ်။
ဘဝဆိုတာ မျဉ်းဖြောင့်တစ်ကြောင်း မဟုတ်ဘူး။
ဘဝဆိုတာ ပုံသေ မရှိဘူး။

## ပေတလူ

ကျုပ်နာမည်က 'ပေတလူ' ဖြစ်တယ်။ အသက်က (၆၀)ကျော်ပြီ။ လူတစ်ယောက်တော့ မဟုတ်ပါ။ လူတိုင်းစီးတဲ့ ဘတ်စ်ကားတစ်စီးပါ။ ဈေးသက်သက်သာသာနဲ့ လူတွေ သွားချင်တဲ့ခရီးကို ကူညီပို့ဆောင်ပေးတဲ့ ဘတ်စ်ကားအိုကြီး တစ်စီးပါ။

ကျုပ်က ဗောဓိကုန်းမှာ နေတယ်။ မန္တလေးတက္ကသိုလ်ရဲ့ ကုတ္တိုရိုပ်အောက်မှာ အမြဲတမ်း အိပ်စက်ခဲ့တယ်။ တက္ကသိုလ်ကျောင်းသားကြီး တစ်ယောက်လို့ ကျုပ်ကိုယ်ကျုပ် သတ်မှတ်ထားတယ်။ ကျုပ်နဲ့ အတူတူ သူငယ်ချင်းတွေ ရှိသေးတယ်။ ကျုပ်ခန္ဓာကိုယ်က 'အပြာရောင်' ရှိတယ်။ မြန်မြန် မပြေးနိုင်တော့ပါဘူး။ ဒါပေမဲ့ မှန်မှန်တော့ ပြေးနိုင်တယ်။ ယနေ့ထိလည်း ပြေးနေဆဲပါ။ ကျုပ်က အသက်တော်တော်ကြီးနေပြီ။ အိုနေပြီ။

ကျုပ်အကြောင်း ပြောပြချင်တယ်။

ကျုပ်က 'ချက်ပလက်' လို့ခေါ်တဲ့ ခေါင်းတို မော်တော်ကားတစ်စီး ဖြစ်တယ်။ ဂီယာကို တုတ်ထောက်ပြီး မောင်းကြတယ်။ ကျုပ်တို့က ဂီယာကို တုတ်နဲ့ထောက်ပြီးမောင်းတာ နိုင်ငံခြားသားတွေတွေ့တော့ အံ့သြကြတယ်။ တုတ်ထောက်ထားတော့ ပိုပြီးစိတ်ချရတာပေါ့ဗျာ။ ကျုပ်ရဲ့ကားအုံနာက ကျုပ်ကို 'ပေတလူ'လို့ နာမည်ပေးထားတယ်။ တချို့ကားတွေကျတော့ 'မိဘမေတ္တာ'လို့ နာမည်ပေးထားကြတယ်။ တချို့ကျတော့ 'အောင်သပြေ'၊ 'ရွှေမင်းသား'၊

မြန်မာ စာအုပ်များ



'အောင်သစ္စာ' နာမည်တွေ အမျိုးမျိုး ပေးတတ်ကြတယ်။ ကျုပ်က လိုင်းနံပါတ် အမှတ် (၃)ဖြစ်တယ်။ ကျုပ်က လူအများကြီးကို သယ်ပို့ခဲ့ဖူးတယ်။ ဒီနေ့ အထိလည်း သယ်ပို့ပေးနေဆဲပါ။

မှတ်မိသေးတယ်ဗျာ။ ကျုပ်က စိန်ပန်းဘက်မှာ ဂိတ်စတယ်။ ဈေးချို မရောက်ခင်အထိ ကုန်စိမ်းသည်တွေ၊ ဈေးဝယ်တွေကို ကျုပ်က သယ်ပို့ပေးရ တယ်။ သူတို့ ပြောတဲ့စကားတွေက ဈေးသည်ပီပီ ကုန်ဈေးနှုန်းအကြောင်း၊ ရုပ်ရှင်အကြောင်း၊ အဝတ်အထည်တွေအကြောင်း၊ ဇာတ်မင်းသားအကြောင်း ပြောကြတယ်။ ဈေးချိုကနေ တက္ကသိုလ်ဘက်ကို ထွက်လာတော့ ကျုပ်ကား ပေါ်မှာ စီးခဲ့ကြတဲ့သူ တော်တော်များများဟာ တက္ကသိုလ်ကျောင်းသား ကျောင်းသူ တွေ ဖြစ်ကြပြန်တယ်။ လွယ်အိတ်ကလေးတွေကို လွယ်ပြီး ထမင်းဘူးကိုယ်စီနဲ့ တက္ကသိုလ်လာကြတယ်။ ကျုပ်က အမှတ် (၃)ကားဖြစ်ရတာကို ဂုဏ်ယူတယ်။ ဘာကြောင့်လဲဆိုရင် နောင်တစ်ချိန်မှာ ပညာရှင်တွေဖြစ်လာမယ့် အညွန့်အဖူး လေးတွေကို သယ်ပို့ပေးနေရလို့ပါပဲ။

'စိုင်းထီးဆိုင်'လည်း ကျုပ်ကို စီးဖူးတယ်။ 'စိုင်းခမ်းလိတ်'လည်း ကျုပ်ကို စီးဖူးတယ်။ 'လေးဖြူ'တို့၊ 'အငဲ'တို့လည်း ကျုပ်ကို စီးဖူးတယ်။ သမိုင်းပညာရှင် ကြီး ပါမောက္ခ 'ဦးသန်းထွန်း'လည်း ကျုပ်ကို စီးဖူးတယ်။ ပြောရရင်တော့ မြန်မာနိုင်ငံမှာ နယ်ပယ်အသီးသီးက ကျော်ကြားနေတဲ့ ပညာရှင်တော်တော်များများ ဟာ ကျုပ်တို့အမှတ် (၃) ဘတ်စ်ကားတွေကို စီးခဲ့ကြရတယ်။ ဟိုတုန်းကတော့ မန္တလေးတက္ကသိုလ်ကို လာမယ်ဆိုရင် အမှတ် (၃)ကားပြာကြီးကို စီးပြီး လာကြ ရတာ မဟုတ်လား။ ဒီနေ့ခေတ်လို ဆိုင်ကယ်ဆိုတာ မရှိသလောက်ပါပဲ။ စက် ဘီးနဲ့ ကျောင်းတက်တဲ့သူကလည်း နည်းတယ်။ ဘတ်စ်ကားခကလည်း သက်သာ တာကိုး။ ဒီတော့ ကျုပ်တို့ အမှတ် (၃)ကားပြာကြီးတွေဟာ တက္ကသိုလ် ကျောင်း သား၊ ကျောင်းသူတွေအတွက် အားထားရာ ဖြစ်ခဲ့ရတယ်။

ကျုပ်က ကျုပ်ဘဝကို ကျေနပ်တယ်။ ကျုပ်ကူညီခဲ့တဲ့သူတွေက အခုဆိုရင် ကထိကကြီးတွေ၊ ပါမောက္ခကြီးတွေ၊ အနုပညာရှင်ကြီးတွေ၊ စာပေပညာရှင်ကြီး တွေ ဖြစ်နေကြပြီ။ သူတို့က ကျုပ်ကို မေ့ချင်ရင် မေ့နေကြလိမ့်မယ်။ ကျုပ်က မမေ့ဘူး။ ဒီကနေ့ထိလည်း မန္တလေးမြို့ရဲ့ လမ်းတွေပေါ်မှာ ကျုပ်က ပြေးလွှားနေ ရတုန်းပဲ။ ဒီလိုနဲ့ လွန်ခဲ့တဲ့ နှစ် (၂၀)လောက်ကစပြီး ကျုပ်တို့ မန္တလေးမြို့မှာ

မြန်မာ စာအုပ်များ



'ဒိုင်နာ'ကားတွေ၊ 'ဟိုင်းလတ်'ကားတွေ ရောက်လာတယ်။ လိုင်းပေါင်းစုံပါပဲ။ သူတို့ရောက်လာတော့ ကျုပ်တို့က နေရာဖယ်ပေးရတယ်လေ။ မနာလို ဖြစ်မိတယ်။ ကျုပ်တို့ရဲ့နေရာကို သူတို့ ဝင်လုကြတယ်။ ဒီတော့ သူတို့ကို ကျုပ်တို့က မကျေနပ်ဘူး။ သူတို့က ကျုပ်တို့ထက် အင်ဂျင်ပါဝါလည်း ကောင်းတယ်။ အပြေးလည်း သန်တယ်။ ဒီတော့ သူတို့ကို လူကြိုက်များတာပေါ့။

တဖြည်းဖြည်းနဲ့ စဉ်းစားကြည့်မိတယ်။ ဒါဟာ သဘာဝပဲလေ။ မန္တလေးမြို့ လမ်းတွေပေါ်မှာ ကျုပ်တို့က အမြဲနေရာယူထားချင်ပေမဲ့ ဘယ်ဖြစ်နိုင်မလဲ။ ကိုယ့်ထက် အားကောင်းတဲ့သူ၊ ကိုယ့်ထက်တော်တဲ့သူတွေက ကျုပ်တို့ အလုပ်တွေကို ခွဲဝေပြီး မျှယူတယ်လို့ တွေးလိုက်တယ်။ ဒါကြောင့် စိတ်သက်သာရာ ရသွားတယ်။ အစတုန်းကတော့ အဲဒီလို မတွေးမိဘူး။ ဒီကောင်တွေ ငါတို့နေရာကို လုတယ်ဆိုပြီး ဒေါသထွက်ခဲ့တာ။ သေသေချာချာ စဉ်းစားကြည့်တော့ ကျုပ်လည်း ကျုပ်စွမ်းနိုင်သလောက် လုပ်ခဲ့တယ်။ ကျုပ်တို့ထက် စွမ်းသူတွေလည်း ကျုပ်တို့ လုပ်ခဲ့တဲ့ အလုပ်တွေကို လုပ်သင့်တာပေါ့။ တစ်ချိန်တုန်းက ရွှေထီးဆောင်းခဲ့ရတယ်။ အခု ရွှေထီးမဆောင်းရတော့လည်း ဘာဖြစ်လဲဗျာ။

ပြောရဦးမယ်။

အခု 'ပေတလူ'ဆိုတဲ့ ကျုပ်က ကျောင်းသား၊ ကျောင်းသူတွေကို သယ်ပို့တဲ့အလုပ် သိပ်မလုပ်ရတော့ဘူး။ နေ့တိုင်းလိုလို 'တောင်မြင့်'နဲ့ 'ကြာနီကန်'ကို အသုဘပို့တဲ့အလုပ် ရနေပြီ။ ဒီလိုလုပ်ရတာလည်း ကျေနပ်ပါတယ်။ သူ့အရွယ်နဲ့ သူပေါ့ဗျာ။ ကျုပ်တို့လို အရွယ်အိုကြီးတွေအတွက် ဒီအလုပ်ဟာ အသင့်တော်ဆုံးပါပဲ။

ဒါနဲ့ စကားမစပ်။ ဟိုး… တစ်နေ့က အသုဘ (၂)ခုအကြောင်း ပြောရဦးမယ်။ အဲဒီနေ့က တစ်ရက်တည်းကို အသုဘ (၂)ခါ ပို့ရတယ်။ အသုဘ (၁)ခုက အသက် (၇၀)ကျော် ပါမောက္ခတစ်ယောက်ရဲ့ နာရေးဖြစ်တယ်။ သူသေတော့ ကျုပ်တို့အမှတ် (၃)ကားပြာတွေကို လာပြီးငှားတယ်။ (၁၀)စီးလောက်ရှိမယ် ထင်တယ်။ အသုဘက တော်တော်စည်ကားတယ်။ သူ့ရဲ့ သူငယ်ချင်းတွေ၊ တပည့်တွေ လိုက်ပို့ကြတယ်လေ။ အများအားဖြင့်တော့ တက္ကသိုလ်က ဆရာတွေ ထင်ပါတယ်။ ကိုယ်ပိုင်ကားနဲ့လာတာ တစ်ယောက်မှ မပါဘူး။ ဒါကြောင့်နဲ့

မြန်မာ စာအုပ်များ



တူတယ်။ ကျုပ်တို့ အမှတ် (၃)ကားတွေပေါ် စုပြုံပြီး တက်ကြတယ်။ ကျုပ်လည်း သူတို့ကို ကြည့်ပြီး ဟိုတုန်းကဘဝကို လွမ်းမိသေးတယ်။ ကားပေါ်မှာလည်း အဲဒီဆရာကြီးရဲ့အကြောင်းတွေ ပြောကြတယ်။ အဲဒီဆရာကြီးက ပညာသာလျှင် ဘဝလို့ ဆုံးဖြတ်ပြီး သူ့ဘဝတစ်လျှောက်လုံးကို ပညာနဲ့ပဲ နေသွားတယ်။ သူ လုပ်ခဲ့တဲ့ စာတမ်းတွေ မနည်းဘူး။ အဲဒီအကြောင်းတွေကို ကားပေါ်မှာ ပြောဆို နေကြတာဟာ အဲဒီဆရာကြီးကို ဂုဏ်ပြုနေတာနဲ့ တူနေတယ်။ တောင်မြင့်ကို လည်းရောက်ရော ထုံးစံအတိုင်း မီးရှို့ခံလိုက်ရတာပါပဲ။

နောက် အသုဘတစ်ခုကတော့ အသက် (၅၀)ကျော် လုပ်ငန်းရှင် တစ်ယောက်ရဲ့ အသုဘဖြစ်တယ်။ ကျုပ်တို့ ကားပြာလိုင်းက ကား (၂)စီးကို လာပြီးငှားတယ်။ အဲဒီအသုဘက အရမ်းစည်ကားတယ်။ ကားတန်းကြီးကလည်း အရှည်ကြီးပဲ။ ကျုပ်တို့ အမှတ် (၃) ကားပြာ (၂)စီးကတော့ နောက်ဆုံးက လိုက်ရတယ်။ ကျုပ်တို့ ကားတွေကို အသုဘလိုက်ပို့တဲ့သူတွေက မစီးသလောက် ပါပဲဗျာ။ သူတို့ကတော့ သူတို့ရဲ့ ကိုင်ပိုင်ကားတွေနဲ့ အသုဘကို လိုက်ပို့ကြတယ်။

ကျုပ်က မန္တလေးမြို့ရဲ့ ဖြစ်ရပ်များစွာကို မြင်တွေ့ခဲ့ရတဲ့သူ ဖြစ်တယ်။ အခုတော့ ကျုပ်တို့ အမှတ် (၃)ကားကို လူတွေက ဘတ်စ်ကားအဖြစ် မစီးသလောက် ဖြစ်နေပါပြီ။ နေ့တိုင်းလိုလို အသုဘ လိုက်ပို့ပေးနေရတဲ့သူ ဖြစ်နေပါပြီ။ ဆိုင်ကယ်တွေကလည်း ပေါလိုက်တာ။ ဟိုတုန်းက မန္တလေးနဲ့တော့ တခြားစီပဲ။ ဘာပဲဖြစ်ဖြစ် ကျုပ်ဟာ မန္တလေးမြို့မှာ နှစ် (၆၀)ကျော် ရှင်သန် နေဆဲပါ။

မနက်ပိုင်းတုန်းက အသုဘနဲ့ အခုအသုဘကို ယှဉ်ပြီး ကျုပ် တွေးနေမိ တယ်။ အသုဘတွေကို နေ့တိုင်းလိုက်ပြီး ပို့ပေးနေရတဲ့သူဆိုတော့ ရှင်သန်ခြင်းနဲ့ သေဆုံးခြင်းတွေရဲ့ အဓိပ္ပာယ်တွေကို ကျုပ် နားလည်လာတယ်။ ဘယ်သူမဆို တစ်နေ့နေ့တော့ သေကြရမှာပဲ။ ရှင်သန်နေစဉ် တစ်ခဏမှာ အဓိပ္ပာယ်ရှိရှိ ရှင်သန်နေဖို့တော့ လိုမယ်။

တချို့ကလည်း ရှင်သန်နေစဉ် တစ်ခဏမှာ ငွေ… ငွေ…ငွေ။
တချို့ကလည်း ရှင်သန်နေစဉ် တစ်ခဏမှာ ငါ… ငါ… ငါ။
တချို့ကလည်း ရှင်သန်နေစဉ် တစ်ခဏမှာ ငါမှန်တယ်… သူမှားတယ်။

မြန်မာ စာအုပ်များ



တချို့ကျပြန်တော့ ရှင်သန်ခြင်းကို ထာဝရလို့ ထင်နေကြပြန်တယ်။

ကျုပ်··· တွေးမိတယ်။ ဘဝဆိုတာ မျဉ်းဖြောင့်တစ်ကြောင်း မဟုတ်ဘူး။ ဘဝဆိုတာ ပုံသေ မရှိဘူး။

ဘဝဆိုတာ အန်စာတုံး လိမ့်ရသလိုပဲ၊ သူ ကျချင်ရာ ကျတတ်တယ်။ သူဖြစ်ချင်ရာ ဖြစ်တတ်တယ်။ ဒါကြောင့် ဘဝဆိုတာ အတက်အကျ အနိမ့်အမြင့် ရှိတဲ့ 'လှိုင်း' တစ်ခုသာ ဖြစ်တယ်။ ချမ်းသာတဲ့သူ ဖြစ်ဖြစ်၊ ဆင်းရဲတဲ့သူ ဖြစ်ဖြစ်၊ ပညာရှင်ပဲ ဖြစ်ဖြစ်၊ ပညာမဲ့ပဲ ဖြစ်ဖြစ်၊ အလုပ်ရှင်ပဲ ဖြစ်ဖြစ်၊ အလုပ်သမားပဲ ဖြစ်ဖြစ် သေကြရင်တော့ မီးရှို့ခံကြရတာပဲ။ နောက်ဆုံးတော့ လူဆိုတာ 'မီးခိုးနဲ့ပြာပုံ' ပဲ ကျန်တယ်။ 'မီးခိုးနဲ့ပြာ' ဖြစ်ရတာချင်းအတူတူ လူတွေဟာ အတ္တတွေ၊ မာနတွေ၊ လောဘတွေနဲ့ ဖြစ်ခြင်း၊ ပျက်ခြင်းသဘောကို မေ့နေကြတယ်။

ကျုပ်ကြားဖူးတဲ့ စကားပုံလေးတစ်ခု ရှိတယ်။

'Today is raining day but everyday is not raining day.'

'ဒီနေ့ မိုးရွာတဲ့နေ့ ဖြစ်တယ်။ ဒါပေမဲ့ နေ့တိုင်းတော့ မိုးရွာတဲ့နေ့ မဖြစ်နိုင်ဘူး'

ကျုပ်က နေ့တိုင်း 'အသုဘရှု' နေရသူဆိုတော့ ဒီလိုတွေးမိတာ မဆန်းပါဘူး။

လူတစ်ယောက်သေရင် ကျန်ခဲ့တဲ့သူတွေက ငိုကြတယ်။ လိုက်ပို့ကြတယ်။ ပြီးတော့ မေ့ပစ်လိုက်ကြတယ်။

ဒါပေမဲ့ မေ့ပစ်လို့ မရလောက်အောင် လောကအကျိုး သယ်ပိုးခဲ့တဲ့ လူတချို့လည်း ရှိတာကို ကျုပ် သတိပြုမိတယ်။

ကျုပ်လည်း လောဘအကြောင်း၊ လောကဓံအကြောင်း၊ လောကအကြောင်း သိသင့်သလောက် သိခဲ့ပြီးပြီ။

မှန်တယ်ထင်လို့ လုပ်မိတဲ့အမှားတွေ၊ မှားမှန်းမသိလို့ လုပ်နေမိတဲ့ အမှားတွေ၊ မှန်တယ်ဆိုတာကို သက်သေပြဖို့ ကြိုးစားရင်းနဲ့ မမျှော်လင့်ဘဲ မှားနေမိတဲ့ အမှားတွေနဲ့ ကျုပ်ဘဝကြီးကို ကျုပ် မေ့မေ့လျော့လျော့နဲ့ ဖြတ်သန်းခဲ့တယ်။

အခုတော့ နောင်တတွေ၊ သံဝေဂတွေ၊ သင်ခန်းစာတွေနဲ့လည်း ရှင်သန်နေရတဲ့ အရွယ်ကိုရောက်နေပြီ။

မြန်မာ စာအုပ်များ



မန္တလေးမြို့ရဲ့ လမ်းမကြီးတွေပေါ်မှာ နှစ် (၆၀)ကျော် ပြေးလွှားခဲ့ရပြီ။ တာဝန်ကျေခဲ့ပြီ။


ဘာပဲဖြစ်ဖြစ်ဗျာ… ကျုပ် အသက်တွေကြီးပြီ။

မောလိုက်တာ။

နားချင်လှပြီ။

■

မြန်မာ စာအုပ်များ



မြန်မာ စာအုပ်များ

လူဆိုတာ
'အတ္တသစ်ပင်'ကို
ကိုယ်တိုင်စိုက်ပြီး
'ဒုက္ခသစ်သီး'တွေကို
'လောဘစိတ်'နဲ့
ခူးယူစားသုံးနေကြတဲ့
'အနတ္တသက်ရှိ'တွေဆိုတာ
ကျွန်တော် သိပါတယ်။
ဒါပေမဲ့ဗျာ ငယ်ငယ်တုန်းကလို
ရိုးသားခြင်းတွေ၊ ဖြူစင်ခြင်းတွေ၊
သနား တတ်တဲ့ စိတ်တွေ၊
ကူညီတတ်တဲ့ စိတ်တွေ၊
အမှန်တရားကို
မြတ်နိုးတတ်တဲ့ စိတ်တွေ
ရှိသေးရဲ့လား...

## စာသင်ကျောင်းထဲက

ကျွန်တော့်အသက် (၅၀)ကျော်ပါပြီ။ ကျွန်တော် ဒီကျောင်းကို စရောက်တဲ့ အချိန်က ဒီလိုအထက်တန်းကျောင်းကြီးတွေ မဟုတ်သေးဘူး။ မစ်ရှင်ကျောင်းတွေ လို့ ခေါ်ကြတယ်။ ဆရာတွေကိုလည်း 'ဖာသား'၊ 'ဘရားသား'လို့ ခေါ်ရတယ်။ ခရစ်ယာန်သာသနာပြု မစ်ရှင်ကျောင်းကြီးတွေပေါ့။ ဒီလိုနဲ့ မစ်ရှင်ကျောင်းကြီးတွေ ဘဝကနေပြီး ၁၉၆၂ ခု ဝန်းကျင်မှာ ပိုက်စကူးကျောင်းကြီးတွေအဖြစ် ပြောင်းလဲ ခဲ့ပြန်တယ်။ အခုတော့ အ-ထ-က ကျောင်းကြီးတွေ ဖြစ်နေပြီပေါ့။

ကျွန်တော်က ဒီကျောင်းရဲ့ မရှိမဖြစ် ပစ္စည်းလေးတစ်ခုပါ။

ကျွန်တော့်ရဲ့အသံနဲ့ ကျောင်းတက်ကြရတယ်။ ကျောင်းရဲ့ ဘောလုံးကွင်းထဲ မှာ စုဝေးကြရတယ်။ နိုင်ငံတော်သီချင်းကို ဆိုကြရတယ်။ သစ္စာအဓိဋ္ဌာန် (၅)ချက် ကို ဆိုကြရတယ်။ ကျွန်တော့်ရဲ့အသံအောက်မှာ အားလုံးဟာ ညီညွတ်ခဲ့ကြတယ်။ စုစည်းခဲ့ကြတယ်။ စည်းကမ်း ရှိခဲ့ကြတယ်။ မင်္ဂလာရှိတဲ့ နေ့လေးတစ်နေ့ကို ကျွန်တော့်အသံနဲ့ အစပြုခဲ့ကြတယ်။ ဘုရားဝတ်တက်ကြတယ်။ အဖြူအစိမ်းဝတ် ကျောင်းသားလေးတွေကို ကျွန်တော်က ချစ်တယ်။ ဒီလိုပဲ ကျွန်တော့်ရဲ့ အသံနဲ့ အတန်းချိန် ပြောင်းကြရတယ်။ မုန့်စား ဆင်းရတယ်။ ထမင်းစား ဆင်းရတယ်။ ကျောင်းဆင်းရတယ်။ ကျွန်တော့်ရဲ့အသံဟာ အားလုံးကို ပျော်ရွှင်စေခဲ့တယ်။ စိတ်ချမ်းမြေ့စေခဲ့တယ်။

မြန်မာ စာအုပ်များ



ကျောင်းဆင်းချိန်များဆို ကျွန်တော့်ရဲ့အသံကို သူတို့ နားစွင့်နေကြတယ်။ ကျွန်တော့်ရဲ့အသံကိုလည်းကြားရော လွတ်အိတ်ထဲကို စာအုပ်တွေ၊ ဖောင်တိန်တွေ၊ ခဲတံတွေကို ထည့်လိုက်တယ်။ ညီညီညာညာ မတ်တတ်ရပ်ကြတယ်။ 'မင်္ဂလာပါ' လို့ နှုတ်ဆက်ကြတယ်။ ကျောင်းပေါက်အဝမှာ အဖြူအစိမ်းဝတ် ကျောင်းသား ကျောင်းသူတွေ ပျော်ရွှင်ပြီးတော့ အိမ်ကို ပြန်သွားကြတာကိုမြင်တိုင်း နောင် တစ်ချိန်မှာ ငါတို့အားလုံးရဲ့ အနာဂတ် အလင်းရောင်လေးတွေ၊ ငါတို့ အားလုံးရဲ့ ဘဝတွေကို အေးချမ်းအောင် ဖန်တီးပေးမယ့် အရိပ်လေးတွေလို့ ကျွန်တော် ခံစားမိတယ်။

ကျွန်တော်က ကျောင်းသားကျောင်းသူတွေ အများကြီးကို နှစ်တိုင်း တွေ့နေ ရတဲ့သူ ဖြစ်တယ်။ သူတို့က ချစ်စရာ အရမ်းကောင်းတယ်။ လူငယ်လေးတွေ ဆိုတော့ ရိုးသားကြတယ်။ ဖြူစင်ကြတယ်။ လိမ်တာညာတာ မကြိုက်ဘူး။ အမှန်တရားကို မြတ်နိုးတယ်။ အားနည်းတဲ့သူကို သနားတတ်တယ်။ မှတ်မိပါ သေးတယ်။ တစ်ခါတုန်းကပေါ့ ကျောင်းရုံးခန်းထဲမှာ ကျောင်းသားတချို့ကို ကျောင်းအုပ်ကြီးက ရိုက်ပြီး ဆုံးမနေတယ်။ ကျောင်းအုပ်ကြီးက ပြောတယ်။

"တစ်ယောက်နဲ့ တစ်ယောက် ရန်မဖြစ်ရဘူး။ ငါတို့အားလုံးဟာ ညီအစ်ကို တွေပဲ။ ငါလည်း အင်္ကျီအဖြူ လုံချည်အစိမ်း ဝတ်ထားတယ်။ မင်းတို့လည်း အင်္ကျီအဖြူနဲ့ လုံချည်အစိမ်း ဝတ်ထားတာပဲ။ ကျောင်းမှာ အားလုံးအတူတူပဲ။ ဒီလို ဝတ်ထားတယ်ဆိုတာ ငါတို့အားလုံး စိတ်ထားတစ်ခုတည်းလို့ အဓိပ္ပာယ်ရ တယ်။ အင်္ကျီအဖြူရောင်ဆိုတာ ရိုးသားခြင်းသင်္ကေတပဲ။ ဖြောင့်မတ်ခြင်းရဲ့ သင်္ကေတပဲ။ လုံချည်အစိမ်းဆိုတာ အေးမြခြင်းရဲ့သင်္ကေတ၊ အရိပ်ပေးစွမ်းနိုင် ခြင်းရဲ့ သင်္ကေတဖြစ်တယ်။ မင်းတို့ ဘာလို့ ကျောင်းလာကြတာလဲ။ ပညာသင်ဖို့ မဟုတ်ဘူးလား။ ပညာဆိုတာ ဘာလဲ သိလား…"

ကျွန်တော်က ကျောင်းအုပ်အဆက်ဆက်နဲ့ နေခဲ့ရသူပါ။ ကျောင်းအုပ်ကြီး တွေရဲ့ ဆုံးမစကားသံတွေကို အမြဲကြားနေရတဲ့သူပါ။

"မှတ်ထားကွ… အများအကျိုး သယ်ပိုးဖို့၊ အများအကျိုး သယ်ပိုးလိုစိတ် ကို ထည့်ပေးဖို့ ပညာကို သင်ယူရတာကွ။ ရန်ဖြစ်ဖို့ ပညာသင်ရတာ မဟုတ်ဘူး။ တစ်ယောက်ကိုတစ်ယောက် အနိုင်ကျင့်ဖို့၊ ကြီးနိုင်ငယ်ညှဉ်းလုပ်ဖို့ ပညာသင်ကြ တာ မဟုတ်ဘူး။ စာနာတတ်ဖို့၊ ကူညီတတ်ဖို့၊ ရိုးသားဖို့အတွက် ပညာသင်

မြန်မာ စာအုပ်များ



တာကွ။ လူကြီးဖြစ်တဲ့အထိ မှတ်ထား။ တစ်သက်လုံး မှတ်ထား။ နောက်တစ်ခါ မင်းတို့ ရန်ဖြစ်ရင် ဒီ့ထက်နာမယ်မှတ်။ ဟိုကောင် စိုင်းဘဖေ၊ စောခူဆဲလ်ကို ဖက်ထား။ ဆလိုင်းသွအောင် မင်းက ခွန်သန်းထွန်းကို ဖက်ထား။ ဟိုကောင် မောင်ဘုန်း မင်းက နိုင်ပန်းအောင်ကို ဖက်ထား။ ဟိုကောင် စောလှဦး မင်းက အယ်လ်ခွန်ဖကို ဖက်ထား''

ဆရာကြီးက ဆုံးမတာ တော်လိုက်တာ။ ရန်ဖြစ်ကြတဲ့ သူငယ်ချင်းတွေကို (၁၅)မိနစ်တိတိ တစ်ယောက်ကိုတစ်ယောက်ဖက်ပြီး နေခိုင်းတယ်။ ဟုတ်တယ် နော်။ လူငယ်ဆိုတာ အားနည်းတဲ့ဘက်က ကူညီချင်တယ်။ ဒီတော့ ရည်ရွယ်ချက် မရှိဘဲ ရန်ဖြစ်တတ်တယ်။ ရန်ဖြစ်တာ မကောင်းဘူး။ စကားများတာ မကောင်း ဘူး။ အချေအတင် ငြင်းခုံရတာ မကောင်းဘူး။ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် အပြစ်ပြောရတာ မကောင်းဘူး။ တစ်ယောက်ကိုတစ်ယောက် ချစ်တာ ကောင်းတယ်။ တစ်ယောက်လိုအပ်ချက်ကို တစ်ယောက်က ဖြည့်ပေးတာ ကောင်းတယ်။ တစ်ယောက်ဘဝကို ကျန်တစ်ယောက်က စာနာပေးတာ ကောင်း တယ်။ တစ်ယောက်ရဲ့ အရည်အချင်းကို ကျန်တစ်ယောက်က အသိအမှတ် ပြုပေးတာ ကောင်းတယ်။ ကျောင်းဆိုတာ အဲဒီလို စိတ်ဓာတ်တွေ လေ့ကျင့်ပေးတဲ့ နေရာဖြစ်တယ်။

ဘောလုံးကစားကွင်းထဲမှာ မနက်တိုင်း စုဝေးသဘင် ကျင်းပတယ်။ ကျွန်တော့်ရဲ့ အသံအောက်မှာ ညီညီညာညာ အလံကို အလေးပြုကြတယ်။ တစ်နေ့မှာတော့ ကျောင်းအုပ်ကြီးတစ်ယောက် ပြောခဲ့ဖူးတဲ့စကားကို ကျွန်တော် ဒီကနေ့အထိ အမှတ်ရနေမိတယ်။

''ဒီမှာ… မောင်တို့ မယ်တို့၊ သားတို့ သမီးတို့၊ လူ့တန်ဖိုးကို တွတ်ချက်တဲ့ နည်း ရှိတယ်။ လူဆိုတာ လူ့ဘဝမှာ တစ်ခဏတာ နေခွင့်ရကြတာ။ တစ်ခဏတာ လူဖြစ်ရတဲ့ အချိန်တိုအတွင်းမှာ အဲဒီလူ ရှင်သန်နေတဲ့၊ ရှင်သန်ခဲ့တဲ့ ပတ်ဝန်းကျင် မှာရှိတဲ့ အများနဲ့သက်ဆိုင်တဲ့ ပြဿနာတွေ၊ ဒုက္ခတွေ၊ စိတ်ဆင်းရဲမှုတွေ မျှော်လင့် ချက်တွေကို အဲဒီလူ ဘယ်လောက်အထိ တာဝန်ယူ ဖြေရှင်းသွားနိုင်သလဲ ဆိုတာ အဲဒီလူရဲ့ တန်ဖိုးကို တွက်ချက်တဲ့နည်းပဲ။ လူဖြစ်ပြီး လူအများ တောင့်တတဲ့ မျှော်လင့်ချက်ကို ဆောင်ရွက်သွားတဲ့သူတွေဟာ တန်ဖိုးရှိတဲ့လူပဲ။ လူဖြစ်ပြီး အများရဲ့ မျှော်လင့်ချက်တွေကို ဖျက်ဆီးတဲ့သူ၊ အများကို စိတ်ဆင်းရဲအောင်

မြန်မာ စာအုပ်များ



လုပ်တဲ့သူကတော့ တန်ဖိုးမရှိတဲ့သူပဲ တပည့်တို့။ မှတ်ထားကြ''

ဘဝဆိုတာ စက်ဝိုင်းတစ်ခုဖြစ်တယ်လို့ ကျွန်တော် မြင်မိတယ်။ ဘာကြောင့်လဲ သိလား။ ဒီကျောင်းမှာနေခဲ့တဲ့ ကျောင်းသားကျောင်းသူတချို့ဟာ ဒီကျောင်းမှာပဲ ဆရာ၊ ဆရာမတွေ ပြန်ဖြစ်ကြတယ်။ တချို့ဆိုရင် ဒီကျောင်းမှာပဲ ကျောင်းအုပ်ကြီးတွေ ပြန်ဖြစ်နေကြပြန်တယ်။ ကျွန်တော့်အသံအောက်မှာ သူတို့ ကျောင်းသားကျောင်းသူတွေဖြစ်လိုက်၊ ဆရာ၊ ဆရာမတွေ ဖြစ်လိုက်နဲ့နော်။

ဒီလိုပဲ ဒီကျောင်းနေခဲ့တဲ့ ကျောင်းသားကျောင်းသူတွေဟာ အခုဆိုရင် အသက် (၄၀)ကျော်၊ (၅၀)ကျော်တွေ ဖြစ်ကုန်ပြီ။ လူကြီးတွေ ဖြစ်ကုန်ကြပြီပေါ့။ တချို့လည်း ကုန်သည်ကြီးတွေ၊ တချို့လည်း လုပ်ငန်းရှင်ကြီးတွေ ဖြစ်ကုန်ကြပြီ။ တချို့လည်း အရာရှိကြီးတွေ၊ ဆရာဝန်ကြီးတွေ၊ အင်ဂျင်နီယာကြီးတွေ၊ အသိပညာရှင်ကြီးတွေ၊ အတတ်ပညာရှင်ကြီးတွေ ဖြစ်နေကြတယ်။ တချို့ကျတော့လည်း အနုပညာရှင်ကြီးတွေ၊ စာရေးဆရာကြီးတွေ၊ ပန်းချီပညာရှင်ကြီးတွေ ဖြစ်နေကြပြန်တယ်။ သူတို့ရဲ့ သတင်းတွေကို ကျွန်တော်အမြဲနားစွင့်နေမိတယ်။ ကျွန်တော့်အသံအောက်မှာ သူတို့တစ်တွေ ဆော့ကစားခဲ့ကြတယ်။ ပျော်ရွှင်ခဲ့ကြတယ်။ ကျွန်တော့်မျက်လုံးထဲမှာတော့ သူတို့ကို ဒီကနေ့အထိ မြင်ယောင်နေတုန်းပါပဲ။ အခုတော့ သူတို့က လူသားတွေအတွက် အလင်းရောင်တွေ ဖြစ်နေကြပြီ။ အေးမြတဲ့အရိပ် ပေးစွမ်းနိုင်တဲ့သူတွေ ဖြစ်နေကြပြီ။

သူတို့ကတော့ ကျွန်တော့်ကို သတိရချင်မှ ရမှာပါ။

ကျွန်တော်ကတော့ သူတို့ကို အမြဲသတိရနေတဲ့သူပါ။ သူတို့နဲ့ ပြန်တွေ့ချင်တယ်။ သူတို့နဲ့ စကားပြောချင်တယ်။ ငယ်ငယ်တုန်းက အကြောင်းတွေ ပြန်ပြောချင်တယ်။ ချစ်စရာကောင်းတဲ့ ငယ်ဘဝလေးတွေကို သူတို့က မေ့နေလောက်ပါပြီ။ ကျွန်တော်သာ သူတို့လို စကားလည်း ပြောတတ်မယ်၊ စကားပြောခွင့်လည်း ရမယ်ဆိုရင် ပျော်စရာလေးတွေ၊ ရင်ခုန်စရာလေးတွေအကြောင်း ကျွန်တော် ပြောချင်လိုက်တာ။ သူတို့က အခု အသက် (၄၀)၊ (၅၀)ကျော် လူကြီးတွေဆိုတော့ သူ့အပူနဲ့သူ၊ သူ့ဒုက္ခနဲ့သူမို့လို့ ကျွန်တော့်ကို မေ့နေမှာ သေချာပါတယ်လေ။

ဟုတ်ပါတယ်။ လူဆိုတာ 'အတ္တသစ်ပင်'ကို ကိုယ်တိုင်စိုက်ပြီး 'ဒုက္ခသစ်သီး'တွေကို 'လောဘစိတ်'နဲ့ ခူးယူစားသုံးနေကြတဲ့ 'အနတ္တသက်ရှိ' တွေဆိုတာ ကျွန်တော် သိပါတယ်။

မြန်မာ စာအုပ်များ



ဒါပေမဲ့ဗျာ ငယ်ငယ်တုန်းကလို ရိုးသားခြင်းတွေ၊ ဖြူစင်ခြင်းတွေ၊ သနားတတ်တဲ့ စိတ်တွေ၊ ကူညီတတ်တဲ့စိတ်တွေ၊ အမှန်တရားကို မြတ်နိုးတတ်တဲ့ စိတ်တွေ ရှိသေးရဲ့လားလို့ သူတို့ကို ကျွန်တော် မေးလိုက်ချင်တယ်။ လူ့တန်ဖိုးကို တွက်ချက်တတ်တဲ့လူ ဖြစ်စေချင်တယ်။ တန်ဖိုးရှိတဲ့သူ ဖြစ်စေချင်တယ်။ ကျွန်တော့်အသံကြားတိုင်း ငယ်ဘဝကို သတိရစေချင်တယ်။ ငယ်ဘဝကို မမေ့စေချင်ဘူး။ ကျွန်တော့်အသံကြားတိုင်း ကိုယ့်ရဲ့စိတ်ကို ငယ်ဘဝတုန်းကလို ဖြူစင်သေးရဲ့လားလို့ တွေးမိစေချင်တယ်ဗျာ။

ကျွန်တော်က ကျွန်တော်ပြောချင်တာတွေသာ ပြောနေတာ။ ကျွန်တော့်ကိုယ် ကျွန်တော် မိတ်မဆက်ရသေးဘူးနော်။

ကျွန်တော်ဆိုတာ...

ဒီကျောင်းက အသက် (၅၀)ကျော်နေပြီဖြစ်တဲ့ ကျောင်းတက် ကျောင်းဆင်း အချိန်မှန် အသံပြုရတဲ့ 'ခေါင်းလောင်းလေး တစ်လုံး'ပါ။

■

မြန်မာ စာအုပ်များ



မြန်မာ စာအုပ်များ

ကဲ... သားနဲ့သမီး
အမေ့စကားကို
အမေ လိုရင်းပြောမယ်နော်။
အိမ်ထောင်ရေးမှာ...
လင်ယောကျ်ားက... 'ရှက်'
ဇနီးမယားက... 'တက်'
စိတ်သဘောထားပြေလည်မှုက... 'လှေ'

.

# လှေ

ကျွန်တော်ရဲ့ 'မင်္ဂလာဦးည'က ဖြစ်ရပ်ကလေးပါ။

ကျွန်တော်နဲ့ ကျွန်တော့်မိန်းမက ရည်းစားဘဝ (၇)နှစ်လောက် နေလာခဲ့ကြတယ်။ နှစ်ဖက်မိဘ သဘောတူညီမှုနဲ့ အိမ်ထောင်ပြုကြတယ်။ မင်္ဂလာဆောင်တယ်။ ထုံးစံအတိုင်းပါပဲ။ လာသမျှလူတွေကို ပြုံးပြရတယ်။ သိသိမသိသိ နှုတ်ဆက်ရတယ်။ ဒီလိုနဲ့ မင်္ဂလာဆောင်ပွဲကြီး ပြီးသွားတယ်။ စိတ်မော၊ လူမောနဲ့။ ငယ်သူငယ်ချင်း ယောကျ်ားတွေက 'ခဲဖိုး'တောင်းတယ်။ ငယ်သူငယ်ချင်း မိန်းကလေးတွေကတော့ 'ရွှေကြိုး'တားကြတယ်။ ကျွန်တော်ကလည်း မငြင်းဘူး။ ပေးစရာရှိတာ ပေးလိုက်တယ်။ ဒါမှ မင်္ဂလာဦးရဲ့ညဦးမှာ လူရှင်းတော့မှာပေါ့။

ဒီလိုနဲ့ ညရောက်လာတယ်။ (၃)နှစ် (၃)မိုးမက ချစ်ခဲ့ရသူဆိုတော့ ဒီနေ့ညက အရမ်းတန်ဖိုးရှိပါတယ်။ ကျွန်တော့်မိန်းမရဲ့ ရင်ထဲမှာ ဘယ်လိုရှိနေမယ်တော့ ကျွန်တော် မသိဘူး။ ကျွန်တော်ကတော့ အရမ်းကို ရင်တွေခုန်နေတယ်။ တစ်မျိုးကြီးပဲ။ မင်္ဂလာဦးညဆိုတော့ ရင်ထဲမှာ ရေဆာသလိုလို၊ ဗိုက်ပြည့်သလိုလို၊ ဘယ်လိုကြီးမှန်း မသိပါဘူး။ အိပ်ရာ စောစောဝင်မယ်လို့ စိတ်ကူးတယ်။ လူကို သန့်သန့်ရှင်းရှင်းဖြစ်သွားအောင် ရေချိုးလိုက်တယ်။ ဘယ်သူငယ်ချင်းနဲ့မှ မတွေ့ချင်ဘူး။ တတ်နိုင်ရင် ဘယ်ဧည့်သည်မှ မလာစေချင်ဘူး။ ဘယ်သူနဲ့မှလည်း စကားမပြောချင်ဘူး။ ဒီနေ့ညက အရေးကြီးတယ်လေ။

မြန်မာ စာအုပ်များ



အဲဒီအချိန်မှာ မမျှော်လင့်ဘဲ 'အမေ' ရောက်လာတယ်။ ည (၉)နာရီလောက် ရှိနေပြီ။ အဖေက အမေ့ကို စက်ဘီးပေါ်တင်ပြီး ကျွန်တော့်ဆီကို အရောက်နင်းလာခဲ့တာ။ စက်ဘီးနင်းခဲ့ရတဲ့ အဖေ့မှာ မောလို့။ အမေနဲ့ အဖေ ရောက်လာတော့ သင်ဖြူးဖျာကလေးကို ခင်းလိုက်တယ်။ လက်ဖွဲ့ရတဲ့ မင်္ဂလာဦး အချိုရည် ပန်းကန်ကလေးထဲမှာ အမေနဲ့အဖေကို ကော်ဖီဖျော်တိုက်လိုက်တယ်။ ကျွန်တော်က အမေ့ကို မေးလိုက်တယ်။

"အမေတို့ ညကြီးအချိန်မတော် ဘာကိစ္စများ အရေးကြီးလို့ ရောက်လာကြတာလဲ"

အမေက ဘာမှ ပြန်မပြောဘူး။ ကော်ဖီကို ကုန်အောင်သောက်တယ်။ ကော်ဖီကုန်သွားပြီဆိုမှ အမေက အိမ်ထောင်ရေးတရား ဟောတော့တာပါပဲ။

"ဒီမယ် ငါ့သား၊ ဒီစကားဟာ ဒီနေ့ည ပြောမှ အဓိပ္ပာယ်ရှိမှာမို့ အမေ ရောက်အောင်လာခဲ့တာ"

"ဘာစကားမို့လဲ... အမေရယ်"

"အမေ အခုပြောမယ့်စကားဟာ သားရတဲ့ လက်ဖွဲ့တွေထဲမှာ အကောင်းဆုံးလက်ဖွဲ့ ဖြစ်လိမ့်မယ်။ လက်ဖွဲ့ပစ္စည်းဆိုတာ အချိန်တန်ရင် ဟောင်းသွားမယ်။ ပျက်စီးသွားမယ်။ ပျောက်ပျက်သွားမယ်။ အမေ အခုပေးမယ့် သားတို့ အိမ်ထောင်ရေးအတွက် လက်ဖွဲ့ကတော့ အချိန်ကြာလေလေ တန်ဖိုးရှိလေလေ၊ အတွေးဉာဏ်ရင့်ကျက်လေလေ အသုံးဝင်လေလေ ဖြစ်စေမယ့် လက်ဖွဲ့ပဲ"

အမေက သူ့စကားတွေကို နိဒါန်းတွေ အရမ်းချီနေပါတော့တယ်။ ကျွန်တော်က အိပ်ရာဝင်ချင်လှပြီ။ အမေ့အကြောင်း သိပ်မသိတဲ့ ကျွန်တော့်အမျိုးသမီးက ကျွန်တော့်အမေကို 'ဘာကြီးလဲ'ဆိုတဲ့ အကြည့်မျိုးနဲ့ ကြည့်နေပါတော့တယ်။ အလိုက်ကန်းဆိုးမသိတဲ့ မိန်းမကြီးတစ်ယောက်လို့ တွေးနေမယ်ထင်တယ်။

"အမေ အခုပြောမယ့် စကားဟာ အမေတို့ အိမ်ထောင်ရေးဘဝနဲ့ ရင်းပြီး ရလာခဲ့တဲ့ စကားပဲ"

"ဘာလဲ အမေရယ်"

"ဒီမယ် ငါ့သား၊ လူတချို့က စီးပွားရေး အောင်မြင်ကြတယ်။ ဒါပေမဲ့ အိမ်ထောင်ရေး မအောင်မြင်ကြဘူး။ လူတချို့ကျတော့ စီးပွားရေးလည်း မအောင်မြင်ဘူး။ အိမ်ထောင်ရေးလည်း မအောင်မြင်ဘူး။ လူတော်တော်များများကတော့

မြန်မာ စာအုပ်များ



စီးပွားရေးကို အိမ်ထောင်ရေးထက် ပိုအရေးကြီးတယ်လို့ မြင်ကြတယ်။ အမေတို့လည်း သားတို့လို ဟိုး… လွန်ခဲ့တဲ့နှစ်ပေါင်း (၃၀)ကျော်တုန်းက အချစ်တစ်ခုတည်းနဲ့ ဘဝကို ပြည့်စုံပြီလို့ ထင်ခဲ့ကြတယ်။ အမေတို့ရဲ့ အမှားတွေ၊ အမေတို့ရဲ့ နောင်တတွေ၊ အမေတို့ရဲ့ မိုက်မဲမှုတွေကို သားတို့ မင်္ဂလာဦးညမှာ သိစေချင်လို့၊ ဆင်ခြင်စေချင်လို့ စကားအဖြစ် လာပြီး လက်ဖွဲ့တာပဲ''

ဒီအချိန်မှာ 'ကျွန်တော့်မိန်းမ အသစ်စက်စက်'ဟာ စိတ်မဝင်စားတဲ့ အမူအရာနဲ့ အိပ်ငိုက်နေပါတော့တယ်။

''ငါ့သား၊ အိမ်ထောင်တစ်ခုမှာ လင်ယောကျ်ားဟာ 'ရွက်'နဲ့ တူတယ်။ ဇနီးမယားက 'လှော်တက်'နဲ့ တူတယ်။ စိတ်သဘောထား ပြေလည်မှုဟာ 'လှေ'နဲ့ တူတယ်''

အမေ့စကားကို ကျွန်တော် နားမလည်ပါ။ အမေ့စကားရဲ့ ရည်ရွက်ချက်ကိုလည်း ကျွန်တော် မသိပါ။ အမေက ဆက်ပြောပါတယ်။

''လှေတစ်စင်းမှာ 'ရွက်'ဆိုတာ 'လေ'လာရင် လှေကို ဟိုး… အဝေးကြီး အထိ သယ်ဆောင်သွားနိုင်တယ်။ ရေစီး ဘယ်လောက်ကြမ်းကြမ်း လေတိုက်နေလို့ကတော့ ဒီလှေဟာ ရေဆန်ကိုလည်း မမှုဘူး။ 'ရွက်'ဆိုတာ လင်ယောကျ်ားနဲ့ တူတယ်။ ကံအကြောင်းလှလို့ 'ဝင်ငွေကောင်း'တဲ့အခါ ရှိမယ်။ 'လေ'လာသလိုပေါ့ကွယ်။ ကံအကြောင်းမလှလို့ 'ဝင်ငွေနည်း'တဲ့အခါလည်း ရှိမယ်။ 'လေ'မတိုက်သလိုပေါ့ကွယ်။ အမေတို့လို မိန်းမသားတွေဟာ ယောကျ်ား ဝင်ငွေဖြောင့်နေရင် ကြည်ဖြူကြတယ်။ ယောကျ်ား ဝင်ငွေမကောင်းရင် စိတ်ထဲမှာ သိပ်အဆင်မပြေဘူး''

အဲဒီအချိန်မှာ အဖေဟာ အမေ့ကို တစိမ့်စိမ့်ကြီး စိုက်ကြည့်နေတယ်။

''မင်းအဖေ ဝင်ငွေကောင်းတုန်းက ငါ့စိတ်ကတစ်မျိုး။ မင်းအဖေ ဝင်ငွေမကောင်းတော့ ငါ့စိတ်က သိပ်အဆင်မပြေချင်ဘူး။ အမေတို့ မိန်းမသားတွေဟာ လှေတစ်စင်းမှာရှိတဲ့ 'လှော်တက်' တူပြန်တယ်။ လေလာလို့ လှေပြေးရင် 'လှော်တက်' ဆိုတာ 'ပဲ့ထိန်း'ရုံသက်သက်ပဲ။ 'လေမလာလို့ လှေမပြေး'ရင် 'လှော်တက်'ဆိုတာ 'ပဲ့ထိန်း'ရုံတင် မဟုတ်တော့ဘူး။ ဝင်ပြီး လှော်ရတယ်။ အမေက အမေတို့ရဲ့ အိမ်ထောင်ရေးမှာ 'လှော်တက်'တစ်ချောင်းပဲ။ ဒါပေမဲ့ 'ပဲ့ထိန်း'ရုံသာထိန်းခဲ့တဲ့ 'လှော်တက်'ပါ။ မင်းအဖေ ဝင်ငွေမကောင်းတော့

မြန်မာ စာအုပ်များ



မင်းအဖေကိုပဲ အပြစ်မြင်မိတယ်။ ဝင်ပြီး 'လှော်'ဖို့ စိတ်မကူးမိခဲ့ဘူး။ 'လှော်'ရ ကောင်းမှန်းလည်း မသိခဲ့ဘူး။ ဒါကြောင့် ငါ့သမီးက 'ပဲ့ထိန်း'သလို ဝင်ပြီး 'လှော်'ရတဲ့ 'လှော်တက်'တစ်ချောင်းလည်း ဖြစ်ဖို့လိုတယ်။

အမေ့စကားဟာ တော်တော် အဓိပ္ပာယ်ပါတာပဲ။ မြန်မာ့ လူ့အဖွဲ့အစည်း အိမ်ထောင်ရေးမှာ ယောကျ်ားတွေက 'ငွေ'ရှာတယ်။ မိန်းမတွေက 'အိမ်ထောင်မှု' ထိန်းသိမ်းတယ်။ ဒီလောက်ပဲ အမြင်ရှိကြတယ်။ အမေ့စကားဟာ ဒီ့ထက် လေးနက်တယ်။

"ဆက်ပြောရဦးမယ် ငါ့သား၊ လေလာလို့ လှေပြေးပါရဲ့၊ 'ပဲ့ထိန်း'လည်း ကောင်းပါရဲ့၊ လေမလာရင်လည်း 'လှော်တက်'ကဝင်ပြီး လှော်ပါရဲ့၊ ဒါပေမဲ့ 'လှေပေါက်'နေရင် ဘယ်လိုလုပ်မလဲ။ 'စိတ်သဘောထားပြေလည်မှု'ဟာ 'လှေ'နဲ့တူတယ် ငါ့သား။ 'အိမ်ထောင်ရေး'တော်တော်များများဟာ 'လှေပေါက်' ကြီးနဲ့ တူကြတယ်။ ခရီးရှည်ကြီးကို သွားရမယ့် 'လှေ'ဟာ ပေါက်နေရင် အလကားပဲ။ 'လေ'လာလည်း ဘာထူးမှာလဲ။ 'ပဲ့ထိန်း'ရင်လည်း အလကားပဲ။ ဝိုင်းကူပြီး လှော်ပေးနေရင်လည်း အလကားပဲ။ 'လှေပေါက်ကြီး'နဲ့ ခရီးမသွားမိဖို့ အရေးကြီးတယ်"

အမေဟာ စကားပြောရင်း အဖေ့ကို လှည့်ကြည့်လိုက်တယ်။

"မင်းအဖေနဲ့ ငါဟာ တစ်ယောက်ကိုတစ်ယောက် ချစ်ကြပါတယ်။ ဒါပေမဲ့ စိတ်သဘောထားချင်း မတိုက်ဆိုင်ကြဘူး။ စိတ်ချင်း အဆင်မပြေဘူး။ တစ်ယောက်စိတ်ကိုတစ်ယောက် နားမလည်ဘူး။ ဒီတော့ အမေတို့ရဲ့ 'အိမ်ထောင်ရေး လှေကြီး'ဟာ ခရီးအဝေးကြီးကို မရောက်ခဲ့ဘူးပေါ့။ တစ်ခါတလေ အမေက 'လှေ'ကို အပေါက်ဖြစ်အောင် ဖောက်ပစ်တယ်။ 'လှေပေါက်'ကို ပြန်ပြီး ဖာထေးနေရတာနဲ့ အမေတို့ အိမ်ထောင်ရေးဟာ မအောင်မြင်ခဲ့ဘူး။ တစ်ခါတလေ ကျတော့လည်း မင်းအဖေက အမေတို့ရဲ့ အိမ်ထောင်ရေးလှေကြီးကို သူက ဖောက်ပစ်ပြန်တယ်။ ဒီလိုနဲ့ အမေတို့ရဲ့ 'ခရီးရှည် အိမ်ထောင်ရေးဘဝကြီး'ဟာ သားတို့ သိခဲ့ကြတဲ့အတိုင်းပဲ။ ခရီး မရောက်ခဲ့ဘူး။ မအောင်မြင်ခဲ့ဘူး"

အမေပြောတာ ဟုတ်ပါတယ်။ ကျွန်တော်ဟာ သားအကြီးဆုံးဖြစ်တော့ အမေတို့ရဲ့ အိမ်ထောင်ရေးနဲ့ မိသားစုရဲ့ ဘဝကို အစအဆုံး သိထားတဲ့သူပါ။

အဲဒီအချိန်မှာ ကျွန်တော့်အသစ်စက်စက်မိန်းမက သူ့ယောကျ်ားမဖြစ်တဲ့

မြန်မာ စာအုပ်များ



ကျွန်တော့်အမေကို စိတ်ဝင်တစားနဲ့ ကြည့်နေပါတော့တယ်။

''ကဲ... သားနဲ့သမီး အမေ့စကားကို အမေ လိုရင်းပြောမယ်နော်။ ဒီစာတန်းကလေးကို အိမ်မှာချိတ်ထား။ အဲဒါ အမေ့ရဲ့လက်ဖွဲ့ပဲ။ ကဲ... အမေတို့ ပြန်တော့မယ်။ သားနဲ့သမီး လည်း အိမ်ရာဝင်ချင်ကြမှာပဲ။ သားတို့ရဲ့ ပထမဦးဆုံး မင်္ဂလာညမှာ ပျော်ရွှင်ပါစေကွယ်''

အမေပေးသွားတဲ့ လက်ဖွဲ့စာတန်းကလေးကတော့...

**အိမ်ထောင်ရေးမှာ...**


**လင်ယောကျ်ားက... 'ရွက်'**

**ဇနီးမယားက... 'တက်'**

**စိတ်သဘောထား ပြေလည်မှုက... 'လှေ'**

■

မြန်မာ စာအုပ်များ



မြန်မာ စာအုပ်များ

ပြောရဦးမယ်၊
နင့်သူငယ်ချင်း
ငါ့သမီး အကြီးမလေ
ငါ့မြေး... သူ့သမီးတွေနဲ့အပြိုင်
လက်သည်းနီ ဆိုးတယ်။
ဒေါက်မြင့်ဖိနပ် စီးတယ်။
အဲဒါ သူငယ်ပြန်တာ မဟုတ်လို့ ဘာတုံး။
ငါ့ကျတော့
သူငယ်ပြန်တယ် ပြောကြတယ်။
သူတို့သူငယ်ပြန်နေတာကျတော့
သတိမထားမိကြဘူး။

## သူငယ်ပြန်သူ

ဘုရားကြီးဘက်ကို ရောက်တိုင်း 'ကြီးမေ'အိမ်ကို ဝင်ဖြစ်တယ်။

'ကြီးမေ'ဆိုတာ ကျွန်တော့်သူငယ်ချင်း 'နွယ်နီ'ရဲ့ အမေပါ။ အပြာဝတ် 'နာ့စ်မ'ကြီးတစ်ယောက်ပါ။ ကျွန်တော် တက္ကသိုလ်တက်တုန်းက 'ကြီးမေ'အိမ်ဆိုတာ ကျွန်တော့်အတွက် စားအိမ်၊ သောက်အိမ်ပါ။ ပိုက်ဆံမရှိရင် 'ကြီးမေ'က ထမင်းကျွေးတယ်။ မုန့်ဖိုးပေးတယ်။ စာမေးပွဲနီးရင်လည်း 'ကြီးမေ'က လက်ဖက်သုပ်ပေးတယ်။ ကော်ဖီဖျော်ပေးတယ်။ ရည်စားထားတုန်းကဆိုရင် 'ကြီးမေ'က အကြံပေးတယ်။ မြှောက်ပေးတယ်။ ကျွန်တော် နေမကောင်းဖြစ်ရင်လည်း 'ကြီးမေ'ကပဲ ဆေးကုပေးတယ်။ စောင့်ရှောက်ပေးတယ်။ ဒီတော့ ကျွန်တော့်အတွက် 'ကြီးမေ'ဆိုတာ အမေဆိုရင်လည်း ဟုတ်တယ်။ မိတ်ဆွေဆိုရင်လည်း ဟုတ်တယ်။ သူငယ်ချင်းဆိုရင်လည်း ဟုတ်တယ်။ 'ကြီးမေ'က နာ့စ်မကြီးဆိုတော့ အရမ်းပွင့်လင်းတယ်။ ပျော်ပျော်လည်း နေတတ်တယ်။ ထမင်းဟင်းချက်လည်း အရမ်းကောင်းတယ်။ သဘောလည်း ကောင်းတယ်။ စိတ်ကောင်းလည်း ရှိတယ်။ ဘုရားကြီးနား နေတာဆိုတော့ ဘုရားရိပ်၊ တရားရိပ်ကြောင့် တရားလည်း မြဲတယ်။ ဘုရားဝေယျာဝစ္စ အမြဲလုပ်တယ်။

'ကြီးမေ'က သီချင်းဆိုတာ အရမ်းကောင်းတယ်။ 'လေဘာတီ မမြရင်' သီချင်းဆိုရင် အကုန်နီးပါးရတယ်။ 'မေရှင်' သီချင်းဆိုရင်တော့ နှုတ်ဖျားကကို မချဘူး။ အသံကလည်း ကောင်းတယ်။ 'နာ့စ်မ'ကြီးလည်း ဖြစ်ပြန်ဆိုတော့

မြန်မာ စာအုပ်များ



ခေတ်လည်း မီတယ်။ ခေတ်အမြင်လည်း ရှိတယ်။ ကျွန်တော့်တို့ သူငယ်ချင်းတစ်တွေ အလုပ်အကိုင်တွေရပြီး ဘယ်ဒေသရောက်နေနေ 'ကြီးမေ'ဆီကို စာရေးတယ်။ ဖုန်းဆက်တယ်။ 'ကြီးမေ'ကလည်း ကျွန်တော်တို့ကို မှတ်မိတယ်။ ကျွန်တော်တို့ 'ကြီးမေ'အိမ်ကိုသွားရင် 'ကြီးမေ'အရမ်းပျော်တယ်။ 'ကြီးမေ'ကြီးက ငယ်ငယ်တုန်းကအကြောင်းတွေ ပြန်ပြောတတ်တယ်။

"ဟဲ့… ဘုန်း။ နင်မှတ်မိသေးလား။ နင့်သူငယ်ချင်းစက်ဘီးကို စီးပြီး နင့်ရည်းစားနဲ့ ဘုရားကြီးကိုလာတုန်းကလေ။ စက်ဘီးပျောက်လို့ ငါက စိုက်ပြီး လျော်ပေးရတာ"

"မှတ်မိတာပေါ့ ကြီးမေရ"

"အဲ့ဒီတုန်းက နင်ဝတ်တဲ့အဝတ်အစားတွေအားလုံး ငှားပြီးဝတ်ရတာလေ။ ရည်းစားနဲ့ လျှောက်လည်တိုင်း သူများအဝတ်အစားနဲ့ ဟန်ဆောင်ခဲ့တဲ့အတွက် နင် အဲ့ဒီကောင်မလေးနဲ့ မညားတာ"

"ကြီးမေကလည်းဗျာ… အဲဒီတုန်းက ကျွန်တော်က ကျောင်းသားဘဝရှိသေးတာကိုး။ ကိုယ်ပိုင်ပစ္စည်း ဘာမှမရှိဘူးဗျ။ ဆင်းရဲတာကိုး"

အခုဆိုရင် 'ကြီးမေ'အသက် (၇၈)နှစ် ရှိပြီ။

တစ်ခါမှာပေါ့…

'ကြီးမေ'အိမ်ကို ကျွန်တော် ရောက်သွားတယ်။ 'ကြီးမေ'ပါးမှာ သနပ်ခါးတွေ ဖွေးလို့။ ဆံပင်ကလည်း ပါးနေပြီ။ တစ်ခေါင်းလုံးလည်း ဖြူဖွေးနေပြီ။ ဆံပင်ပါးပါးဖြူဖြူ သနပ်ခါးဖွေးဖွေးနဲ့ 'ကြီးမေ'ကို မြင်တော့ ကျွန်တော်က ပြုံးမိတယ်။

"ဘာလဲ ကောင်လေး… ဘုန်း။ ငါ့ကို သူငယ်ပြန်တယ်ဆိုပြီး လှောင်တာလား"

"မဟုတ်ပါဘူး ကြီးမေရဲ့"

"ငါ သိပါတယ်။ ငါ့ကို တစ်အိမ်လုံးက သူငယ်ပြန်တယ်ဆိုပြီး လူရာမသွင်းချင်ကြဘူး။ ငါက သီချင်းဆိုတယ်။ အဲ့ဒါ ဘာဖြစ်လဲ။ ငါက သနပ်ခါးလိမ်းတယ်။ အဲ့ဒါ ဘာဖြစ်လဲ။ ငါ ငယ်ငယ်တုန်းက အကြောင်းတွေ စဉ်းစားတယ်။ ပြောတယ်။ အဲ့ဒါ ဘာဖြစ်လဲ။ ဒါကို သူငယ်ပြန်တယ်ဆိုပြီး ငါ့ကို ခွဲခြားဆက်ဆံကြတယ်။ သားသမီးတွေ မတရားဘူး"

''ဒါဆိုရင် ကြီးမေက သူငယ်ပြန်နေတယ်ဆိုတာ မဟုတ်ဘူးပေါ့''

''မင်းတို့ အသက်မကြီးဖူးသေးပါဘူး။ မင်းတို့ ငါ့လို အသက်ရောက်မှ ငါ့ကို 'ကိုယ်ချင်းစာ'တတ်မှာ။ အသက်တွေကြီးလာတော့ စကားတွေ ပြောချင်လာတယ်။ စကားပြောဖော်ကလည်း မရှိဘူး။ အိမ်မှာရှိတဲ့ သားတွေ၊ သမီးတွေ၊ မြေးတွေကလည်း ထမင်းကျွေး၊ မုန့်ဖိုးပေးရင် တာဝန်ကျေပြီလို့ ထင်နေကြတာ။ 'ကြီးမေ'မှာ သူငယ်ချင်း မရှိဘူး။ မင်းတို့လာရင် 'ကြီးမေ'အရမ်းပျော်တယ်။ စကားပြောရလို့ ပျော်တာ။ တစ်ခါတလေ 'ကြီးမေ'တစ်ယောက်တည်း စကားတွေ ပြောပြောနေတယ်။ အဲ့ဒါကို သူငယ်ပြန်တယ်လို့ ပြောကြပြန်တယ်။ အမှန်တော့ စကားပြောဖော်မရှိလို့ တစ်ယောက်တည်း စကားပြောတာ။ ဘာဖြစ်လဲ။ သနပ်ခါးလိမ်းတယ်ဆိုတာလည်း သန့်သန့်ရှင်းရှင်းနေချင်လို့ လိမ်းတာ။ ဘာဖြစ်သေးလဲ။ သီချင်းကိုကြိုက်လို့ ဆိုတာတောင် မလွတ်လပ်ပါဘူးကွယ်။ ကွယ်ရာမှာ သူငယ်ပြန်တယ်လို့ အပြောခံရတယ်''

ကျွန်တော် ပြုံးမိတယ်။ 'ကြီးမေ'က 'နှာစ်မ'ကြီးဖြစ်ခဲ့တော့ အသန့်အရှင်းကလည်း ကြိုက်တယ်။ သီချင်းဆိုတာလည်း ကောင်းဆိုတော့ သားသမီးတွေ၊ မြေးတွေက သူ့ကို နားမလည်ကြဘူးဆိုတာ ဟုတ်နိုင်တယ်။ ကြီးမေက သူ့သားသမီးတွေနဲ့ထပ်တူ ကျွန်တော်တို့ကိုပါ ချစ်ခဲ့တဲ့သူ၊ ကူညီခဲ့တဲ့သူ၊ တာဝန်ကျေခဲ့တဲ့သူ။ သူကသာ လူတွေအားလုံးအပေါ်မှာ စာနာပေးခဲ့တာ။ နားလည်ပေးခဲ့တာ။ သူ့ကို လူတွေက မေ့နေကြတယ်။

''ကြီးမေက 'နှာစ်မ'ကြီးဆိုတော့ သူငယ်ပြန်တယ်ဆိုတာကို ဘယ်လို အဓိပ္ပာယ်ဖွင့်မှာလဲ။ ရှင်းပြစမ်းပါ ကြီးမေရယ်''

''ကဲ... ငါက သူငယ်ပြန်တယ်ပဲ ထားပါတော့။ နင်တို့အရွယ် ယောကျ်ားတွေဆိုရင် အခု သူငယ်ပြန်နေတာ နင် သတိမထားမိလို့။ နင်လည်း သူငယ်ပြန်တာပဲ''

''ဟုတ်လို့လား 'ကြီးမေ'ရဲ့''

''ဟုတ်တယ်။ နင်တို့ ကာရာအိုကေ သွားတယ်။ သီချင်းတွေ ဆိုတယ်။ ကိုယ့်သမီးအရွယ် ကောင်မလေးတွေနဲ့ ပွတ်သီးပွတ်သပ် လုပ်တယ်။ အရွယ်နဲ့ မတန်တဲ့ စကားတွေ ပြောတယ်။ အဲ့ဒါ သူငယ်ပြန်တာ မဟုတ်လို့ ဘာတုံး။ ပြောစမ်းပါ''

မြန်မာ စာအုပ်များ



ကျွန်တော် အရမ်းသဘောကျသွားတယ်။ ဟုတ်သားပဲ။ ကျွန်တော်တို့လည်း အသက် (၅၀)မပြည့်ခင် သူငယ်ပြန်နေကြတာကိုး။

"ပြောရဦးမယ်၊ နင့်သူငယ်ချင်း၊ ငါ့သမီး အကြီးမလေ။ အခု သူငယ်ပြန်နေပြီ။ ဟိုတစ်နေ့က ဆီဒိုးနားမှာ သောင်းကျော်တန်ပေးရတဲ့ တီးဝိုင်းသွားပြီး နားထောင်သတဲ့။ အိမ်ပြန်လာတော့ သီချင်းတွေဆိုပြီး ဝင်လာလိုက်တာ။ ဂါဝန်လား၊ စကတ်လား မသိပါဘူး။ အဲဒါကြီးလည်း ဝတ်တယ်။ ဆံပင်တွေလည်း ကောက်တယ်။ အလှပြင်ဆိုင်လည်း သွားတယ်။ ငါ့မြေး… သူ့သမီးတွေနဲ့အပြိုင် လက်သည်းနီ ဆိုးတယ်။ ဒေါက်မြင့်ဖိနပ် စီးတယ်။ အဲဒါ သူငယ်ပြန်တာ မဟုတ်လို့ ဘာတုံး။ ငါ့ကျတော့ သူငယ်ပြန်တယ် ပြောကြတယ်။ သူတို့ သူငယ်ပြန်နေတာကျတော့ သတိမထားမိကြဘူး"

"ဒါဆိုရင် 'ကြီးမေ'ရယ်၊ ဒီခေတ်မှာ သူငယ်ပြန်တဲ့လူတွေ တော်တော်များများပဲနော်"

"ဟုတ်တယ်၊ နင်တို့ဆိုရင် ဆိုင်ကယ်စီးရင်တောင် သူငယ်ပြန်ကြသေးတာ"

"ဟုတ်လို့လား"

"ကောင်မ ငယ်ငယ်လေးတွေကို နင်တို့ 'ငမ်းတာ'သူငယ်ပြန်တာပဲဟဲ့"

ကျွန်တော် တဟားဟားနဲ့ ရယ်မိပါတော့တယ်။ 'ကြီးမေ'ပြောသလိုဆိုရင် ကျွန်တော် နေ့တိုင်း၊ အချိန်တိုင်း၊ သူငယ်ပြန်နေတာပါလား။ 'ကြီးမေ'ပြောမှပဲ တွေးမိပါတော့တယ်။

အဲဒီအချိန်မှာ ကျွန်တော့်သူငယ်ချင်း ကျွန်တော်တို့အနားကို ရောက်လာတယ်။ သူက ကျွန်တော့်ကို အဓိပ္ပာယ်ပါတဲ့ အကြည့်နဲ့ ကြည့်တယ်။ ငါ့အမေ သူငယ်ပြန်နေတာ နင်တော့ ဒုက္ခပဲ။ နားထောင်လိုက်ပေဦးတော့ဆိုတဲ့ အကြည့်မျိုးနဲ့ပေါ့။

'ကြီးမေ'က ဆက်ပြောတယ်။

"ငါ့ယောက်ျား ကိုလှမောင် နင်သိတယ် မဟုတ်လား။ သူဆိုရင် သူ့အသက် (၄၅)နှစ်နဲ့ သူငယ်ပြန်တာ"

"ဟုတ်ပါ့မလား 'ကြီးမေ'ရဲ့၊ ဘကြီးမောင်က (၅၅)နှစ်မှာ ဆုံးတာလေ။ သူငယ်ပြန်ဖို့အချိန် ဘယ်မှာရှိလို့တုံး"

လင်းလွန်းခင်စာပေ

မြန်မာ စာအုပ်များ



''ဟုတ်တယ်၊ ကိုလှမောင် သူငယ်ပြန်တာ ငါနဲ့သူ နှစ်ယောက်တည်း သိတယ်''

''*မဖြစ်နိုင်ပါဘူး 'ကြီးမေ'ရာ...*''

''ဟဲ့ ဟုတ်တယ်ဟဲ့ ကောင်လေးရဲ့၊ နင် ဘာသိလို့လဲ''


ကျွန်တော် ဘာမှပြန်မပြောဘဲ နားထောင်နေမိတယ်။

''ငါ့ယောကျ်ား ကိုလှမောင်ရယ်လေ (၄၅)နှစ်မှာ 'မယားငယ်' ယူတယ်ဟဲ့။ အဲ့ဒါ ဘယ်သူမှ မသိဘူး။ ငါပဲ တိတ်တိတ်ကလေး ဖြေရှင်းပေးလိုက်ရတယ်။ နင်တို့ ယောကျ်ားတွေ 'မယားငယ်'ယူတယ်ဆိုတာ လူသိရှင်ကြား သူငယ်ပြန်ကြတာပဲဟဲ့။ ခေတ်မီမီနဲ့ သူငယ်ပြန်ကြတာပဲဟဲ့''

'ကြီးမေ' စကားက ရယ်စရာပြောသလိုနဲ့ အဓိပ္ပာယ်တွေ ပါနေတယ်ဗျာ။

■

မြန်မာ စာအုပ်များ



❝

စဉ်းစားကြည့်ပါဦး။
လူဆိုတာ
အသက်အရွယ်ကြီးလာသလို
အသိတရားလည်း
ကြီးလာဖို့လိုတယ်။
အသက်တွေကြီးပြီး
အသိတရား မရှိရင်တော့
လူဖြစ်ရကျိုးမနပ်ဘူး။
တော်သင့်တဲ့အချိန်မှာ
တော်ရတယ်။
ရပ်သင့်တဲ့အချိန်မှာ ရပ်ရတယ်။

❞

မြန်မာ စာအုပ်များ



"ငါနားမလည်ဘူးကွာ။ ဘောလုံးနိုင်ရင် မင်းလည်း နိုင်ရမှာပေါ့ကွ"

"တကယ့်ပွဲချိန်မှာ သရေဆိုတော့ ငါရှုံးတာပေါ့ကွ"

"ဘယ်နှပုံး ထိသွားလို့လဲ"

"မပြောချင်ပါဘူးကွာ ၁၅၀ ကျော်တယ်"

"အားပါးပါး များလှချည်လား"

"ဒါကြောင့် ငါ အိမ်ပြန်ဖို့ခက်နေတယ်။ မိန်းမမျက်နှာလည်း မကြည့်ရဲဘူး။ အဖေ အမေနဲ့လည်း မတွေ့ရဲဘူး။ မင်းကို ရင်ဖွင့်ချင်လို့၊ မင်းအိမ်ကို ငါ အစောကြီး ရောက်လာတာ၊ ကော်ဖီတိုက်ကွာ"

ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် မန်ယူနဲ့ ချဲလ်ဆီးအကြောင်း စကား ပြောနေချိန်မှာ ဆွမ်းခံကိုယ်တော် ရောက်နေပါတယ်။ ဆွမ်းခံကိုယ်တော်က ကျွန်တော်နဲ့ အလွန်ရင်းနှီးပါတယ်။ ကျွန်တော့်အိမ်မှာ ဆွမ်းခံကြွနေတာ (၃)နှစ် ကျော်ပါပြီ။ အဲဒီ ဦးပဥ္ဇင်းဟာ အရင်က တက္ကသိုလ် မြန်မာစာဌာနက 'ကထိက' တစ်ယောက်ပါ။ ရဟန်းဘောင် ကူးပြောင်းသွားကတည်းက ကျွန်တော်တို့အိမ်မှာ ဆွမ်းခံကြွနေကျပါ။ မနက်မနက်ဆိုရင်လည်း စကားပြောဖော်ပြောဖက်၊ တရား ဆွေးနွေးဖော် ဆွေးနွေးဖက်ပါ။

ဆွမ်းခံကိုယ်တော်က ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် ပြောနေတဲ့ စကားတွေကို အစအဆုံး ကြားပါတယ်။

"ကျောင်းဆရာ"

ကျွန်တော့်ကို အဲဒီ ဦးပဥ္ဇင်းက 'ကျောင်းဆရာ'လို့ ခေါ်တယ်။

"ကျောင်းဆရာ၊ ကျုပ် စကားနည်းနည်းလောက် ပြောချင်တယ် ဖြစ်မလား"

"ရပါတယ် ဘုရား"

"ကျောင်းဆရာတို့ ပြောနေတဲ့စကားကို ကြားပြီး ကျုပ်ပြောချင်တာလေး တွေ ရှိလို့ပါ။ ခွင့်ပြုပါ"

"တင်ပါ့ ဘုရား"

"မြန်မာဝေါဟာရမှာ 'တော်'ဆိုတာ အနက်အမျိုးမျိုး ရှိတယ်။ 'ကောင်း တယ်'လို့ အဓိပ္ပာယ်လည်း ရသလို၊ 'တော်တော့'၊ 'ရပ်တော့'လို့ အဓိပ္ပာယ်လည်း ရတယ်။ Good ဆိုတာလည်း တော်တာပဲ။ Stop ဆိုတာလည်း တော်တော့ လို့ ပြောတာပဲ"

မြန်မာ စာအုပ်များ



''တပည့်တော်တို့နဲ့ ဘာများ ပတ်သက်လို့ပါလဲ ဘုရား''

''လူတိုင်းနဲ့ ပတ်သက်တယ် ကျောင်းဆရာရဲ့။ Good ချင်ရင် Stop သင့်တဲ့အချိန်မှာ Stop ရတယ်။ တော်ချင်ရင် တော်သင့်တဲ့အချိန်မှာ တော်လိုက်ရတယ်။ ရပ်လိုက်ရတယ် ဒကာကြီးရဲ့''

''တင်ပါ့ ဘုရား''

''အခုကိစ္စကိုကြည့်လေ၊ တော်သင့်တဲ့အချိန်မှာ မတော်တော့ မသင့်တော်တဲ့ အခြေအနေတွေကို ရင်ဆိုင်နေရတော့တာပဲ။ ဘောလုံးပွဲ လောင်းတဲ့ကိစ္စတင် ပြောတာ မဟုတ်ဘူးနော်။ ကျောင်းဆရာတို့ စဉ်းစားကြည့်ကြစမ်းပါ''

ဦးပဥ္စင်းဟာ မျက်လွှာကို အောက်ချပြီး စကားကို ထိထိမိမိ ပြောနေပါတော့တယ်။

''လူဆိုတာ လောဘ၊ ဒေါသ၊ မောဟ အတောမသတ်နိုင်တဲ့ သဘာဝ ရှိတယ်။ ကောင်းတာပဲလုပ်လုပ်၊ ဆိုးတာပဲလုပ်လုပ် လောဘနဲ့ လုပ်ကြတယ်။ ဒေါသနဲ့ လုပ်ကြတယ်။ အဲဒီတော့ လောဘစိတ်ကြောင့် တော်သင့်၊ ရပ်သင့်တဲ့ အချိန်မှာ မရပ်နိုင်ကြဘူး။ မတော်နိုင်ကြဘူး။ မတော်နိုင်ကြတော့ မတော်တဲ့ ဘဝတွေကို ပိုင်ဆိုင်သွားကြရတော့တာပါပဲ''

''မှန်လှပါ့ဘုရား။ အရှင်ဘုရားရဲ့ စကားဟာ ကျေးဇူးကြီးလှပါတယ်''

''ကောင်းချင်ရင်၊ တော်ချင်ရင် တော်သင့်တဲ့အချိန်၊ ရပ်သင့်တဲ့အချိန်မှာ တော်ပစ်လိုက်၊ ရပ်ပစ်လိုက်။ ရပ်သင့်တဲ့အချိန်၊ တော်သင့်တဲ့အချိန်မှာ မရပ်ရင်၊ မတော်ရင် တစ်သက်လုံး ကောင်းခဲ့သမျှ နာမည်ကောင်း မရတော့ဘူး။ လောဘဟာ ကြောက်စရာကောင်းတယ်။ 'လောဘ' ကြောင့် ဖြစ်လာတဲ့ 'ဒေါသ' ဟာ ပိုပြီးကြောက်စရာကောင်းတယ်။ 'လောဘနဲ့ ဒေါသ' ဦးစီးလာပြီဆိုရင်တော့ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်တဲ့ ဦးနှောက် မရှိတော့ဘဲ 'မောဟ' ဆိုတဲ့ အမှောင်တိုက်ထဲကို တိုးဝင်သွားကြရတော့တာပါပဲ။ ဒါကြောင့် တော်ချင်ရင် တော်သင့်တဲ့ အချိန်မှာ တော်လိုက်ဖို့လိုတယ်''

''မှတ်သားလောက်ပါတယ် ဘုရား''

''စဉ်းစားကြည့်ပါဦး။ လူဆိုတာ အသက်အရွယ်ကြီးလာသလို အသိတရား လည်း ကြီးလာဖို့ လိုတယ်။ အသက်တွေကြီးပြီး အသိတရား မရှိရင်တော့ လူဖြစ်ရကျိုး မနပ်ဘူး။ တော်သင့်တဲ့အချိန်မှာ တော်ရတယ်။ ရပ်သင့်တဲ့အချိန်မှာ

မြန်မာ စာအုပ်များ



ရပ်ရတယ်။ အရက်ကြိုက်လို့ သောက်တဲ့ အရက်သမားတစ်ယောက်ကို ကြည့်ပါ။ ရပ်သင့်တဲ့အချိန်မှာ မရပ်ဘဲ ဆက်ပြီးသောက်တော့ ဒုက္ခရောက်တာပေါ့။ ဒီလိုပဲ ဘယ်ကိစ္စမဆို တော်သင့်ရင် တော်လိုက်။ ဟုတ်ပလား။ ဒီလိုပဲ စည်းစိမ်၊ ဥစ္စာဓနေ၊ အာဏာဆိုတာ ကိလေသာရဲ့ အနှောင်အဖွဲ့ဖြစ်တာကြောင့် တော်တော် မာယာများတယ်။ အဲဒါတွေနဲ့ ထိတွေ့နေရတဲ့သူဟာ ဘဝအတွက် အန္တရာယ် များတယ်။ သူ့ကြောင့် ဘဝပျက်သွားတဲ့သူတွေ အများကြီးပဲ။ ဒါကြောင့် တော်သင့်တဲ့အချိန်မှာ တော်လိုက်စမ်းပါ''

ပြောပြောဆိုဆို ဦးပဥ္စင်းဟာ မတ်တတ်ရပ်လိုက်ပါတယ်။

''ကဲ ဦးပဥ္စင်းစကားလည်း ဒီမှာတင် ရပ်တော့မယ်။ ကျောင်းဆရာရဲ့ သူငယ်ချင်းလည်း တော်သင့်ပြီထင်ရင်၊ ရပ်သင့်ပြီထင်ရင် တော်လိုက်၊ ရပ်လိုက် ပေါ့ဗျာ။ ဦးပဥ္စင်းရဲ့ သပိတ်ထဲမှာလည်း ဒီလောက်ဆိုရင် ဆွမ်းပြည့်စုံပြီ။ ဆွမ်း အပြည့်အမောက်ကြီးထိ မလိုအပ်ပါဘူး''

■

ဟုတ်ပါတယ်။

'လောက'ဆိုတာ အလောတကြီး 'က'ခုန်နေကြရတဲ့ ဇာတ်ခုံတစ်ခု မဟုတ် ပါလား။

ဒီတော့ 'လောဘ'က မြှောက်ပေးတိုင်း အတောမသတ်နိုင်၊ မရပ်နိုင်ဖြစ်ပြီး က,ကြိုးအမျိုးမျိုးနဲ့ ဘဝဇာတ်လမ်းမျိုးစုံမှာ ကခုန်ကြရင်း မင်းသားဖြစ်လိုက်၊ ဇာတ်ပို့ဖြစ်လိုက်၊ ဗီလိန်ဖြစ်လိုက်နဲ့ တွေးကြည့်ရင် ထင်သာမြင်သာလှပါတယ်။


မတော်တဲ့၊ မရပ်တဲ့သူဟာ မတော်တဲ့၊ မကောင်းတဲ့ဘဝကို ပိုင်ဆိုင်မှာပဲ။ တော်တဲ့၊ ရပ်တဲ့သူဟာလည်း တော်တဲ့၊ ကောင်းတဲ့ဘဝကို ပိုင်ဆိုင်မှာပဲ။ ဒီတော့ ကိုယ့်ဘဝကို တော်တဲ့၊ ကောင်းတဲ့ဘဝ တည်ဆောက်ချင်ရင်တော့ 'လောဘ'ကို သတ်ပြီး ရပ်သင့်တဲ့အချိန်မှာ 'ရပ်'လိုက်ကြဖို့ လိုမယ်ထင်ပါတယ်။

ကျွန်တော့်စာကိုလည်း ဒီမှာရပ်လိုက်ပါရစေတော့။

''တော်မှ... တော်''မှာနော်။

■

မြန်မာ စာအုပ်များ



မြန်မာ စာအုပ်များ

◉

ဘယ်ကျောင်းသားဖြစ်ဖြစ်၊
ဘယ်ဆရာ, ဆရာမဖြစ်ဖြစ်၊
ဘယ်မိဘဖြစ်ဖြစ်၊
ဘယ်လူကြီးပဲဖြစ်ဖြစ်
မစပ်တဲ့ ရေတ်သီး၊
မချိုတဲ့ သကြားဖြစ်ခဲ့ရင်
လောကကြီး ပျက်စီးသွားနိုင်တယ်။
ကိုယ့်တာဝန် ကိုယ်ကျေရတယ်။
ကိုယ့်အလုပ် ကိုယ်လုပ်ရတယ်။
သူများအလုပ်ထဲ ဝင်မရှုပ်ရဘူး။
ကိုယ့်တာဝန်
ကိုယ်ကျေပွန်တယ်ဆိုတာ
တန်ဖိုးရှိခြင်းရဲ့သင်္ကေတပဲ။

## ရေတ်သီး

ရေတ်သီးစပ်တိုင်း ကျွန်တော့်ကို မြန်မာစာသင်ပေးခဲ့တဲ့ ဆရာမ ဒေါ်ခင်မာမြင့်ကို သတိရတယ်။

■

(၁၀)တန်းကျောင်းသားဘဝတုန်းက လူငယ်ပီပီ ကျောင်းပြေးဖူးတယ်။ ဘောလုံးချိန်းကန်ပြီး ရန်ဖြစ်ဖူးတယ်။ လက်ဖက်ရည်ဆိုင်မှာ လေကန်ဖူးတယ်။ ရည်စားထားဖူးတယ်။ ဆရာတွေရဲ့ အရိုက်ခံခဲ့ရဖူးတယ်။ နားပူလောက်အောင် ဆရာတွေရဲ့ ဆုံးမစကားတွေကို နားခံခဲ့ဖူးတယ်။ နားထဲက လျှံထွက်သွားတဲ့ ဆုံးမစကားတွေလည်း အများကြီးပဲ။ နားထဲကတစ်ဆင့် နှလုံးသားထဲအထိ စွဲမက်နေတဲ့ ဆုံးမမှုတွေလည်း ရှိနေဆဲပါ။ ရေတ်သီးစားတိုင်း၊ ရေတ်သီးစပ်တိုင်း ကျွန်တော့်ရဲ့ ငယ်ဆရာမကို ဘာကြောင့် သတိရသလဲဆိုတာ ပြောပြပါရစေ။

■

Seven Nights in Japan ဆိုတဲ့ ရုပ်ရှင်ကားက အလွန်ကောင်းတယ်။ ဒီတော့ ကျောင်းပြေးပြီး ရုပ်ရှင်ခိုးကြည့်ကြတယ်။ အဲဒီအချိန်တုန်းက နိုင်ငံခြား ရုပ်ရှင်အကောင်းတွေ အများကြီးဝင်တယ်။ Romeo and Juliet ရဲ့ အချစ်ဇာတ်လမ်းကို ကြည့်ပြီး အရူးထတဲ့ အရွယ်ပေါ့။ On the Road ဆိုတဲ့ ဂျပန်

မြန်မာ စာအုပ်များ



အချစ်ဇာတ်လမ်း ရုပ်ရှင်ကားကိုကြည့်ပြီး ခရီးသွားရင်း ရည်းစားထားချင်တဲ့ စိတ်တွေ အရမ်းပေါ်ပေါက်ခဲ့ဖူးတယ်။

Seven Nights in Japan ရုပ်ရှင်ကို ကြည့်ပြီး နောက်တစ်နေ့ ကျောင်းအသွားမှာ ကျောင်းပြေးတဲ့ကိစ္စနဲ့ အတန်းပိုင်ဆရာမဖြစ်တဲ့ မြန်မာစာသင်တဲ့ ဆရာမ ဒေါ်ခင်မာမြင့်က ကျွန်တော်တို့ကို ဆူပါတယ်။ ကျွန်တော်တို့ဆိုတာ သူငယ်ချင်း (၃)ယောက်ပါ။ တစ်ယောက်က အခု တပ်မတော်ထဲမှာ အရာရှိကြီး ဖြစ်နေပြီ။ တစ်ယောက်ကတော့ အထူးကုဆရာဝန်ကြီး ဖြစ်နေပြီ။

"နင်တို့ကို ငါ မရိုက်ချင်ဘူး။ ရိုက်လိုက်ရင် အရိုက်ခံရလို့ မင်းတို့လုပ်ထားတဲ့အပြစ် ကျေသွားပြီထင်မှာ။ ရိုက်တယ်ဆိုတာ လွယ်တယ်။ ပြီးတော့ ရိုက်တယ်ဆိုတာ မိဘတိုင်း၊ ဆရာတိုင်း လုပ်တတ်တဲ့အလုပ်။ ငါ... နင်တို့ကို မရိုက်ဘူး။ ဒါပေမဲ့ အစားထိုးအပြစ်တော့ ပေးမယ်"

ဆရာမပေးမယ့် အပြစ်ကို တွေးပြီး ကျွန်တော်တို့ ကြောက်နေတယ်။

"ဟိုကောင် မောင်ဘုန်း၊ နင် ကျောင်းစိုက်ခင်းထဲက မိုးမျှော်ငရုတ်သီး (၁၅)တောင့် သွားခူးစမ်း၊ အတောင့်ကြီးကြီး၊ အရွယ်ကြီးကြီး၊ အသီးရင့်ရင့် ခူးခဲ့"

ကျွန်တော်လည်း ကြောက်အားလန့်အားနဲ့ ကျောင်းစိုက်ခင်းဆီကို ပြေးလာခဲ့တယ်။ ကျွန်တော်တို့ကျောင်းရဲ့ စိုက်ခင်းထဲမှာ စားပင်တွေ၊ သီးပင်တွေ ရှိတယ်။ ကျွန်တော် ငရုတ်သီးရင့်ရင့် (၁၅)တောင့် ခူးပြီး ပြန်လာခဲ့တယ်။

"တစ်ယောက်ကို (၅)တောင့်ပေးလိုက်"

ကျွန်တော်လည်း သူငယ်ချင်း (၂)ယောက်ကို ဝေလိုက်တယ်။

"အတန်းရှေ့ ထွက်ခဲ့ကြ။ အဲ့ဒီ ငရုတ်သီး (၅)တောင့်ကို ဝါးစား။ ရေမသောက်ရဘူး၊ ထွေးမပစ်ရဘူး၊ မျိုချရမယ်။ ဝါးမစားဘဲနဲ့ မျိုမချရဘူး"

ဆရာမကို ချစ်လည်း ချစ်တယ်။ ကြောက်လည်း ကြောက်တယ်။ ဘာကြောင့် ဒီလို အပြစ်ပေးနေမှန်းလည်း မစဉ်းစားတတ်ဘူး။ ဆရာမက ဝါးခိုင်းတော့ ကြိတ်မှိတ်ပြီး ဝါးကြရတာပေါ့။ စပ်လိုက်တာ။ လျှာတွေကို ထုသွားတာပဲ။ ပြီးတော့ မျိုချရတယ်။ တစ်တန်းလုံးကလည်း ကျွန်တော်တို့ အမူအရာကိုကြည့်ပြီး တဝါးဝါးနဲ့ ရယ်နေကြတယ်။ သူတို့ကတော့ ရယ်နိုင်မှာပေါ့။ ကျွန်တော်တို့မှာဖြင့် စပ်လိုက်တာ။

မြန်မာ စာအုပ်များ



''ကဲ ငါမေးမယ် ဖြေကြစမ်း''

တစ်တန်းလုံး ငြိမ်သွားတယ်။

''ရေတ်သီးက စပ်သလား''

ကျွန်တော့်စိတ်ထဲမှာ ရေတ်သီးက စပ်သလားလို့ မေးမှမေးရက်ပါ့ဆိုပြီး ခံစားနေမိတယ်။ ရေတ်သီးပဲဗျာ။ စပ်မှာပေါ့။ လူတိုင်းသိတာပဲ။ ဒါကိုများ ရေးကြီးခွင့်ကျယ်လုပ်ပြီး မေးရက်လိုက်တာလို့ ရင်ထဲမှာ ပြောနေမိတယ်။ တစ်တန်းလုံးကလည်း ဆရာမ မေးတဲ့မေးခွန်းကို အလိုက်သင့် လိုက်ပြီး ဖြေကြတယ်။

''စပ်ပါတယ် ဆရာမ''

''ရေတ်သီးဆိုတာ စပ်ရတယ်။ မစပ်တဲ့ ရေတ်သီးဟာ ရေတ်သီး လောကကို ဖျက်ဆီးတဲ့ ရေတ်သီးပဲ။ ရေတ်သီးရဲ့ တာဝန်ဟာ စပ်ရတယ်။ ရေတ်သီးတစ်တောင့် စပ်တယ်ဆိုတာ ရေတ်သီးရဲ့ အပြည့်ဝဆုံး ဂုဏ်သတ္တိပဲ။ သိပ်မစပ်တဲ့ ရေတ်သီးဟာ ရေတ်သီးသိက္ခာ မရှိဘူး''

ဆရာမ ဘာတွေပြောနေပါလိမ့်။ စပ်လိုက်တာ။ ရိုက်လိုက်ရင် ပြီးတာပဲ။ ရေတ်သီးပဲ စပ်မှာပေါ့။ ဘာဖြစ်လဲ။ တော်တော်လျှာရှည်တဲ့ ဆရာမပဲ။ ကျွန်တော့် စိတ်ထဲမှာ ဆရာမကို ပြန်ပြောနေမိတယ်။

''ဒီလိုပဲ၊ သကြားဆိုတာ ချိုရတယ်။ မချိုတဲ့ သကြားဟာ သကြားလောကကို ဖျက်ဆီးတာပဲ။ ဂုဏ်သိက္ခာမရှိတဲ့ သကြားပဲ။ ဆားဆိုရင် ငန်ရတယ်။ မငန်တဲ့ဆားဟာ ဆားလောကမှာ တန်ဖိုးမရှိတဲ့ ဆားပဲ။ ကြားကြလား''

ကြောက်အားလန့်အားနဲ့ တစ်တန်းလုံး အဖြေပေးလိုက်ကြတယ်။

''ကြားပါတယ် ဆရာမ''

''ဒီလိုပဲ ကျောင်းသားဆိုတာ စာကြိုးစားရမယ်။ စည်းကမ်း လိုက်နာရမယ်။ ရိုးသားရမယ်။ အခု ဒီ (၃)ကောင်ဟာ မစပ်တဲ့ ရေတ်သီး၊ မချိုတဲ့ သကြား၊ မငန်တဲ့ ဆားတွေလိုပဲ တန်ဖိုးမရှိတဲ့ အကောင်တွေ။ ကျောင်းသားလောကကို ဖျက်ဆီးတဲ့ အကောင်တွေ''

စိတ်ထဲမှာ 'ရှိန်းခနဲ'ဖြစ်သွားပါတယ်။

မစပ်တဲ့ ရေတ်သီးလို့ ပြောပြီး ကျွန်တော့်ကို ဆရာမက လက်ညှိုးထိုးတယ်။ ကျန်တဲ့ (၂)ကောင်ကိုတော့ မချိုတဲ့ သကြား၊ မငန်တဲ့ ဆားတွေဆိုပြီး လက်ညှိုး

မြန်မာ စာအုပ်များ



ထိုးတယ်။ ကျွန်တော်တို့ဟာ တန်ဖိုးမရှိတဲ့ အကောင်တွေလို့ အပြောခံရတယ်။

''စဥ်းစားကြည့်ကြစမ်း၊ သက်မဲ့ဖြစ်တဲ့ ရေတ်သီးဟာ သူ့သိက္ခာနဲ့သူ နေသလို၊ သူ့တာဝန် သူကျေသလို၊ ငါတို့ဟာလည်း တာဝန်ကျေရမယ်။ သိက္ခာရှိရမယ်။ ငါဟာ မင်းတို့ရဲ့ ဆရာမ။ ဆရာမတာဝန် ကျေချင်တယ်။ ဒါကြောင့် ဆုံးမတာ''

ဆရာမ စကားအဓိပ္ပာယ်ကို ကျွန်တော် နားလည်လိုက်ပါပြီ။

''မင်းတို့ဟာ နောင်တစ်ချိန်မှာ မစပ်တဲ့ ရေတ်သီးတွေ ဖြစ်လာမှာကို ဆရာမ မလိုလားဘူး။ ဘယ်ကျောင်းသားဖြစ်ဖြစ်၊ ဘယ်ဆရာ၊ ဆရာမဖြစ်ဖြစ်၊ ဘယ်မိဘဖြစ်ဖြစ်၊ ဘယ်လူကြီးပဲဖြစ်ဖြစ် မစပ်တဲ့ ရေတ်သီး၊ မချိုတဲ့ သကြား ဖြစ်ခဲ့ရင် လောကကြီး ပျက်စီးသွားနိုင်တယ်။ ကိုယ့်တာဝန် ကိုယ်ကျေရတယ်။ ကိုယ့်အလုပ် ကိုယ်လုပ်ရတယ်။ သူများအလုပ်ထဲ ဝင်မရှုပ်ရဘူး။ ကိုယ့်တာဝန် ကိုယ်ကျေပွန်တယ်ဆိုတာ တန်ဖိုးရှိခြင်းရဲ့ သင်္ကေတပဲ။ ရေတ်သီးဟာ ချိုလို့ မရဘူး။ သကြားဟာ စပ်လို့မရဘူး။ သူ့တန်ဖိုးနဲ့သူ ရှိဖို့လိုတယ်။ သူ့သိက္ခာနဲ့သူ ပြည့်ဝနေဖို့ လိုတယ်။ ဟိုကောင် (၃)ကောင် သွားပြီး ရေသောက်။ နောက်တစ်ခါ ကျောင်းပြေးရင် တစ်ယောက်ကို ရေတ်သီး (၁၀)တောင့် ဝါးစားရမယ်။ ကြားလား''

■


ကျွန်တော့်ဆရာမ ၁၉၉၆ ခုနှစ်မှာ ဆုံးပါးသွားခဲ့ပါပြီ။ လူ့လောကမှာ မရှိတော့ပါဘူး။ ဒါပေမဲ့ ဆရာမ ဆုံးမခဲ့တာတွေ ကျွန်တော့်ရင်ထဲမှာ ရှိနေဆဲပါ။

ကျွန်တော် မစပ်တဲ့ရေတ်သီး မဖြစ်ချင်ဘူး။ ချိုတဲ့ ရေတ်သီး မဖြစ်ချင်ဘူး။ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ကိုယ်ယူထားတဲ့ တာဝန်ကို မကျေဘဲ ရေတ်သီး ဖြစ်ပါလျက်နဲ့ မစပ်တဲ့ရေတ်သီးတွေ၊ ရေတ်သီးဖြစ်ပါလျက်နဲ့ ချိုနေတဲ့ ရေတ်သီးတွေ၊ ရေတ်သီးဖြစ်ပါလျက်နဲ့ ပိုးထိုးခံရတဲ့ ရေတ်သီးတွေ တွေ့နေရတယ်။

ကျွန်တော်ကိုယ်တိုင်လည်း...

■

မြန်မာ စာအုပ်များ



မြန်မာ စာအုပ်များ

‘မြင်းမိုရ်တောင်’သည်
ပြိုတတ်ပါသည်။
‘မြင်းမိုရ်တောင်’ပြိုလျှင်
‘မြင်းမိုရ်တောင်ကြီး
‘ဝိ’တတ်ပါသည်။
‘မြင်းမိုရ်’တောင်ပြို၍
‘မြင်းမိုရ်’တောင် ‘ဝိ’၍
ကျလာသော မျက်ရည်များကို
ကျွန်တော်
ဘယ်လို အဓိပ္ပာယ်ဖွင့်ရမည်နည်း။
‘မြင်းမိုရ်ပြို၍ မြင်းမိုရ်ဝိသူ’သည်...

မြန်မာ စာအုပ်များ

# အဖေ့အိမ်

'အမေ့အိမ်'ဟု ခေါ်သော ကျွန်တော်တို့ နေသည့်အိမ်ကို အဖေ၏ချွေးဖြင့် ဆောက်ထားခြင်း ဖြစ်ပါသည်။ အဖေ၏အသက်နှင့်ရင်း၍ ဆောက်ထားသော အိမ်လည်း ဖြစ်ပါသည်။ သို့သော် သားသမီးတိုင်းက 'အမေ့အိမ်'ဟု ခေါ်လေ့ရှိကြသည်။ 'အဖေ့အိမ်'ဟု ကျွန်တော်တို့ မပြောကြပါ။ 'အမေ့အိမ်'ဟုသာ ကျွန်တော်တို့ ခံစားကြပါသည်။

အဖေသည် အိမ်ထောင်ဦးစီး ဖြစ်သည်။ သို့သော် အဖေသည် တစ်အိမ်လုံး၏ ဒုက္ခနှင့် အပူသောကဟူသမျှကို ပါးစပ်ထဲမှာ မျိုချပြီး အပြုံးမပျက်သည့် အလုပ်သမားကြီး တစ်ယောက်နှင့် တူပါသည်။ အိမ်ထောင်ဦးစီးဟု ခေါ်သော်လည်း အိမ်တွင် အကြာကြီးနေခွင့် မရပါ။ အမြဲတမ်း နေခွင့် မရပါ။ အချိန်တိုင်းလိုလို အပြင်သို့ထွက်ပြီး ငွေရှာနေရသူ ဖြစ်ပါသည်။ မနက်မိုးလင်းကတည်းက ထွက်သွားလိုက်တာ အိပ်ချိန်ရောက်မှ အိမ်ပြန်လာတတ်ပါသည်။

အဖေ့ကို အိမ်ဦးနတ်ဟုလည်း ပြောတတ်ကြပြန်သည်။ ထိုအိမ်ဦးနတ်အဖေသည် အပူဇော်ခံရသူ မဟုတ်။ သူကသာ တစ်အိမ်လုံးကိုလိုက်၍ ပူဇော်နေရသူ ဖြစ်သည်။ အဖေသည် အရက်ကလေး နည်းနည်းသောက်လာလျှင် တစ်အိမ်လုံးကို မျက်နှာချိုသွေးနေရသည်။ အိမ်ပြန်နောက်ကျလျှင် အမေ၏ အပြုံးလှလှကိုရဖို့ 'စကားရော ဖောရော'လုပ်ရပြန်သည်။ အိမ်ဦးနတ်ဆိုပေမဲ့ သားသမီးနှင့် မိန်းမကို ကြောက်နေရသော အိမ်ဦးနတ်သာ ဖြစ်ပါသည်။

မြန်မာ စာအုပ်များ



ဒီအိမ်ကြီးမှာ ကျွန်တော်တို့ မွေးခဲ့ကြသည်။ နေခဲ့ကြသည်။ ပျော်ရွှင်ခဲ့ကြသည်။ ဆော့ကစားခဲ့ကြသည်။ ငိုကြွေးခဲ့ကြသည်။ ပညာတွေ ရှာခဲ့ကြသည်။ ဒီအိမ်ကြီးမှာပဲ ရည်းစားတွေ ထားခဲ့ကြသည်။ အိမ်ထောင်တွေ ကျခဲ့ကြသည်။

ဒီအိမ်ကြီးကို ချစ်ခဲ့ကြသည်။ ဒီအိမ်ကြီးနှင့် ဝေးခဲ့ကြသည်။ ဒီအိမ်ကြီးကို မေ့ခဲ့ကြသည်။ ဒီအိမ်ကြီးကို ပြန်၍ လိုချင်ခဲ့ကြပြန်သည်။

အမေ့အိမ်ဟု ပြောပြော၊ အဖေ့အိမ်ဟု ခေါ်ခေါ် ကျွန်တော်တို့ မွေးခဲ့သော၊ နေခဲ့သော၊ ပျော်ရွှင်ခဲ့သော ဒီအိမ်အကြောင်းကို အဖေက အဓိပ္ပာယ်ဖွင့်ပြပါသည်။ ထို့ကြောင့် ယခုရေးသောစာကို 'အဖေ့အိမ်'ဟု ခေါင်းစဉ်တပ်လိုက်ပါသည်။

■

ကျွန်တော့်အဖေ အသက် (၇၈)နှစ် ရှိပါပြီ။

ချောင်းဆိုး၏။ ခါးကိုင်း၏။ မျက်စိများ ကြည့်မကောင်းတော့။ လမ်းလျှောက်လျှင် နှေး၍လာပြီ။ အကြားအာရုံများလည်း နည်းလာပြီ။ ဒါပေမဲ့ ရင်ထဲမှာ စွမ်းအားတွေ ရှိသည်။ နှလုံးသားထဲမှာ ခံစားချက်တွေ ရှိသည်။ နှုတ်ဖျားမှာ သတ္တိတွေ ရှိသည်။ မျက်လုံးမှာ ခွန်အားတွေ ရှိပါသည်။

တစ်နေ့တွင် အဖေသည် အအေးမိပြီး အိပ်ရာထဲမှ မထနိုင်လောက်အောင် ဖျားပါသည်။ ကျွန်တော်၏ အဖေသည် ပိန်ပိန်ပါးပါး ဖြစ်သည်။ နေမကောင်းတော့ ပို၍ ပိန်သွားသည်။ အိပ်ရာပေါ်တွင် ပက်လက်လှန်ပြီး အိပ်နေသော အဖေ၏ ပုံစံကိုကြည့်ပြီး ကျွန်တော့်ရင်ထဲတွင် တစ်ဆို့ဆို့ကြီး ခံစားမိပါသည်။

''အဖေ သေတော့မလားမသိဘူး''

ကျွန်တော့်ကို မြင်တော့ အဖေက သူ့အနားကို ခေါ်ပါသည်။ သူ့နှုတ်ဖျားမှ အောက်ပါစကားများကို ပြောပါသည်။

အဖေပြောသော စကားများကို ကျွန်တော် လက်ဖြင့် ရေးခြင်း မဟုတ်ပါ။ သွေးဖြင့် ရေးခြင်း ဖြစ်ပါသည်။

ခံစားချက်ဖြင့် ရေးခြင်း မဟုတ်ပါ။ နောင်တဖြင့် ရေးခြင်း ဖြစ်ပါသည်။

စိတ်ကူးဖြင့် ရေးခြင်း မဟုတ်ပါ။ ဘဝဖြင့်ရင်းပြီး ရေးခြင်း ဖြစ်ပါသည်။

အဖေက ကျွန်တော်တို့မိသားစု နေထိုင်ခဲ့ကြသော ယခုအိမ်ကို ဒီအတိုင်း ပြောပြပါသည်။

■

မြန်မာ စာအုပ်များ



သားရယ်…

သားအမေက (၁၈)နှစ်၊ အဖေက (၂၀)နှစ်။ အိမ်ထောင်ကျကြတယ်။ ပျော်စရာကောင်းလိုက်တာ။ မိဘပေးစားလို့ ယူခဲ့ကြတာ မဟုတ်ဘူးနော်။ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်ချစ်လို့ ယူခဲ့ကြတာ။ အဲသည်တုန်းက မင်းအမေရဲ့အပြုံးကို အဖေ ရင်ခုန်တယ်။ စကားလုံးကို ကြည်နူးတယ်။ ဒီခုတင်လေးပေါ်မှာ မင်းအမေနဲ့ ငါ (၂)ယောက်တည်း ပျော်ခဲ့ကြတယ်။ လသာညတွေမှာလည်း ကောင်းကင်က လမင်းကြီးကို အတူတူကြည့်ပြီး စကားပြောခဲ့ကြတယ်။ လမိုက်ညတွေမှာလည်း ကြယ်ကလေးတွေကို ကြည့်ပြီး အတူတူရေတွက်ခဲ့ကြဖူးတယ်။ ထမင်းစားရင်လည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ထမင်းမြိန်ခဲ့ကြရတယ်။ ဧည့်ခန်းထဲက ထိုင်ခုံလေးပေါ်မှာ မင်းအမေရဲ့ လက်ကလေးကို ကိုင်ပြီး စကားတွေ ပြောခဲ့ကြတယ်။ ဒီအိမ်ကြီးထဲမှာ မင်းအမေနဲ့ ငါ (၂)ယောက်တည်းရယ်။ ကြည်နူးစရာ သိပ်ကောင်းတာပဲ။ မိုးလင်းရင်လည်း မိုးလင်းလို့ဆိုပြီး ပျော်ခဲ့ကြတယ်။ မိုးချုပ်ရင်လည်း မိုးချုပ်လို့ဆိုပြီး ရင်ခုန်ခဲ့ရတယ်။ အဲသည်တုန်းက အဖေ့ရဲ့ အိမ်ကလေးဟာ ဘာနဲ့တူသလဲ သိလား သား။

သမ္မာကျမ်းထဲက ကမ္ဘာဦးလူသား (၂)ယောက်ရဲ့ ပထမဆုံးချစ်တဲ့ အချစ်မျိုးနဲ့ ပျော်ခဲ့ကြတယ် သား။ အဲဒီအချိန်တုန်းက အဖေ့ရဲ့အိမ်ဟာ 'အာဒမ်နဲ့ ဧဝ' ရင်ခုန်ကြည်နူးခဲ့တဲ့ 'ဧဒင်ဥယျာဉ်ကြီး' နဲ့တူတယ် သားရယ်။ တကယ်ပါ။

■

ဒီလိုနဲ့ သားရယ်။

(၂)နှစ်၊ (၃)နှစ်လောက်နေတော့ မင်းတို့တစ်တွေ မင်းအမေဗိုက်ထဲကို ရောက်လာကြတယ်။ ကလေးတွေ မွေးလိုက်တာ။ တစ်ယောက်ပြီး တစ်ယောက်ပေါ့။ အဖေနဲ့ အမေရဲ့အကြားမှာ မင်းတို့ နေရာယူလာကြတယ်။ မင်းအမေရဲ့ ရင်ခွင်ဟာ မင်းတို့အတွက် ကမ္ဘာတစ်ခု ဖြစ်လာခဲ့တယ်။ ဒီလိုပဲ အဖေ့ရဲ့ ရင်ခွင်ဟာလည်း မင်းတို့အတွက် ကမ္ဘာကြီးတစ်ခုပါပဲ။ အဖေတို့နှစ်ယောက် အိပ်တဲ့ ခုတင်ပေါ်မှာ မင်းတို့က ဆော့ကစားကြတယ်။ အကြီးကောင်က စစ်တိုက်တမ်း ကစားတယ်။ အလတ်ကောင်က တူတူပုန်းတမ်း ကစားတယ်။ အငယ်မက အိုးပုတ်တွေနဲ့ ဆော့တယ်။ အငယ်ဆုံးကောင်က မျောက်ရှုံးအောင်ဆော့တယ်။ မင်းတို့ ဆော့ကစားနေတာကိုကြည့်ပြီး အဖေတို့ ကြည်နူးခဲ့ရတယ် သားရယ်။

မြန်မာ စာအုပ်များ



တစ်အိမ်လုံးလည်း ရှုပ်ပွနေတာပဲ။ မင်းတို့ မဖျက်ဆီးဖူးတဲ့ပစ္စည်း တစ်ခုမှ မရှိဘူး။ တစ်ခါတလေများ မောင်နှမတွေ ဆော့ကစားရင်းနဲ့ စကားများကြတယ်။ ဦးတဲ့သူက တိုင်ပြောတယ်။ အဖေက တရားသူကြီးပေါ့။ ငိုတဲ့သူကငို၊ ဆော့တဲ့သူကဆော့နဲ့ အဖေ့ရဲ့အိမ်ဟာ ပျော်စရာ သိပ်ကောင်းတာပဲ။ မင်းတို့ရဲ့ အသံတွေနဲ့ အဖေ့ရဲ့အိမ်ဟာ ကျက်သရေ အရမ်းရှိခဲ့တယ်သား။ အဲဒီအချိန်မှာ အဖေ့ရဲ့ အိမ်ကလေးဟာ 'ဒေင်ဥယျာဉ်'ဘဝကနေပြီး ကလေးတွေ ကစားကြတဲ့ Happy World ကလေးကစားကွင်းလေး ဖြစ်လာပြန်တယ်။ အဖေ ပျော်တယ်။ ဘယ်လို ပျော်မှန်း မသိဘူး။ အရမ်းကို ပျော်ရွှင်ခဲ့တယ် သား။

■

ပြောရဦးမယ်… သားရယ်။

သားတို့ ကျောင်းနေတဲ့အရွယ် ရောက်လာတော့ အဖေက လက်ရေးလှ သင်ပေးတယ်။ စာတွေကို မင်းအမေက ရှင်းပြတယ်။ သင်္ချာတွေကို အဖေက တွက်ပြတယ်။ မြန်မာစာကိုတော့ မင်းအမေက ရွတ်ဆိုပြတယ်။ ကဗျာတွေကို တော့ အဖေက သင်ပေးတယ်။ မင်းတို့ ကျောင်းသွားမယ်ဆိုရင် မင်းအမေက မင်းတို့ကို ရေမိုးချိုးပေးတယ်။ အဝတ်လဲပေးတယ်။ သနပ်ခါး လူးပေးတယ်။ ထမင်းချိုင့် ထည့်ပေးတယ်။ အဖေက ကျောင်းကို ပို့ပေးတယ်။ အဖေ့ရဲ့ စက်ဘီး ပေါ်မှာ ရှေ့တစ်ယောက် နောက်တစ်ယောက်တင်ပြီး ကျောင်းပို့ ကျောင်းကြို လုပ်ခဲ့တယ်။ လမ်းကူးရင်လည်း အဖေ့ရဲ့လက်ကို မင်းတို့က ကျစ်ကျစ်ဆုပ်ထား တယ်။ ကျောင်းပြန်လာတော့လည်း အိမ်မှာ အဖေတို့က မင်းတို့ကို စာသင်ပေး တယ်။ အဲဒီတော့ အဖေက ကျောင်းဆရာ ဖြစ်သွားတယ်။ အမေက ကျောင်း ဆရာမ ဖြစ်သွားတယ်။ ညညဆိုရင် အဖေ့ရဲ့အိမ်ကလေးက စာကျက်သံတွေ ဆူညံနေတော့တယ်။ စာအံတဲ့ အသံတွေနဲ့ ကျက်သရေရှိနေတော့တယ် သားရယ်။ အဖေရဲ့ စိတ်ထဲမှာလေ မင်းတို့ကို မွေးခဲ့တဲ့ ဟောဒီအိမ်ကလေးဟာ 'စာသင် ကျောင်း'လေး ဖြစ်သွားပြန်တယ် သား။ အရင်တုန်းက 'ဒေင်ဥယျာဉ်ကြီး'ပေါ့။ အိမ်ထောင်သက် (၁၀)နှစ်လောက်လည်းကြာရော 'စာသင်ကျောင်းကြီး'ဖြစ်သွား ခဲ့တယ်။ ပျော်စရာကောင်းလိုက်တာ သားရယ်။

■

မြန်မာ စာအုပ်များ



ဒီလိုနဲ့ သားရယ်။

သားတို့ အသက် ၁၆-၂၀ ရောက်လာကြတယ်။ အမေကလည်း (၄၀) ကျော်။ အဖေကလည်း (၄၀)ကျော်။ ရှာလို့ဖွေလို့ကလည်း အရင်ကလို မကောင်းတော့ဘူး။ မင်းတို့က ဝတ်ချင် စားချင်လာတယ်။ သုံးဖြုန်းချင်လာတယ်။ ဝတ်ချင်စားချင်မှာပဲလေ။ မင်းတို့ မျက်လုံးထဲမှာ လိုချင်စရာတွေကလည်း များလာတာကိုး။ အဖေ့အသက်က ကြီးလာပြီဆိုတော့ အလုပ်ခွင်ထဲမှာ အဖေက သိပ်ပြီး အသုံးမတည့်တော့ဘူး သားရဲ့။ အဖေ့ထက် သွက်လက်တဲ့ သူတွေ၊ ထက်မြက်တဲ့ သူတွေ၊ အကွက်မြင်တဲ့သူတွေနဲ့ အဖေ အဆင်မပြေဘူး။ မင်းတို့ကလည်း အဖေ အသက်ကြီးလာတာကို သတိမပြုမိကြဘူး။ ဝင်ငွေကလည်း ပုံမှန်လောက်ပဲ ရှိတာ။ မင်းတို့ရဲ့ လိုအပ်ချက်တွေကို အဖေ အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးချင်ပါတယ်။ ဒါပေမဲ့ မင်းတို့ရဲ့ လိုအင်ဆန္ဒမှန်သမျှ အဖေ မစွမ်းနိုင်ခဲ့ဘူး။ အဖေ့ ခံစားချက်ကိုလည်း သားတို့က နားလည်ဖို့ မကြိုးစားကြဘူး။ အဖေကလည်း သားတို့ရဲ့ မျှော်လင့်ချက်ကို ဖန်တီးမပေးနိုင်ဘူး။ သားတို့ရဲ့ဆန္ဒကို အဖေက ပုံဖော်မပေးနိုင်ဘူး။ မင်းတို့ကလည်း မင်းတို့နေတဲ့ကျောင်းက မင်းတို့ သူငယ်ချင်းတွေရဲ့ အဖေတွေနဲ့နှိုင်းပြီး အဖေ့ကို အပြစ်မြင်ကြတယ်။ သူတို့သုံးသလို မင်းတို့ မသုံးနိုင်ဘူး။ ဒါကြောင့် အဖေ့ကို လူညံ့ကြီးတစ်ယောက်လို့ မင်းတို့က စွပ်စွဲကြတယ်။ မင်းတို့ဖြစ်ချင်တာ ဖြစ်ခွင့်မရတော့ အဖေ့ရဲ့အိမ်ဟာ အချိန်တိုင်း အော်ဟစ်ငိုကြွေးပြီး ဆူညံနေတော့တယ်။ တောင်းဆိုမှုတွေရဲ့ကြားမှာ စိတ်ဝမ်းတွေ ကွဲခဲ့ကြတယ်။ ဒီလိုနဲ့ အဖေ့ရဲ့ အိမ်ဟာ စာအံသံတွေ ဆူညံနေတဲ့ 'စာသင်ကျောင်း' မဟုတ်တော့ဘဲ နေ့တိုင်း စစ်ပွဲဖြစ်နေတဲ့ 'စစ်မြေပြင်' ဖြစ်ခဲ့ရပြန်တယ် သား။ အဖေ မပျော်တော့ဘူး။ တကယ်ပြောတာပါ။

■

သားရယ်။

သားတို့အသက် (၂၅)နှစ်၊ (၃၀)လောက်ရောက်တော့ တစ်ယောက်ပြီး တစ်ယောက် အိမ်ထောင်တွေ ကျသွားကြတယ်။ အလုပ်တွေ ရသွားကြတယ်။ အဖေတို့က နှင်မချဘဲ သားတို့က ထွက်သွားကြတယ်။ အဖေတို့က သားတို့ကို ခွဲမသွားခင်မှာ သားတို့က 'အဖေ့အိမ်' ကို ခွဲခွာသွားကြတယ်။ မင်းတို့ မွေးခဲ့တဲ့

မြန်မာ စာအုပ်များ



နေရာလေးတွေကို ကြည့်ပြီး ငါတို့က သတိရတတ်တယ်။ မင်းတို့ ဆော့ကစားခဲ့တဲ့ နေရာလေးတွေကို ကြည့်ပြီး ငါတို့က လွမ်းနေရတယ်။ မင်းတို့ ငိုကြွေးခဲ့တဲ့ နေရာကိုကြည့်ပြီး ငါတို့က အမှတ်ရနေမိတယ်။ မင်းတို့မရှိတော့ အဖေ့ရဲ့ အိမ်ကလေးဟာ အထီးကျန်ဆန်တဲ့ ခြောက်သွေ့နေတဲ့ ကန္တာရတစ်ခု ဖြစ်ခဲ့ရပြန်တယ် သား။ သားတို့ ကြိုက်တတ်တဲ့ ဟင်းချက်တိုင်း သားတို့များ လာလေမလား လို့ အဖေတို့ မျှော်တယ်။ ဘဲဥဟင်းချက်တိုင်း အကြီးဆုံးသားကို သတိရတယ်။ ချဉ်ပေါင်ဟင်းချက်တိုင်း ချဉ်ပေါင်ဟင်း သိပ်ကြိုက်တဲ့ မင်းကို သတိရတယ်။ ကုလားပဲဟင်းချက်တိုင်း သားအငယ်ကောင်ကို သတိရတယ်။ ခရမ်းသီးနဲ့ ဝက်ခေါက်ကြော်တို့ရောပြီး ဟင်းချက်တဲ့နေ့တွေဆိုရင် သမီးငယ်ကို သတိရတယ်ကွာ။ မင်းတို့ကလည်း မင်းတို့အိမ်ထောင်နဲ့ မင်းတို့၊ အဝေးမှာ နေကြတယ်။ မလာနိုင်ကြပါဘူး။ လောကထဲမှာ ရုန်းကန်နေရပြီကိုး။ အဖေတို့က အချိန်တိုင်း သတိရတယ်။ မျှော်လင့်တယ်။ သားတို့က အခါကြီးရက်ကြီးရောက်မှ ခဏလေး ရောက်ရောက် လာတတ်တယ်။ အဖေ စဉ်းစားမိတယ်။ အခုတော့ အဖေ့ရဲ့အိမ်ဟာ 'ဒေဝဥယျာဉ်'လည်း မဟုတ်တော့ဘူး။ 'ကလေးကစားကွင်း'လည်း မဟုတ်တော့ဘူး။ 'စာသင်ကျောင်း'လည်း မဟုတ်တော့ဘူး။ 'စစ်မြေတလင်း'လည်း မဟုတ်ပြန်ဘူး။ 'အထီးကျန်တဲ့ ကန္တာရလေး'ဖြစ်ခဲ့ရတယ် သား။ အဖေတို့ မပျော်နိုင်ကြပါဘူး။

■

ဒီလိုနဲ့ သားရယ်။

အဖေတို့လည်း အသက်တွေက (၆၅)ကျော် (၇၀)တွင်း ရောက်လာကြပြီ။ မင်းအမေ နေမကောင်းရင် အဖေက ပြုစု။ အဖေနေမကောင်းရင်လည်း မင်းအမေကပြုစု။ အခုတော့ အဖေ့ရဲ့အိမ်ဟာ လူနာတွေ လူအိုတွေနေတဲ့ 'ဆေးရုံ'လေး ဖြစ်နေပြီ သိလား သား။ မင်းအမေလည်း လမ်းကောင်းကောင်း မလျှောက်နိုင်တော့ဘူး။ အဖေကလည်း တုတ်ကောက်ကိုင်နေရပြီ။ အဖေက ဆေးလိပ် သိပ်ကြိုက်တယ်။ ဒီတော့ ချောင်းခဏခဏ ဆိုးတယ်ကွ။ ချောင်းဆိုးပြီဆိုရင် ရင်ဘတ်တွေ တအားအောင့်တယ်။ ဆရာဝန်ဆီကိုလည်း မသွားရဲဘူး။ ရောဂါတစ်ခုခု နာမည်တပ်လိုက်ရင် ပိုက်ဆံက ကုန်ဦးမှာ။ ဒီအရွယ်ရောက်မှတော့ ဒီလောက်ကြီး

မြန်မာ စာအုပ်များ



ပိုက်ဆံသုံးဖို့ မလိုတော့ပါဘူးကွယ်။ မင်းအမေကလည်း ကော်ဖီဆိုရင် ချိုချိုလေးမှ သောက်တာ။ ဒီတော့ မင်းအမေဟာ ရင်ကျပ်ပြီး ချောင်းဆိုးပြန်တယ်။ ညညဆိုရင် အဖေတို့အိမ်မှာ ချောင်းသံ တဟွတ်ဟွတ်နဲ့ပေါ့။ ဘယ်သားသမီးမှ မရှိတော့ ချောင်းဆိုးသံ ကြားနေရတာကိုပဲ အရသာခံပြီး အိပ်နေရတယ်သား။ အသက်တွေက ကြီးပြီဆိုတော့ အဖေ့ရဲ့အိမ်ဟာ အခုတော့ 'ဒေင်ဥယျာဉ်' မဟုတ်တော့ ဘူးကွ။ 'လူအိုရုံ'ဖြစ်နေပြီ သား။ သဘာဝပါပဲလေ။

■

ဒီလိုနဲ့ သားရယ်။

အဖေတို့ နေ့တိုင်း ဥပုသ်ယူကြတယ် သိလား။ အသက်တွေကြီးလာတော့ ဘာကိုမှ မတောင့်တတော့ပါဘူး။ ဖြစ်သလိုလည်း စားတတ်လာတယ်။ ဖြစ်သလို လည်း နေတတ်လာတယ်။ ဘာကြောင့် ဥပုသ်စောင့်ဖြစ်တာလဲ အဖေ ပြောပြမယ်။ သားတို့က လစဉ်ထောက်ပံ့ကြပါတယ်။ သားတို့ ပေးတဲ့ငွေက တဖြည်းဖြည်းနဲ့ အသုံးမခံဘူး သားရဲ့။ အဖေတို့လည်း ချွေတာပြီးစားတာပါပဲ။ မိဘဆိုတာ ဘယ်သားသမီးဆီကမှ မတောင်းချင်ဘူး။ ကိုယ်ကသာ ပေးချင်တာ။ မာနရှိလို့ မဟုတ်ဘူးနော်။ မင်းတို့လည်း ရှာရဖွေရတာ မောနေမှာပဲ မဟုတ်လား။ ငွေရှာရ ခက်တဲ့ မင်းတို့ဘဝကို အဖေတို့ စာနာပါတယ်။ မင်းတို့ ထောက်ပံ့တဲ့ငွေနဲ့ လောက်အောင် စားမယ်ဆိုပြီး အဖေတို့ နေ့တိုင်း ဥပုသ်ယူလိုက်ကြတယ်။ ဥပုသ်ယူတော့ ညနေစာ စားစရာ မလိုတော့ဘူးပေါ့။ ကုန်ကျစရိတ်လည်း သက်သာတာပေါ့ကွာ။ လုပ်ရကိုင်ရ၊ ဆေးရကြောရတာလည်း သက်သာတာ ပေါ့ကွာ။ သားတို့လည်း ကုသိုလ်ရတာပေါ့။ အဖေတို့ကတော့ အဖေတို့ရဲ့ ဒုက္ခနဲ့အပူတွေကို ဘယ်သားသမီးကိုမှ မပေးချင်ဘူး။ မသိစေချင်ဘူး။ ဟိုတုန်းက အဖေ့ရဲ့အိမ်ဟာ 'ဒေင်ဥယျာဉ်'နော်။ အခုတော့ အဖေ့ရဲ့အိမ်ဟာ 'ဥပုသ်ဇရပ်' ကလေး ဖြစ်ခဲ့ရတယ် သား။ သားတို့ သမီးတို့ ဂုဏ်ယူကြစမ်းပါ။

■

မြန်မာ စာအုပ်များ



သားရယ်။

အဖေတို့လည်း လုပ်စရာအလုပ်က မရှိ။ ဒီတော့ အချိန်တွေက ပိုနေတာပေါ့။ ဒါကြောင့် အချိန်ပိုတွေကို တန်ဖိုးရှိအောင် ဖန်တီးလိုက်ကြတယ်။ ဘာလဲ သိလား သား။ မဟာစည်၊ မိုးကုတ်၊ ဦးဂိုအင်ဂါ တရားစခန်းတွေသွားပြီး ဝိပဿနာ ကမ္မဋ္ဌာန်းတရား အားထုတ်ကြတာပေါ့။ အိမ်မှာလည်း (၂)ယောက်တည်းကိုး။ ဒီတော့ အချိန်ရတိုင်း တရားအားထုတ်ဖြစ်ကြတယ်။ ဝင်လေထွက်လေ ရှုမှတ်ကြတယ်။ တရားအားထုတ်တယ်ဆိုတော့ စိတ်ကို တည်ငြိမ်အောင် ထားရတာပေါ့။ စိတ်ဆိုတာလည်း အခက်သားလား။ တည်ငြိမ်အောင် ကြိုးစားပါမှ စိတ်တွေက လွင့်လွင့်သွားတယ် သား။ ဘယ်နေရာကို လွင့်သွားသလဲ သိလား သား။ မင်းတို့ဆီကိုပေါ့။ လူတွေကတော့ ငါတို့ကို တရားအားထုတ်နေတဲ့ အဘိုးကြီး၊ အဘွားကြီးလို့ ထင်မှာပဲ။ ငါတို့က ဘုရားရှေ့မှာထိုင်ပြီး မင်းတို့ကို လွမ်းနေကြတာ။ တနင်္ဂနွေသားကြီး ကျန်းမာပါစေ။ ဗုဒ္ဓဟူးသမီး ကျန်းမာပါစေ။ ကြာသပတေးသားလေး ကျန်းမာပါစေ။ အဆင်ပြေပါစေဆိုပြီး မေတ္တာပို့သလိုနဲ့ သားတို့သမီးတို့ကို အချိန်တိုင်း လွမ်းနေကြတာပါ သားရယ်။ အခုတော့ အဖေ့အိမ်ဟာ 'ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းလေး' ဖြစ်ခဲ့ရပြန်တယ် သား။ သားတို့ သာဓုခေါ်ကြနော်။

■

ပြောရဦးမယ် သား။

အဖေက (၇၈)နှစ်၊ မင်းအမေက (၇၆)နှစ်။ မလွန်ဆန်နိုင်တဲ့ သင်္ခါရတရားအရ မင်းအမေနဲ့ငါ ဘယ်သူ အရင်သေမလဲ မသိဘူး။ တစ်ယောက်ယောက်ကတော့ အရင်သေမှာပဲ။ ငါတို့သေခဲ့ရင် အိပ်ခန်းထဲက မင်္ဂလာဦးခုတင်လေးကို ဧည့်ခန်းထဲမှာ နေရာချထား။ ပြီးရင် အဖေ့အလောင်း၊ အမေ့အလောင်းကို ပြင်ကြ။ အဝေးမှာနေတဲ့ သားတွေ သမီးတွေက ပြေးလာကြမယ်။ အလုပ်တွေများတဲ့ကြားက အဖေ အမေရဲ့ အသုဘကို လာပြီးပို့ကြမယ်။ ပြီးရင် ဒီအိမ်ရဲ့ ပိုင်ဆိုင်မှုတွေ၊ မြေဂရန်တွေ၊ မင်းအမေရဲ့ လက်ဝတ်ပစ္စည်းတွေကို မျက်စောင်းထိုးကြမယ်။ ပြီးတော့ ပူဆွေးကြမယ်။ ငိုကြွေးကြမယ်။ ဘုန်းကြီးတွေက သရဏဂုံ တင်ကြမယ်။ ပြီးရင် မော်တော်ကားတန်းကြီးနဲ့ မီးသင်္ဂြိုဟ်တဲ့စက်ဆီကို ပို့ကြမယ်။

မြန်မာ စာအုပ်များ



မီးသင့်ဂြိုဟ်ပြီးတာနဲ့ အလုပ်မအားလို့ဆိုပြီး ရက်မလည်ခင်မှာ ပြန်ကြဦးမယ်။ ငါ သိပါတယ်ကွာ။ ဘာပဲဖြစ်ဖြစ်လေ အဖေ့ရဲ့အိမ်ဟာ နောက်ဆုံးမှာတော့ 'အသုဘ'ဇရပ် ဖြစ်ဦးမှာနော်။

■

ဒီစကားလုံးများသည် ကျွန်တော့်ကို အဖေကပြောသောစကားများ ဖြစ်ပါသည်။ အဖေ့ကို နေ့တိုင်း မြင်နေရသည်။ အဖေ့ကို ကျွန်တော် မတွေ့ခဲ့ပါ။ အဖေ့စကားအသံကို နေ့တိုင်း ကြားနေရသည်။ ကျွန်တော် အဖေ့စကားသံကို မခံစားတတ်ခဲ့ပါ။ ကျွန်တော့်စိတ်ကို အဖေ ကြိုများသိနေပုံရပါသည်။

'မြင်းမိုရ်တောင်'သည် ပြိုတတ်ပါသည်။

'မြင်းမိုရ်တောင်'ပြိုလျှင် 'မြင်းမိုရ်တောင်ကြီး 'ပိ'တတ်ပါသည်။

'မြင်းမိုရ်'တောင်ပြို၍ 'မြင်းမိုရ်'တောင် 'ပိ'၍ ကျလာသော မျက်ရည်များကို ကျွန်တော် ဘယ်လို အဓိပ္ပာယ်ဖွင့်ရမည်နည်း။

'မြင်းမိုရ်ပြို၍ မြင်းမိုရ်ပိသူ'သည် ကျွန်တော်သာ ဖြစ်ပါတော့သည်။

■

ဦးဘုန်း၊စာတု၊မန္တလေး